# ကြေးမုံ

The Mirror Daily

Established in 1957

၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 13 January 2021 ၁၀၂၅၆


**လောကကို ထွန်းလင်းတောက်ပ**

**မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)**

လောကဝဂ်(ဓမ္မပဒ-၁၇၃)

# နိုင်ငံတော်အစိုးရအနေဖြင့် ကရင်ပြည်နယ်ကစ၍ ပြည်ထောင်စုတစ်ဝန်းလုံးတွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး၊ စစ်မှန်သည့်ဖွံ့ဖြိုးရေးတို့ ဖြစ်ထွန်းရရှိစေလို

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အတွက် ပေးပို့သော သဝဏ်လွှာ

(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်၊ ကရင်သက္ကရာဇ် ၂၇၆၀ ခုနှစ်၊ ပြာသိုလဆန်း (၁)ရက်နေ့သည် ကရင်တိုင်းရင်းသားအားလုံးတို့၏ အလေးအမြတ်ထား ဂုဏ်ယူတန်ဖိုးထားကြသည့် ကရင်အမျိုးသားနှစ်သစ်ကူးမင်္ဂလာ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ နှစ်သစ်အခါသမယတွင် ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကျန်းမာပျော်ရွှင်ကြပါစေကြောင်း နှုတ်ခွန်းဆက်သလိုက်ပါသည်။

ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသည့် COVID-19 ရောဂါကို မြန်မာနိုင်ငံတွင် အစိုးရ၊ ပြည်သူတို့ ပူးပေါင်းရင်ဆိုင်ခဲ့ကြရပါသည်။ ပြီးခဲ့သည့်နှစ်အတွင်း အိမ်နီးချင်းနိုင်ငံတွင် အလုပ်အကိုင်အမျိုးမျိုး လုပ်ကိုင်နေကြရသည့် ပြည်ပရောက်အလုပ်သမားများ COVID-19 ကပ်ရောဂါကြောင့် နေရပ်ပြန်ရချိန်တွင် ကရင်ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဖေးမကူညီပံ့ပိုးခဲ့ကြသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာအတိဟု ဆိုနိုင်ပါသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းချိန်တွင် ကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူးအချိန်ကာလတွင် နှစ်ဟောင်းကိုနောက်တွင် ချန်ထားခဲ့ပြီး နှစ်သစ်အတွက် စိတ်သစ်၊ လူသစ်၊ သန္နိဋ္ဌာန်အသစ်များဖြင့် လန်းဆန်းတက်ကြွနေကြမည်ဟုလည်း အခိုင်အမာ ယုံကြည်ပါသည်။

ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ငြိမ်းချမ်းရေးကို အတူတကွ တည်ဆောက်ရန်သာမက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကိုပါ ခိုင်ခိုင်မာမာ ကတိကဝတ်ပြုခဲ့ပြီးသည့်နောက် လက်နက်ကိုင်ပဋိပက္ခကြောင့် မှေးမှိန်ငုပ်လျှိုးခဲ့ရသည့် အခွင့်အလမ်းများလည်း အရှိန်အဟုန်နှင့် ပေါ်ထွက်လာခဲ့ပါသည်။ ကရင်ပြည်နယ်သည် နယ်စပ်ကုန်သွယ်ရေး၏ အချက်အချာဒေသတစ်ခု၊ မပျက်စီးသေးသည့် သဘာဝအလှတရားများနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ စတင်ဖွံ့ဖြိုးစရပ်ဝန်းတစ်ခု၊ အာဆီယံ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်တွင် တည်ရှိသည့် ပေါင်းကူးတစ်ခုဖြစ်သည့်အားလျော်စွာ နယ်ပယ်စုံ၊ ကဏ္ဍစုံမှ တိုးတက်မှုအလားအလာကောင်းများစုစည်းလျက်တည်ရှိနေပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိအား လက်ခံတွေ့ဆုံ


**နေပြည်တော် ဇန်နဝါရီ ၁၂**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိအား လက်ခံတွေ့ဆုံစဉ်။


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

ကြေးမုံ

# ဘေးအန္တရာယ်ကင်းရေး သတိမူအသုံးပြု

ယနေ့ကာလတွင် ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝ၊ စီးပွားရေးဘဝ အသုံးပြုမှုပုံစံများ ပြောင်းလဲလာသည်။ ပြည်သူများ၏ လူမှုပတ်ဝန်းကျင်တွင် ရှေးယခင်ကဲ့သို့ သမားရိုးကျပုံစံမဟုတ်တော့ဘဲ နေရာတကာတွင် လျှပ်စစ်မီး၊ လျှပ်စစ်ဓာတ်အားကို ပိုမိုသုံးစွဲလာကြသည်။ လျှပ်စစ်ဆိုင်ရာပစ္စည်းများသည် လူသားများအား အကျိုးပြုသလို ဘေးအန္တရာယ်ရှိသည်ကိုလည်း သတိပြုရမည်ဖြစ်သည်။

ယခုအခါ နွေဦးအကြို ဆောင်းအကုန်ကာလသို့ ရောက်ရှိတော့မည်ဖြစ်ရာ ထိုရာသီကာလတွင် မီးလောင်မှုဖြစ်စဉ်များ စတင်တွေ့ရှိလာသည်။ ယခုရက်ပိုင်းအတွင်း နိုင်ငံတစ်ဝန်းရှိ မြို့များ၌ မီးလောင်မှုဖြစ်ပွားခဲ့ရာဖြစ်စဉ်များအားလုံးမှာ နေအိမ်သုံး၊ လုပ်ငန်းသုံး လျှပ်စစ်ဓာတ်အား အပူလွန်ကဲမှု၊ လျှပ်စစ်ပိုင်းဆိုင်ရာရှော့ခ်ဖြစ်မှုများကြောင့် ဖြစ်ခဲ့ကြသည်။ လူနေမှုပုံစံသစ်အရ လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲရသည်မှာမှန်သော်လည်း သတိမမူပေါ့ဆမှုကြောင့် စည်းစိမ်ဥစ္စာနှင့်လူ့အသက်များ ထိခိုက်မှုမရှိစေရေး သတိပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးကို နှစ်စဉ်ဖြည့်ဆည်းပေးလျက်ရှိရာ ယခုနှစ်တွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုတစ်ဝက်မက လျှပ်စစ်ဓာတ်အားသုံးစွဲလာနိုင်ပြီဖြစ်သည်။ ယခုအခါ လူတစ်ဦးလျှင် လျှပ်စစ်ဓာတ်အား ၃၈၉ ယူနစ်အထိ ပိုမိုသုံးစွဲလာပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပိုမိုများပြားလာသည်နှင့်အမျှ လျှပ်စစ်မှဖြစ်ပေါ်လာသည့် မီးလောင်မှုကဲ့သို့ ဘေးအန္တရာယ်များ မကြာခဏ ကြုံတွေ့လာရသည်။

လျှပ်စစ်ဖြင့် လောကဖွံ့ဖြိုးမှုကို တည်ဆောက်နိုင်သည်ဆိုသော်လည်း လျှပ်စစ်ကြောင့် ဘေးအန္တရာယ်မဖြစ်စေရေးကိုလည်း သတိပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအားယူနေဆဲနိုင်ငံဖြစ်ပြီး လူမှုဘဝ ဖွံ့ဖြိုးရေးနှင့် အသိအမြင်ကြွယ်ဝရေးတို့၌ လိုအပ်ချက်များရှိနေသေးသည်။ ပြည်သူများ လျှပ်စစ်ကို အဓိကအားပြုရာ၌ ထုတ်လုပ်သူရော၊ သုံးစွဲသူပါ နှစ်ဦးနှစ်ဝ သတိပြုဆောင်ရွက်မှသာ ဘေးကင်းလုံခြုံစိတ်ချရမည်ဖြစ်သည်။ နိုင်ငံသားများ၏သဘာဝမှာ ဈေးသက်သာရေးကိုဦးစားပေး၍ အရည်အသွေးပိုင်းတွင် အားနည်းချက်ရှိမှုကြောင့် ဘေးအန္တရာယ်ဖြစ်စေသည်။

နိုင်ငံတော်အစိုးရက ပြည်သူများ လူမှုဘဝဖွံ့ဖြိုးရေးအတွက် လျှပ်စစ်ဓာတ်အားများကို တိုးမြှင့်ထုတ်လုပ်ပေးသည်နှင့်အမျှ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ အသုံးပြုမှုများ တိုးတက်များပြားလာသည်။ ထိုအခါ လူတို့မဆင်မခြင်အသုံးပြုမှု၊ လျှပ်စစ်ပစ္စည်းများ အရည်အသွေးမကောင်းမှုတို့ကြောင့် ဘေးအန္တရာယ်များနှင့်ကြုံတွေ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် အိမ်သုံးလျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့်ပတ်သက်၍ စားသုံးသူများ ဘေးအန္တရာယ်မဖြစ်စေဘဲ လုံခြုံစိတ်ချမှုရှိစေရန် စည်းမျဉ်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေသည်။ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများမှာ ပြည်တွင်း၌ ထုတ်လုပ်နိုင်စွမ်းနည်းပါးပြီး ပြည်ပမှအဓိက တင်သွင်းလျက်ရှိသဖြင့် သင့်လျော်မည့် ဘေးကင်းလုံခြုံစိတ်ချရေးစည်းမျဉ်းကို ပြဋ္ဌာန်းရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသတွင်း လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းများနှင့်ပတ်သက်၍ အပြန်အလှန်သဘောတူညီမှု လက်မှတ်ရေးထိုးထားသော်လည်း အကောင်အထည်ဖော်နိုင်ခြင်းမရှိပေ။ ကမ္ဘာ့နိုင်ငံများတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့်ပတ်သက်၍ ကြုံတွေ့လာရမည့် အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုတို့ကို ပြည်တွင်းသာမက ပြည်ပရှိစားသုံးသူပြည်သူများအတွက်ပါ အကာအကွယ်ပေးနိုင်မည့် စည်းမျဉ်းများ ပြဋ္ဌာန်းထားသည်။

ထို့ကြောင့် လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများကြောင့် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးစည်းမျဉ်းများ အမြန်ဆုံးပေါ်ပေါက်လာအောင် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည် ဖြစ်သည်။ ယင်းသည် ထုတ်လုပ်မှုအပိုင်း၏ တာဝန်ယူမှုဖြစ်ပြီး သုံးစွဲသူအပိုင်းအနေဖြင့်လည်း ဘေးအန္တရာယ်မဖြစ်စေရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါ ပြည်သူအများစုသည် လျှပ်စစ်ကိုသာ အဓိကအားထားအသုံးပြုနေကြပြီဖြစ်ရာ လူတိုင်းလူတိုင်း လျှပ်စစ်ကို သတိပြုသုံးစွဲခြင်းဖြင့် လျှပ်စစ်အားကိုလည်း ခြိုးခြံချွေတာ၊ အကုန်အကျလည်း သက်သာ၊ ဘေးအန္တရာယ်လည်း ကင်းဝေးမည်ဖြစ်သည်။

ယခုအခါ လူမှုဘဝများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မီးဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်သော ထုတ်ကုန်ပစ္စည်းများ တစ်ဖက်ကထုတ်လုပ်လာကြပြီဖြစ်သည်။ တစ်ဖက်တွင်လည်း မီးဘေးအန္တရာယ် ကင်းဝေးစေရန်၊ စားသုံးသူများ ဘေးအန္တရာယ်လုံခြုံစိတ်ချမှုရှိစေရန် စည်းမျဉ်းများရေးဆွဲနေပြီဖြစ်သည်။ အဓိကမှာ ပြည်သူများဖြစ်သည်။ လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းများ သုံးစွဲကြရာ၌ ဘေးအန္တရာယ်ကင်းပြီး လုံခြုံစိတ်ချမှုရှိသောပစ္စည်းများ ရွေးချယ်သုံးစွဲရေးနှင့် စည်းကမ်းစနစ်ကျ၍ အားလုံးသတိပြုသုံးစွဲကြပါက လူမှုဘဝတွင် ဘေးအန္တရာယ်ကင်းပြီး စိတ်ချမ်းသာစွာနေနိုင်မည်ဖြစ်ပါကြောင်း။ ။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ



**နေပြည်တော် ဇန်နဝါရီ ၁၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြန်လည် ထွက်ခွာသွားကြသည်။

တရုတ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **သတင်းစဉ်**

# တောင်ကြီးနှင့် ညောင်ရွှေမြို့တို့၌ ရေထွက်ကုန်ပစ္စည်းများ ဝယ်ယူဖြန့်ဖြူး

**တောင်ကြီး ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် သီဟအထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းက ပဲခူးတိုင်းဒေသကြီးထွက် ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ငါးပိ၊ ငါးခြောက်မျိုးစုံ အာပြဲခြောက်၊ ငါးပုတ်သင်ခြောက်၊ ငါးနီတူခြောက်နှင့် ညောင်ရွှေမြို့နယ် သမဝါယမဦးစီးဌာန၊ ညောင်ရွှေမြို့နယ် သမဝါယမအသင်းစုလီမိတက်နှင့် တိုးတက်စည်သာမွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းတို့ ပူးပေါင်းညှိနှိုင်း၍ ညောင်ရွှေမြို့နယ် အင်းလေးဒေသထွက် ရေထွက်ပစ္စည်းများဖြစ်သော တီလားဗီးယားငါး၊ ငါးလုံး၊ ငါးခုံးမ၊ ပုစွန် စုစုပေါင်း ပိဿာချိန် ၁၀၀ အား "အမြတ်မယူ၊ အရှုံးမရှိ" သမဝါယမမူအတိုင်း ဒေသပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးခြင်းအတွက် ငါးထုတ်လုပ်သူများ၏ လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများကို တစ်ဖက်တစ်လမ်းမှ ပြေလည်စေသည့်အပြင် စားသုံးသူပြည်သူများကလည်း ဈေးနှုန်းချိုသာစွာဖြင့် လတ်ဆတ်သောငါးများကို စားသုံးရသည့်အကျိုးကျေးဇူးများ ရရှိလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၂-၁-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၇၀၀ | ၉,၇၀၀ | ၁,၆၇၉ | ၁၆,၂၈၆,၃၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၂,၀၆၈ | ၇,၆၅၁,၆၀၀ |

| | | | | |
|---|---|---|---|---|
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၅၅၇ | ၁၂,၂၅၄,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၄၈ | ၁၃၂,၀၀၀ |
| EFR | ၃,၆၅၀ | ၃,၆၅၀ | ၂၁ | ၇၆,၆၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၁၂

ရန်ကုန်(ရွှေဈေး) ၁၃၂၈၀၀၀ မန္တလေး(ရွှေဈေး) ၁၃၂၈၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၄၀/၆၉၀ ကျပ် | ၆၉၀/၇၀၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၇၅ ကျပ် | ၆၇၅/၆၈၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၂၀/၇၅၀ ကျပ် | ၇၉၅/၈၁၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၀၅/၆၃၅ ကျပ် | ၆၇၀/၆၇၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၈၀/၅၈၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၉၀/၅၉၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၅၇၅/၅၈၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၂.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၂၁.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၆.၁၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၂၀၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၈.၁၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၁၆၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၉.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၂.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၇၉.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁.၂၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဦးဝေမင်းသူနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

☆ ရှေ့ဖုံးမှ

နယ်စပ်ဒေသဖြစ်သည်နှင့်အညီ ဒေသတွင်း သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများ၏ လူမှု-စီးပွားကို မထိခိုက်စေဘဲ တိုးတက်မှုများကို စနစ်တကျ ဖော်ဆောင်နိုင်ရန် အထူးအရေးကြီးလှပါသည်။ စီးပွားရေးအခွင့်အလမ်းများနှင့် ဒေသဖွံ့ဖြိုးရေးကို ဖော်ဆောင်ရာတွင် ရေရှည်တည်တံ့မှု၊ စနစ်တကျရှိမှု၊ ဒေသနှင့် ဒေသခံပြည်သူများအတွက် စစ်မှန်သည့် တိုးတက်မှု စသည်တို့ ဖြစ်ရန်လည်း အထူးလိုအပ်လှပါသည်။ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့်အတူ ဒွန်တွဲလျက် ပြည်ထောင်စုအတွင်း တရားဥပဒေစိုးမိုးမှု၊ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အလေးထားဖော်ဆောင်သွားနိုင်ရန်မှာ ကရင်ပြည်နယ်သူ၊ ပြည်နယ်သားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအပေါ်တွင် အထူးပင်တည်မှီနေပါသည်။

နောင်လာမည့် (၁၀)နှစ်၊ သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်တွင် မိမိတို့ ကရင်ပြည်နယ်ကြီးကို မည်သည့်အနေအထားမျိုး၊ မည်သည့်အဆင့်အတန်းမျိုး ဖြစ်နေသည်ကို မြင်ချင်ကြပါသနည်း။ အဆိုပါ မေးခွန်းကို ယနေ့လက်ရှိ ကရင်ပြည်နယ်ရှိ တာဝန်ရှိသူများ၊ အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၏ အမြော်အမြင်နှင့် စိတ်ပိုင်းဖြတ်ချက်တို့က အဖြေပေးသွားမည်ဖြစ်ပါသည်။ ယခုလာမည့်နှစ်သစ်မှစတင်၍ ဆယ်စုနှစ် တစ်ခုစာအတွင်း လက်ရှိတာဝန်ရှိသူ ခေါင်းဆောင်များ၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် မိမိတို့၏ မျိုးဆက်သစ်လူငယ်များအပေါ် ထားရှိသော စေတနာ၊ မေတ္တာနှင့် မျှော်မှန်းချက်တို့ ဖြစ်ပြီး ဤသည်ကို လာမည့် သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်တွင် ထင်ထင်ရှားရှားတွေ့မြင်လာကြရမည်သာ ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကရင်ပြည်နယ်ကစ၍ ပြည်ထောင်စုတစ်ဝန်းလုံးတွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး၊ စစ်မှန်သည့်ဖွံ့ဖြိုးရေးတို့ ဖြစ်ထွန်းရရှိစေလိုပါသည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော မျိုးဆက်သစ်များ၊ မိမိခြေထောက်ပေါ် မိမိတို့ ခိုင်ခိုင်မာမာရပ်တည်ပြီး နည်းပညာလူ့အဖွဲ့အစည်းတွင် တန်းတူရည်တူ ရပ်တည်နိုင်သည့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လူငယ်များ၏ အင်အားဖြင့် နိုင်ငံတည်ဆောက်ရေးကို ဆက်လက်ဆင့်ကမ်းဆောင်ရွက်သွားစေလိုပါသည်။ သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်တွင် ကရင်ပြည်နယ်ကို ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိပြီး ခရီးသွားလုပ်ငန်းဗဟိုချက်တစ်ခု၊ ခေတ်မီနယ်စပ်ကုန်သွယ်ရေးဇုန်ကြီးတစ်ခု၊ အထူးစိုက်ပျိုးရေးဇုန်၊ အထူးစက်မှုဇုန်ကြီးများနှင့် အထူးစီးပွားရေးဇုန်ကြီးများ ဖြစ်ထွန်းပေါ်ပေါက်လျက်ရှိပြီး ယင်းပြည်နယ်ကို နည်းပညာအခြေခံ ကရင်လူ့အဖွဲ့အစည်းက မိမိတို့၏ ကျွမ်းကျင်မှုဖြင့် ညီညီညွတ်ညွတ် တည်ဆောက်နေကြသည်ကို မြင်လို၊ တွေ့လို၊ လက်တွေ့ဖြစ်ပေါ်လာစေလိုပါသည်။

မိမိတို့ပြည်နယ်အတွက် ပညာနှင့်ယှဉ်တွဲသော သတ္တိရှိခြင်း၊ မိမိတို့ မျိုးဆက်သစ်များအတွက် မေတ္တာနှင့်ယှဉ်တွဲသော ရဲရင့်ခြင်းသည် မွန်မြတ်သော စိတ်ဓာတ်၊ ထားအပ်သည့် ခံယူချက်၊ မြင့်မြတ်သည့် တာဝန်များဖြစ်သည်ဟု ရှုမြင်လျက် ပိုမိုငြိမ်းချမ်း၊ ပိုမိုတိုးတက်၊ ပိုမိုကောင်းမွန်သော နှစ်သစ်ကို လက်တွဲပူးပေါင်းဖော်ဆောင်ကြရန်လည်း အလေးအနက် ဖိတ်ခေါ်လိုပါသည်။

ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် ယနေ့ကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့မှအစပြု၍ ပြည်ထောင်စုငြိမ်းချမ်းရေးကို စံနမူနာကောင်းများဖြင့် ဆက်လက်ဖော်ဆောင်ပေးနိုင်ကြပါစေ၊ ကရင်တိုင်းရင်းသားများ၏ မေတ္တာတရား ပေါင်းစည်းညီညွတ်မှုစွမ်းအားဖြင့် ကရင်ပြည်နယ်ကြီး အရှိန်အဟုန်နှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြပါစေ၊ ကရင်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေ၊ နှစ်သစ်ကူးကာလတွင် ပျော်ပျော်ရွှင်ရွှင် ငြိမ်းငြိမ်းချမ်းချမ်း နှလုံးစိတ်ဝမ်းအေးချမ်းစွာဖြင့် ကောင်းကျိုးမင်္ဂလာအဖြာဖြာခံစားနိုင်ကြပါစေ၊ COVID-19 ကပ်ရောဂါအပါအဝင် ဘေးရန်အပေါင်းမှ ကင်းဝေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလျက် နွေးထွေးသော မေတ္တာဖြင့် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

☆ နယ်စပ်ဒေသဖြစ်သည်နှင့်အညီ ဒေသတွင်း သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများ၏ လူမှု-စီးပွားကို မထိခိုက်စေဘဲ တိုးတက်မှုများကို စနစ်တကျဖော်ဆောင်နိုင်ရန် အထူးအရေးကြီး

☆ စီးပွားရေးအခွင့်အလမ်းများနှင့် ဒေသဖွံ့ဖြိုးရေးကို ဖော်ဆောင်ရာတွင် ရေရှည်တည်တံ့မှု၊ စနစ်တကျရှိမှု၊ ဒေသနှင့် ဒေသခံပြည်သူများအတွက် စစ်မှန်သည့်တိုးတက်မှု စသည်တို့ဖြစ်ရန်လည်း အထူးလိုအပ်

☆ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့်အတူ ဒွန်တွဲလျက် ပြည်ထောင်စုအတွင်း တရားဥပဒေစိုးမိုးမှု၊ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အလေးထားဖော်ဆောင်သွားနိုင်ရန်မှာ ကရင်ပြည်နယ်သူ ပြည်နယ်သားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအပေါ်တွင် အထူးပင် တည်မှီနေ

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ(IDPs)အတွက် ထောက်ပံ့လှူဒါန်းငွေ ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ (IDPs)အတွက် ထောက်ပံ့လှူဒါန်းငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ရုံးအမှတ်(၄၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**အထိရောက်ဆုံးဖြစ်မည်**

အခမ်းအနားတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ရခိုင်ပြည်နယ်တွင် ရှိနေသည့် အိမ်ထောင်စု ၁၅၀၀၀ ကျော်အတွက် ဆောင်းတွင်းကာလတွင် အမှန်တကယ် လိုအပ်သည့်နေရာများ၏စာရင်းကိုတောင်းခံ၍ စောင်များကို လှူဒါန်းရန်စီစဉ်ရခြင်း ဖြစ်ပါကြောင်း၊ ယင်းသို့ လှူဒါန်းသည့်အခါတွင် မည်သို့လှူဒါန်းပါက အထိရောက်ဆုံးဖြစ်မည်နှင့် အောက်ခြေအထိ သက်ဆိုင်ရာပုဂ္ဂိုလ်များ လက်ထဲအထိရောက်အောင် အကောင်းဆုံး မည်သို့ လှူဒါန်း၍ရမည်ကို စဉ်းစားသည့်အခါတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဆင့် လှူဒါန်းခြင်းသည် အထိရောက်ဆုံးဖြစ်မည်ဟု ယူဆ၍ ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ပါကြောင်း။

တစ်နည်းအားဖြင့်ဆိုရပါက ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသူများအားလုံးနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် တတ်နိုင်သည့် နေရာမှ ပံ့ပိုးကူညီချင်သည့်ဆန္ဒကို ထုတ်ဖော်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့သိရှိရသည်မှာ ယခုအချိန်တွင် ဆောင်းရာသီ၏ အအေးဒဏ်ကို ကာကွယ်ရန် အနွေးထည်များနှင့်စောင်များ လိုအပ်သည်ဟု ပြောသည့်အတွက် လှူဒါန်းရခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ မိမိတို့၏ လှူဒါန်းငွေကို ထိထိရောက်ရောက် ဖြန့်ဖြူးပေးမည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပုဂ္ဂိုလ်များအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ယခုကဲ့သို့ ရခိုင်ပြည်နယ်အတွင်းတွင်ရှိသည့် ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောဒေသများမှ ရခိုင် Community နှင့် မွတ်ဆလင် Community IDP စခန်းများတွင်ရှိသည့် အသိုက်အဝန်းနှစ်ခုစလုံးမှ မိသားစုပေါင်း ၁၅၈၁၂ စုအတွက် ထောက်ပံ့လှူဒါန်းငွေကျပ် စုစုပေါင်း ၆၀၀၈၅၆၀၀ ကို ဆောင်းရာသီဖြစ်သည့်အတွက် လိုအပ်နေသည့် ခြုံစောင်များဝယ်ယူပြီး ထောက်ပံ့ပေးသွားမည့် အစီအစဉ်တွင် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန လက်အောက်တွင်ရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ဆက်လက်ဖြစ်မြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ရခိုင်ပြည်နယ်အတွင်းတွင်ရှိသည့် လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး (Social Cohesion) လုပ်ငန်းစဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေရှည်တည်တံ့သော တည်ငြိမ်အေးချမ်းရေးကို ရရှိစေရန်နှင့် မတူကွဲပြားသော အသိုက်အဝန်းများကြား ငြိမ်းချမ်းစွာအတူတကွ ယှဉ်တွဲနေထိုင်နိုင်စေရန်ရည်ရွယ်၍ မောင်တောမြို့နယ်ကို လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေးစံပြမြို့နယ် စီမံကိန်းအဖြစ် ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အမျိုးသားသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (Center for Diversity and National Harmony-CDNH) တို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ လုပ်ငန်းငါးရပ်ကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အကောင်းဆုံးကြိုးပမ်းဆောင်ရွက်**

ယခုကဲ့သို့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ရခိုင်ပြည်နယ်တွင် ရှိသည့် IDP စခန်းများနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်ရှိသည့် IDP စခန်းများအတွက် လိုအပ်နေသည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အနေဖြင့် တတ်နိုင်သမျှ အကောင်းဆုံးကြိုးပမ်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ယခုကဲ့သို့ ထောက်ပံ့လှူဒါန်းပေးမှုအတွက် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ(IDPs) အတွက် ထောက်ပံ့လှူဒါန်းငွေကျပ် ၆၀၀၈၅၆၀၀ ကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက လက်ခံရယူသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်တင်နှင့် ဦးမင်းလွင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရားများပြုပြင်ထိန်းသိမ်းဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၂**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် သာသနာရေးဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရားပုထိုးများ၊ ရှေးဟောင်းသာသနိက အဆောက်အအုံများဖြစ်သော မင်္ဂလာစေတီ၊ လောကဥသျှောင်ဘုရား၊ လောကထိပ်ပန်ဘုရား၊ ထီးလိုမင်းလိုဘုရား၊ ဘုရားသုံးဆူဘုရား၊ စူဠာမဏိဘုရား၊ နရသီဟပတေ့ဘုရား၊ သမ္ဗုလဘုရား အပါအဝင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားများပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားမှုများနှင့် လုပ်ငန်းပြီးစီးမှုကို လှည့်လည်စစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

## ပြုပြင်ပြီးစီး

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ စေတီပုထိုးများအနက် ၃၈၉ ဆူ ထိခိုက်ပျက်စီးခဲ့သည်။ အဆိုပါ ထိခိုက်ပျက်စီးခဲ့သည့် စေတီပုထိုးများကို လေးနှစ်စီမံကိန်းဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၃၇၅ ဆူနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၇)က ၁၄ ဆူ ပြုပြင်ထိန်းသိမ်းမှုဆောင်ရွက်ခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲရေးဌာနက ကိုးနှစ်ကြာ ပြုပြင်ထိန်းသိမ်းလျက်ရှိသည့် ရှေးရှည်ကြံ့ခိုင်ရေးလုပ်ငန်းဆောင်ရွက်ရမည့် သဗ္ဗညုဘုရားတစ်ဆူသာကျန်ရှိပြီး ကျန် ၃၈၈ ဆူလုံး ရာနှုန်းပြည့် ပြုပြင်ပြီးစီးသွားပြီဖြစ်သည်။ ထို့အပြင် ထပ်မံကွင်းဆင်းတွေ့ရှိချက်အရ ပြုပြင်ထိန်းသိမ်းရန်လိုအပ်သည့် ရှေးဟောင်းဘုရားစေတီပုထိုး ၁၁၀ ဆူကိုပါ တစ်ပါတည်း ပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်နိုင်ခဲ့သဖြင့် လေးနှစ်စီမံကိန်းကာလအတွင်း စုစုပေါင်းစေတီပုထိုး ၄၉၈ ဆူ ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နိုင်ခဲ့သည်။

လက်ရှိအစိုးရ တာဝန်ယူပြီးကာလဖြစ်သည့် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက် ချောက်မြို့၏ အနောက်ဘက် ၁၀ မိုင်ခန့်အကွာကို ဗဟိုပြု၍ ရစ်ချ်စကေး ၆ ဒသမ ၈ ရှိသော ငလျင်လှုပ်ခတ်မှုကြောင့် ပုဂံညောင်ဦးဒေသရှိ ရှေးဟောင်းဘုရားစေတီ ၃၈၉ ဆူ၊ ကျောက်ပန်းတောင်းမြို့နယ် ရေဆုံးရွာရှိ ဘုရားစေတီ ၉၃ ဆူ၊ ရခိုင်ပြည်နယ် မြောက်ဦးဒေသရှိ စေတီပုထိုးနှင့် ရှေးဟောင်းအဆောက်အအုံ ခြောက်ဆူအပါအဝင် အနယ်နယ်အရပ်ရပ်မှ ရှေးဟောင်းအဆောက်အအုံ ၆၀၀ ကျော် ထိခိုက်ပျက်စီးမှုရှိခဲ့သည်။ ပုဂံရှိ စေတီပုထိုးများ ပျက်စီးခဲ့မှုအတွက် ပြည်သူလူထုနှင့် အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများက အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၆၇၉၉ ဒသမ ၁၁၀ သန်းနှင့် နိုင်ငံခြားငွေမျိုးစုံ ၁၀ မျိုး၊ အမေရိကန် ဒေါ်လာ ၁ ဒသမ ၁ သန်းကျော်ရရှိခဲ့သည်။ ထို့အပြင် အသေးစားထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီ ၂၂၄ ဆူကို မူလအလှူရှင်များက ဆွေစဉ်မျိုးဆက် ဆက်လက်ပြုပြင်လှူဒါန်းခဲ့ကြသည်။

ဝန်ကြီးဌာနအနေဖြင့် ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများကို ယခုအစိုးရ၏ ပထမသက်တမ်းကာလအတွင်း၌ပင် ရာနှုန်းပြည့်အားလုံးပြီးစီးအောင် ပြုပြင်ပြီးစီးခဲ့ပြီဖြစ်သဖြင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိရှေးဟောင်းဘုရား စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခု ကိုဗစ်-၁၉ ဖြစ်ပွားနေသောကာလအတွင်းတွင် ပုဂံဒေသသို့ ကွင်းဆင်းသွားရောက်စစ်ဆေးပြီး လေးနှစ်စီမံကိန်းဖြင့် ငလျင်ဒဏ်ခံစေတီပုထိုးများပြုပြင်ဆောင်ရွက်မှုလုပ်ငန်းကို အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဆိုသူများ၏အမှတ်စာရင်းကို Website တွင် အခမဲ့ကြည့်ရှုနိုင်မည့် အစီအစဉ် အသိပေးကြေညာခြင်း

COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေဆိုသူများ၏ အမှတ်စာရင်းကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်နေ့ နံနက် (၆:၀၀) နာရီမှစတင်၍ Website တွင် အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်းအား အသိပေးကြေညာအပ်ပါသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် https://mmexamscore.org တွင် ဝင်ရောက်ပြီး မိမိ၏ခုံအမှတ်နှင့် မွေးသက္ကရာဇ် (ရက်၊ လ၊ ခုနှစ်) တို့ကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ မိမိတို့၏ အမှတ်စာရင်းများကို ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ ရုံးများသို့ လာရောက်လျှောက်ထားခြင်းမပြုရန် မေတ္တာရပ်ခံပါကြောင်းနှင့် အမှတ်စာရင်းထုတ်ပေးမည် မဟုတ်ပါကြောင်း၊ COVID -19 ကာကွယ်ထိန်းချုပ်တားဆီးနိုင်မှု အခြေအနေအရ အမှတ်စာရင်းများကို ထုတ်ပေးမည့် အစီအစဉ်အား ကြိုတင်အသိပေးမည်ဖြစ်ပါသည်။

အမှတ်စာရင်းကြည့်ရှုနည်း လမ်းညွှန်ရုပ်သံဖိုင်ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ Website နှင့် Facebook Page ဖြစ်သော https://mmexamscore.org နှင့် https://www.facebook.com/exams.mm တို့တွင် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက်နေ့မှစ၍ ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

# နမ့်စန်မြို့နယ် သမဝါယမအသင်းစုက ဒေသထွက်မွေးမြူရေးငါးများ ဖြန့်ဖြူးရောင်းချ

**နေပြည်တော် ဇန်နဝါရီ ၁၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုအခက်အခဲများကို သမဝါယမကဏ္ဍမှ တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် သမဝါယမဦးစီးဌာန မြို့နယ်သမဝါယမအသင်းစုနှင့် စိမ်းလန်းလယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းတို့ပူးပေါင်း၍ ဒေသငါးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် ငါးကြင်းဖြူများအား တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် "အမြတ်မယူ၊ အရှုံးမရှိ"ဟူသော သမဝါယမမူအတိုင်း အခြေခံသမဝါယမအသင်းများမှ အသင်းသားအသင်း သူများထံသို့ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေး-ကျောက်ဖြူ ရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်း ဖြစ်မြောက်နိုင်ခြေ လေ့လာမှုဆောင်ရွက်ရန် မြန်မာ့မီးရထားနှင့် China Railway Eryuan Engineering Group Co.,Ltd.(CREEC) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇန်နဝါရီ ၁၂**
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားနှင့် China Railway Eryuan Engineering Group Co.,Ltd. (CREEC) တို့အကြား မန္တလေး-ကျောက်ဖြူရထားလမ်းသစ်ဖောက်လုပ်ရေး စီမံကိန်းဖြစ်မြောက်နိုင်ခြေလေ့လာမှု (Feasibility Study) ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်၊ မြန်မာ့မီးရထား ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် တာဝန်ရှိသူများ၊ CREEC မှ Chief Representative of CREC Myanmar, Mr. Wang Guoliang နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မူဆယ်-မန္တလေး-ကျောက်ဖြူ ရထားလမ်းစီမံကိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ One Belt- One Road အစီအစဉ်အရဖြစ်ပေါ်လာသည့် China-Myanmar Economic Corridor တရုတ်-မြန်မာစီးပွားရေးစင်္ကြံ၏ စီမံကိန်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ ယခုကဲ့သို့ ငွေကြေးကုန်ကျမှုများစွာ ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းတစ်ခုအပေါ် စီမံကိန်း၏ ဖြစ်နိုင်စွမ်းအခြေအနေများကိုလည်း သတိကြီးစွာ အသေးစိတ်လေ့လာမှုပြုလုပ်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းများကိုပါ တစ်ပါတည်း အသေးစိတ်လေ့လာရမည်လည်း ဖြစ်ပါကြောင်း။

ယခု မန္တလေး-ကျောက်ဖြူ ရထားလမ်းစီမံကိန်းဖြစ်မြောက်နိုင်ရေးလေ့လာမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရခြင်းဖြစ်ပါကြောင်း၊ မန္တလေး-မူဆယ် ရထားလမ်းဖြစ်မြောက်နိုင်စွမ်းအခြေအနေများ လေ့လာပြီးစီးခဲ့မှုနှင့်ပတ်သက်၍ တစ်ဆက်တစ်စပ်တည်း သုံးသပ်မှုများ ပြုလုပ်နိုင်ရန် ဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း၊ အဆိုပါ ရထားလမ်းစီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး စိတ်ဓာတ်နှင့်အညီ ညီအစ်ကိုမောင်ရင်းစိတ်ဓာတ်ဖြင့် နှစ်ဦးနှစ်ဖက် ယုံကြည်မှု၊ သစ္စာရှိမှု၊ ချစ်ခင်ရင်းနှီးမှု၊ နှစ်ဦးနှစ်ဖက်၏ အကျိုးရှိမှု၊ နှစ်ဦးနှစ်ဖက် အပြန်အလှန်နားလည်မှုများဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်သည်လည်း သမိုင်းဝင်ခရီးစဉ် ဖြစ်ခဲ့ပါကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို ပြန်ကြည့်မည်ဆိုပါက သမ္မတရှီကျင့်ဖျင်၏ မြန်မာနိုင်ငံ ခရီးစဉ်ရလဒ်များကို တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၁ ခုနှစ်သည် တရုတ်နိုင်ငံ၏ (၁၄) ကြိမ်မြောက် (၅)နှစ်စီမံကိန်းဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ Dali မှ ရွှေလီ (Ruili) ထိ ရထားလမ်းသည် ၂၀၂၃ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးပါက စတင်ပြေးဆွဲနိုင်မည်ဖြစ်၍ တရုတ်-မြန်မာ ရထားလမ်းချိတ်ဆက်ပြီးပါက မြန်မာနိုင်ငံအနေဖြင့် လူဦးရေ ၁ ဒသမ ၄ ဘီလီယံ ဈေးကွက်ကို ဝင်ရောက်နိုင်မည်ဖြစ်ပါကြောင်း၊ ကျယ်ပြန့်သည့်အာရှနှင့် ဥရောပဒေသကို ပိုမိုနီးကပ်စွာချိတ်ဆက်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုဘဝကိုလည်း တိုးတက်ရရှိစေမည်ဖြစ်ပါကြောင်း၊ ယခုလိုစီမံကိန်း ဖြစ်မြောက်နိုင်ခြေ လေ့လာဆောင်ရွက်မည့် တရုတ်နိုင်ငံမှ CREEC ကုမ္ပဏီသည် ကမ္ဘာ့အကြီးဆုံးကုမ္ပဏီ ၅၀၀ စာရင်းတွင်ပါဝင်သော China Railway Group Co.,Ltd.(CRGC)၏ အဓိကနည်းပညာကုမ္ပဏီဖြစ်ပါကြောင်း၊ CREEC ကုမ္ပဏီက ကြိုးပမ်းမှုနှင့်အတူ မန္တလေး-ကျောက်ဖြူရထားလမ်း ဖြစ်မြောက်နိုင်ခြေလေ့လာမှုလုပ်ငန်းများ ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ နှစ်ဦးနှစ်ဖက် အတူတကွကြိုးစား၍ ဖြစ်မြောက်နိုင်ခြေလေ့လာမှုအပေါ် အခြေခံကာ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို အကောင်အထည် ဖော်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာ့မီးရထား ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့် CREEC မှ Chief Representative of CREC Myanmar တို့က ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့ရှေ့မှောက်၌ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာသက်တမ်းအား နှစ်နှစ်သတ်မှတ်ထားရှိပြီး စီမံကိန်းလေ့လာမှု အစီရင်ခံစာအား ၁၈ လအတွင်း ပြန်လည်တင်ပြရမည်ဖြစ်ကာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၊ လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုဆန်းစစ်ခြင်းတို့ကိုပါ တစ်ပါတည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✱ ကျောဖုံးမှ

ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

"၄၀၂။ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည်-

(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊

(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများနှင့် ပြင်ဆင်မှုများ၊

(ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရဆောင်ရွက်သောကိစ္စရပ်များ။"

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၁ တွင်လည်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

"၁၁။ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်-

(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊

(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့်စပ်လျဉ်းသည့် အယူခံမှုများနှင့် ပြင်ဆင်မှုများ၊


(ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရဆောင်ရွက်သောကိစ္စရပ်များ။"

ထို့အပြင် လက်ရှိအချိန်တွင် နိုင်ငံအတွင်း Covid-19 ကမ္ဘာ့ကူးစက်ရောဂါ ပျံ့နှံ့ဖြစ်ပွားနေဆဲဖြစ်ပြီး လွှတ်တော်များ၏ ဒုတိယသက်တမ်းကာလ ရက် ၂၀ ခန့်သာ ကျန်ရှိပါသည်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေများအရ အထူးအစည်းအဝေးကို အနည်းဆုံး ၁၅ ရက် ကြိုတင်ဖိတ်ကြားရမည်ဖြစ်၍ အစည်းအဝေးပြုလုပ်ရန် ၃ ရက်ခန့်သာ ရှိနိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဖြစ်မနေကျင်းပရန် လိုအပ်သည့် တတိယအကြိမ် လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးများကိုလည်း ၁-၂-၂၀၂၁ ရက်တွင် စတင်ကျင်းပပြုလုပ်ရန် သက်ဆိုင်ရာဥပဒေများနှင့်အညီ ၆-၁-၂၀၂၁ ရက်တွင် ခေါ်ယူဖိတ်ကြားထားပြီးဖြစ်ပါသည်။

အထူးအစည်းအဝေးခေါ်ယူကျင်းပပေးရန် တင်ပြတောင်းဆိုစာပါ အကြောင်းပြချက်များမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၁ ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ အတည်ပြုချက်ရယူရမည့်ကိစ္စရပ်မဟုတ်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၂ နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၁ တို့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ စုပေါင်းတိုင်ပင် အဖြေရှာဆုံးဖြတ်ရမည့်ကိစ္စမဟုတ်ခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်သို့ တိုင်ကြားကန့်ကွက်ခြင်းများအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များဖြစ်ခြင်းတို့ကြောင့် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ခေါ်ယူကျင်းပပေးရန် မလိုအပ်ပါကြောင်း ပြန်ကြားအပ်ပါသည်။"

၂။ သို့ပါ၍ အထူးအစည်းအဝေးခေါ်ယူကျင်းပရန် မရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ်အစည်းအဝေး ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ၏ ဆဋ္ဌမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။

**(၆)ကြိမ်မြောက်**

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာ့ကမ်းရိုးတန်းသယံဇာတများ ရေရှည်တည်တံ့စေရန်နှင့် ကမ်းရိုးတန်းဒေသများတွင်ဖြစ်ပေါ်နေသည့် ဒီရေတောနှင့် ကမ်းရိုးတန်း သယံဇာတထုတ်ယူသုံးစွဲမှုပြဿနာ၊ ပဋိပက္ခများကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံအဆင့်/ဗဟိုအဆင့်မှ တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်အဆင့်အထိ ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအချိန်အထိ ဗဟိုကော်မတီအစည်းအဝေးကို (၇)ကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်ပေါင်း(၅၄)ချက် ချမှတ်ကာ ကမ်းရိုးတန်းဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာနယ်မြေဒေသများနှင့် အခန်းကဏ္ဍအသီးသီး၏ ပူးပေါင်းပါဝင်ဆုံးဖြတ်ဆောင်ရွက်မှုများကို မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်း၊ ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်ဆောင်နိုင်ရန် လုပ်ငန်းကော်မတီ အစည်းအဝေးများ ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၆)ကြိမ်မြောက် ဖြစ်ပါကြောင်း။

**ဦးတည်ဆွေးနွေးခဲ့**

မြန်မာ့ကမ်းရိုးတန်းသယံဇာတ တည်ရှိမှုအခြေအနေများ၊ လူမှုစီးပွားရေးနှင့် နိုင်ငံ့စီးပွားရေးအပေါ် အထောက်အပံ့ပြုမှု အခြေအနေများနှင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတများ ရေရှည်တည်တံ့ရေးအတွက် ကျင်းပပြီးစီးခဲ့သည့် လုပ်ငန်းကော်မတီအစည်းအဝေး (၅) ကြိမ်တွင် ကမ်းရိုးတန်းသယံဇာတများ ဘက်စုံပူးပေါင်းစီမံအုပ်ချုပ်ခြင်း "Integrated Coastal Management(ICM)" အစီအမံများ ဖွံ့ဖြိုးရေးကို တစိုက်မတ်မတ် ဦးတည်ဆွေးနွေးခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံတွင် ICM စနစ်ကို ချမှတ်ကျင့်သုံးနိုင်ရေးအတွက် ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်ကြီး (၁၀)ရပ်အနက် တာဝန်တစ်ရပ်အနေဖြင့် အစီအမံများ ချမှတ်ဆောင်ရွက်နေသည်ကို ကော်မတီဝင်များအားလုံး သိရှိပြီးဖြစ်ပါကြောင်း၊ Integrated Coastal Management Programme (မူကြမ်း)ကို လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး မဏ္ဍိုင်ကြီး (၃)ရပ်လုံး ဟန်ချက်ညီညီ စီမံအုပ်ချုပ်ရန်နှင့် ဒေသစုံ၊ ကဏ္ဍစုံ၊ ဌာနစုံ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ပြီး ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် သစ်တောဦးစီးဌာနမှ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အနေဖြင့် ကမ်းရိုးတန်းဒေသရှိ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများ၊ ခရိုင်ကော်မတီများ၊ နည်းပညာအကြံပေးကော်မတီဝင်များနှင့် ဒေသအဖွဲ့အစည်းများ၏ အကြံဉာဏ်များရယူကာ IUCN အဖွဲ့၏ အကူအညီဖြင့် ရေးဆွဲလျက်ရှိပါကြောင်း၊ ICM ၏ အခြေခံကျသည့် လုပ်ငန်းတစ်ရပ်အနေဖြင့် မြန်မာ့ကမ်းရိုးတန်းဒေသ နယ်နိမိတ်သတ်မှတ်နိုင်ရေးအတွက် ICM ဇုန်နယ်မြေ (မူကြမ်း)ကို ရေးဆွဲဖော်ထုတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ICM အစီအမံများ ရေးဆွဲရာတွင် ကမ်းရိုးတန်းဒေသတွင်ရှိသည့် ဂေဟစနစ်များ၊ သယံဇာတများနှင့် အဏ္ဏဝါဒေသရှိ ဂေဟစနစ်များနှင့် သယံဇာတများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းအသုံးချနိုင်ရန် ဦးတည်ချက်ထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကမ်းရိုးတန်းဂေဟစနစ်များ၊ သယံဇာတများ ပျက်စီးဆုံးရှုံးမှုနှင့် ထိန်းသိမ်းကာကွယ်ရန် လိုအပ်ချက်များသည် ထင်သာမြင်သာရှိသော်လည်း အဏ္ဏဝါဒေသရှိ ဂေဟစနစ်များနှင့် သယံဇာတများ ပျက်စီးဆုံးရှုံးနေမှုအပေါ် အထူးဂရုစိုက်ပြီး ထိန်းသိမ်းရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အဏ္ဏဝါ ညစ်ညမ်းမှု အခြေအနေများသည် အဓိကအားဖြင့် ကုန်းတွင်းပိုင်းမှ စွန့်ပစ်ပစ္စည်းများဖြစ်သည့် မိလ္လာစွန့်ပစ်မှုများ၊ စိုက်ပျိုးရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများမှ ဓာတုစွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် ညစ်ညမ်းနေရကြောင်းကို နော်ဝေနိုင်ငံရေးသုတေသနအဖွဲ့ (NIVA)၏ ၂၀၁၁ ခုနှစ် အစီရင်ခံစာက ဖော်ပြထားရှိပြီး ကမ်းရိုးတန်းဒေသ အမှိုက်နှင့်အညစ်အကြေး စွန့်ပစ်စနစ်များကို ထိထိရောက်ရောက် စီမံအုပ်ချုပ်နိုင်ပါက မြန်မာ့အဏ္ဏဝါညစ်ညမ်းမှုကို အထိုက်အလျောက် လျှော့ချနိုင်ခြေရှိကြောင်းကို ဖော်ပြထားပါကြောင်း။

**ပွင့်ပွင့်လင်းလင်းဆွေးနွေး**

မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးရေး ရည်မှန်းချက် ပန်းတိုင်များနှင့် လိုက်လျောညီထွေဖြစ်စေသည့် နိုင်ငံ့ကမ်းရိုးတန်းသယံဇာတများ ဘက်စုံစီမံအုပ်ချုပ်ခြင်း အစီအမံများ ဖွံ့ဖြိုးစေရေးအတွက် ရေရှည်မျှော်မှန်းချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိသကဲ့သို့ ယခုကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်တည်ထောင်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကမ်းရိုးတန်းဒေသများ၌ ထိရောက်သည့် စီမံချက်များ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကျန်ရှိနေသေးသည့် ဆောင်ရွက်ဆဲကိစ္စရပ်များကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန်နှင့် ယနေ့အစည်းအဝေးတွင် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် ရှေ့ဆက်ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ကော်မတီဝင်များအားလုံး ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**တင်ပြဆွေးနွေးသွားမည်**

ယနေ့အစည်းအဝေးမှရရှိသည့် ဆွေးနွေးတင်ပြချက်နှင့် အစည်းအဝေးဆုံးဖြတ်ချက်များကို ရှေ့လာမည့် အဋ္ဌမအကြိမ်မြောက် ဗဟိုကော်မတီအစည်းအဝေးတွင် မပျက်မကွက် တင်ပြဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မတီဝင်အားလုံး အနေဖြင့် ကမ်းရိုးတန်းသယံဇာတများ ဘက်စုံစီမံအုပ်ချုပ်နိုင်ရေးအတွက် ရေရှည်ရည်မှန်းချက် ချမှတ်ဆောင်ရွက်ရမည့် အစီအမံများ၊ ကိုဗစ်-၁၉ ကာလအလွန် ပြန်လည်တည်ထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆောင်ရွက်မည့် အစီအမံများအပေါ် မိမိတို့ဒေသနှင့် ကဏ္ဍအခြေအနေများအလိုက် အကြံပြုဆွေးနွေးပေးကြရန်နှင့် ကမ်းရိုးတန်း သယံဇာတများ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရန် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသည့်အပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် စစ်ဦးစီး ဗိုလ်မှူးချုပ်(ရေ)၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက မိမိတို့ကော်မတီများအလိုက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် စစ်ဦးစီး ဗိုလ်မှူးချုပ်(ရေ)၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

**သတင်းစဉ်**

# လူမှုဖူလုံရေးအာမခံအလုပ်သမားများ ဆေးကုသမှုထိရောက်မြန်ဆန်လွယ်ကူစေရန် ပုဂ္ဂလိကဆေးခန်းနှစ်ခုနှင့် စာချုပ်ချုပ်ဆိုထား

**ပဲခူး ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က လူမှုဖူလုံရေးနှင့် စာချုပ်ချုပ်ဆိုထားသော ပဲခူးမြို့ပေါ်ရှိ ပြင်ပပုဂ္ဂလိဆေးခန်းနှစ်ခုမှ ဆေးကုသနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပဲခူးမြို့ပေါ်ရှိ ဆေးခန်းများဖြစ်သော ညောင်အင်းအထွေထွေရောဂါကုဆေးခန်းနှင့် ရွှေဟသ်ာအထွေထွေရောဂါကုဆေးခန်းတို့ကို ပြီးခဲ့သည့် ဒီဇင်ဘာလကုန်က စတင်စာချုပ်ချုပ်ဆိုကာ ဆေးခန်းများနှင့်အနီးတစ်ဝိုက်ရှိ အာမခံအလုပ်သမားများ ဆေးကုသမှုထိရောက်မြန်ဆန်လွယ်ကူစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး ဆေးခန်းများတွင် နံနက် ၈ နာရီမှ ည ၈ နာရီထိ ပိတ်ရက်မရှိဘဲဖွင့်လှစ်ကာ ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လူမှုဖူလုံရေးအဖွဲ့မှ ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအနက် ကျန်းမာရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ ဦးစားပေးအစီအစဉ်အရပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါဆေးခန်းများတွင် ယမန်နှစ် ဒီဇင်ဘာ ၃၀ ရက်မှ ယခုနှစ် ဇန်နဝါရီ ၈ ရက်ထိ လူဦးရေ ၁၀၀ ခန့် ကုသပေးပြီးဖြစ်ကြောင်းနှင့် ပဲခူးမြို့နယ်တွင် အာမခံအကျုံးဝင် စက်ရုံ၊ အလုပ်ရုံပေါင်း ၅၀၀ ကျော်ရှိပြီး အာမခံအလုပ်သမား ၅၀၀၀၀ ကျော်ရှိကြောင်း လူမှုဖူလုံရေးအဖွဲ့ထံမှ သိရသည်။

**ဟိန်းထက်(ပဲခူး)**

# မိမိကုန်စည်များကို ကိုယ်ပိုင်အမှတ်တံဆိပ်မှတ်ပုံတင်၍ ဈေးကွက်တင်ပို့ကြပါစို့

နိုင်ဦး(DOCA)

တစ်နေ့က ရုံးပိတ်ရက်တွင် နေပြည်တော်မြို့မဈေးသို့ အိမ်အတွက်လိုအပ်သည်များ သွားဝယ်ဖြစ်သည်။ ဈေးထဲရောက်လျှင် ပစ္စည်းမျိုးစုံရောင်းနေသည်ကို တွေ့ရသည်။ ဆန်အမျိုးအစားများတူပါလျက် တံဆိပ်မျိုးစုံကွာခြားနေသည်။ ရွှေဘိုပေါ်ဆန်းမွှေး၊ ဖျာပုံပေါ်ဆန်းမွှေးစသဖြင့် အခြားလူသုံး၊ အိမ်သုံးပစ္စည်းများမှာလည်း အလားတူတွေ့နေရသည်။ စားသုံးဆီ၊ အချိုရည်၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည် စုံလို့ပါပဲ။ အဘယ်ကြောင့် ကုန်စည်အမျိုးအစားတူပါလျက် တံဆိပ်အမျိုးမျိုး ကွာခြားနေရပါသလဲ။ ဈေးနှုန်းများ အဘယ်ကြောင့် မတူရလဲ စဉ်းစားမိသည်။ ပြည်ပက တင်သွင်းရောင်းချနေသည့် ပစ္စည်းများနှင့် ပတ်သက်ပြီးတော့လည်း ဖုန်းအမျိုးအစားတူပါလျက် တံဆိပ်အမျိုးမျိုးဖြစ်နေသည်များ၊ အဲကွန်း၊ ရေခဲသေတ္တာစသည်များမှာလည်း အမှတ်တံဆိပ်အမျိုးမျိုးဖြစ်နေသည်များ၊ ဈေးနှုန်းမတူသည်များမှာ အဆိုပါကုန်စည်အသီးသီးတွင် ပါဝင်သောနည်းပညာ၊ တီထွင်ကြံဆလုပ်ဆောင်ထားသော အချက်များကြောင့်ဟု ထင်သည်။ ပစ္စည်းအမျိုးအစားတူပါလျက် စားသုံးသူတို့ယုံကြည်စိတ်ချရမှုရှိသည့် ကုန်အမှတ်တံဆိပ်နှင့် ပစ္စည်းများ ပိုမိုရောင်းကောင်းနေသည်ကိုကြည့်ရင်း ကုန်အမှတ်တံဆိပ်၏အရေးပါပုံကို မျက်ဝါးထင်ထင် လက်တွေ့မြင်တွေ့ရ၍ စိတ်ဝင်စားမိသည်။ ထို့ကြောင့် လေ့လာဖြစ်သည်။

## ကုန်အမှတ်တံဆိပ်

ကုန်အမှတ်တံဆိပ်ဆိုသည်မှာ တစ်ဦးတစ်ယောက်သောသူ၏ ထုတ်လုပ်သောကုန်စည်ဖြစ်ကြောင်း၊ အရောင်းအဝယ်ပြုသောကုန်စည်ဖြစ်ကြောင်း၊ ဖော်ပြရန် အသုံးပြုသော အမှတ်အသားကိုခေါ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဆိုလိုသည်မှာ အသုံးပြုသော အမှတ်တံဆိပ်ပိုင်ရှင်တစ်ဦး၏ ထုတ်ကုန်ပစ္စည်းများကို အခြားထုတ်ကုန်ပစ္စည်းများနှင့် ကွဲပြားခြားနားမှုရှိစေရေးအတွက် ဆောင်ရွက်ထားခြင်းပင် ဖြစ်သည်။

ကုန်အမှတ်အသားတံဆိပ်တစ်ခုသည် ရွှေစင်၊ ငွေသားများကဲ့သို့ တန်ဖိုးရှိသည်။ နာမည်ကြီးကျော်ကြားလျှင် ကျော်ကြားသလောက် တန်ဖိုးကြီးမားသည်။ လွှဲပြောင်းပိုင်ခွင့်၊ ပေါင်နှံပိုင်ခွင့်၊ အပြီးရောင်းချပိုင်ခွင့်၊ အမွေဆက်ခံပိုင်ခွင့်ရှိသဖြင့် ကုန်သွယ်မှုပြုလုပ်ရာတွင်လည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဖျော်ဖြေရေးလုပ်ငန်းများ၊ အစားအသောက်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ အီလက်ထရွန်နစ်လုပ်ငန်းများအတွက်လည်းကောင်း အရေးပါသည့်အမှတ်အသားတစ်ခုဖြစ်သည်။ မိမိတီထွင်ထားသည့်အမှတ်အသားဖြင့် ကုန်စည်များထုတ်လုပ်ရောင်းချရာမှ ကုန်စည်များ အရည်အသွေးကောင်းမွန်သဖြင့် စားသုံးသူများအကြိုက်တွေ့၍ အောင်မြင်သောလုပ်ငန်းဖြစ်လာမှ အဆိုပါကုန်စည်အမှတ်အသား၊ တစ်နည်းအားဖြင့် ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်၍ တူသောပစ္စည်းအမျိုးအစားကို ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချခြင်းသည် စီးပွားရေးကျင့်ဝတ်နှင့် ညီညွတ်မှုမရှိသလို မတရားသောယှဉ်ပြိုင်မှုဖြစ်ပေသည်။ မိမိအမှတ်တံဆိပ်နှင့် ကုန်စည်မူလပိုင်ရှင်သည် မိမိလုပ်ငန်းအောင်မြင်ရန် အချိန်များ၊ ငွေကြေးအရင်းအနှီးများ၊ ကာယဉာဏစွမ်းအားများ အများကြီးရင်းနှီးမြှုပ်နှံထားရသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် လက်ခံကျင့်သုံးလျက်ရှိသော ကုန်အမှတ်အသားတံဆိပ် ပိုင်ဆိုင်ခွင့်ဆိုင်ရာနည်းလမ်းများကို ခြုံ၍လေ့လာပါက နည်းလမ်းသုံးခုရှိကြောင်း တွေ့ရှိရသည်။ ပထမနည်းလမ်းမှာ အမေရိကန်ပြည်ထောင်စုတွင် လက်ခံကျင့်သုံးလျက်ရှိသော ကုန်အမှတ်တံဆိပ်တစ်ခုကို မှတ်ပုံတင်ရန်မလိုဘဲ အမှန်တကယ်သုံးစွဲနေခြင်းဖြင့် ပိုင်ဆိုင်ခွင့် ရရှိစေသော နည်းလမ်း ဖြစ်သည်။ ဒုတိယနည်းလမ်းမှာ ဩစတြေးလျနိုင်ငံတွင် လက်ခံကျင့်သုံးလျက်ရှိသော ကုန်အမှတ်တံဆိပ်ကို လက်ရှိသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ မှတ်ပုံတင်ထားခြင်းဖြင့်ဖြစ်စေ ပိုင်ဆိုင်ခွင့်ရရှိစေခြင်း ဖြစ်သည်။ တတိယနည်းလမ်းမှာ နိုင်ငံအများစု လက်ခံကျင့်သုံးလျက်ရှိသော သက်ဆိုင်ရာဌာနတွင် မှတ်ပုံတင်၍ ဆောင်ရွက်မှသာ ပိုင်ဆိုင်ခွင့်ရရှိစေသော နည်းလမ်းများဖြစ်ကြောင်း တွေ့ရှိရသည်။

## ၁၆ ရာစုကပင် ပေါ်ပေါက်ခဲ့

ကုန်အမှတ်တံဆိပ်အကြောင်း စိတ်ဝင်စား၍ လေ့လာကြည့်မိရာ ယခုမှပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ၁၆ ရာစုကပင် ပေါ်ပေါက်ခဲ့ကြောင်း သိရှိရသည်။ ထိုခေတ် က တစ်ဦးတစ်ယောက်ပိုင် ကုန်အမှတ်တံဆိပ်တစ်ခုကို အခြားတစ်ဦးက အသုံးပြုခြင်း၊ ဆင်တူယိုးမှားပြုလုပ်အသုံးပြုခြင်း၊ တုပအသုံးပြုခြင်းများကို သေဒဏ်ပြစ်ဒဏ်ပေးခြင်း အပါအဝင် ကြီးလေးသည့်ပြစ်ဒဏ်များကို ချမှတ်ခဲ့ပေသည်။ ထို့နောက် ကုန်စည်ကူးသန်း ရောင်းဝယ်ကြသော နိုင်ငံအချို့သည် ကုန်အမှတ်တံဆိပ်များကို အကာအကွယ်ပေးရန် ရှင်းလင်းပြည့်စုံ တိကျသည့် ဥပဒေများကို ပြဋ္ဌာန်းခဲ့ကြသည်။ လိုက်နာကျင့်သုံးစေခဲ့သည်။ ၁၈၅၇ ခုနှစ်တွင် ပြင်သစ်၊ ၁၈၆၂ ခုနှစ်တွင် အင်္ဂလန်၊ ၁၈၇၀ ပြည့်နှစ်တွင် အမေရိကန်၊ ၁၈၇၄ ခုနှစ်တွင် ဂျာမနီနိုင်ငံတို့၌ ကုန်အမှတ် တံဆိပ်ကာကွယ်ရေးအတွက် ဆောင်ရွက်ရာမှ တစ်နိုင်ငံချင်း ကာကွယ်သည်ထက် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရေးကို ပူးပေါင်းဆောင်ရွက်ပါက ပိုမိုကောင်းမွန်မည်ဟု ယူဆလာကြသည်။ ကုန်စည်များသည် တစ်ကမ္ဘာလုံးသို့ ရောက်ရှိနိုင်၍ ဖြစ်သည်။ ထိုနိုင်ငံများ၏ ကြိုးစားဆောင်ရွက်မှုကြောင့် ၁၈၈၃ ခုနှစ်တွင် ပဲရစ်ကွန်ဗင်းရှင်းဟူ၍ ပေါ်ပေါက်လာပြီး ကုန်အမှတ်တံဆိပ်အပါအဝင် စက်မှုဆိုင်ရာ၊ အသိဉာဏ်ပစ္စည်းများကို နိုင်ငံတကာတွင် အကာအကွယ်ပေးခဲ့ကြသည်။ လက်ရှိတွင် ယင်းကွန်ဗင်းရှင်း၌ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၀ ကျော်ရှိပြီဟု သိရှိရသည်။ ကွန်ဗင်းရှင်းတွင် အခြေခံကျသော ပြဋ္ဌာန်းချက် သုံးရပ်ရှိသည်။ ပထမပြဋ္ဌာန်းချက်မှာ စာချုပ်ဝင်နိုင်ငံတိုင်း မိမိနိုင်ငံသားများအား ပေးအပ်သည့်အကာအကွယ်ကို ကျန်စာချုပ်ဝင်နိုင်ငံများ၏ နိုင်ငံသားများကိုလည်း ပေးအပ်ရမည်ဖြစ်ပြီး ဒုတိယပြဋ္ဌာန်းချက်မှာ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၌ ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ပြီးနောက် အခြားစာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၌ ထပ်မံမှတ်ပုံတင်ပါက ပထမနိုင်ငံ၌ မှတ်ပုံတင်သည့်ရက်စွဲကိုပင် ဒုတိယနိုင်ငံ၌ လျှောက်လွှာတင်သည့်ရက်စွဲအဖြစ် သတ်မှတ်ရမည်ဖြစ်သည်။ တတိယ ပြဋ္ဌာန်းချက်များမှာ စာချုပ်ဝင်နိုင်ငံအသီးသီးက လိုက်နာကျင့်သုံးဆောင်ရွက်ရမည့်နည်းလမ်းများကို ကျန်စာချုပ်ဝင်နိုင်ငံများက လိုက်နာရမည်ဟု ဖော်ပြထားသည်။

## မူပိုင်ခွင့်မှတ်ပုံတင်ခြင်းများ ဆောင်ရွက်

ထို့နောက် ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ နိုင်ငံတကာသို့ လျင်မြန်စွာပျံ့နှံ့သွားပြီး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် စာချုပ်များချုပ်ဆိုခြင်း၊ ကုန်အမှတ်တံဆိပ် အသိအမှတ်ပြုအဖွဲ့များ ထူထောင်ခြင်း၊ အားနည်းချက်များကို ပြုပြင် ပြင်ဆင်ခြင်း၊ ကုန်အမှတ်တံဆိပ်ဆိုင်ရာ တရားရုံးများထူထောင်ခြင်းများ ဆောင်ရွက်လာကြသည်။ သတိထားရာမှ အလေးအနက်ထားဆောင်ရွက်သည့်အဆင့်သို့ ရောက်ရှိလာပြီ ဖြစ်သည်။ လုပ်ငန်းရှင်များကလည်း အမှတ်တံဆိပ်တစ်ခု၏တန်ဖိုးကို သိရှိလာကြသည်။ ပိုင်ဆိုင်မှုခိုင်မာမှုရှိစေရေးအတွက် အမှတ်တံဆိပ်များကို မူပိုင်ခွင့်မှတ်ပုံတင်ခြင်းများ ဆောင်ရွက်လာကြသည်။

မြန်မာနိုင်ငံတွင်မူ ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းအထိ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ တစ်နည်းအားဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်မရှိခဲ့သောကြောင့် ပတ်သက်ဆက်နွှယ်သော ရာဇသတ်ကြီးဥပဒေ၊ အထူးသက်သာခွင့်ဥပဒေ၊ ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေ၊ မြန်မာကုန်အမှတ်အသားများအက်ဥပဒေ၊ မှတ်ပုံတင်အက်ဥပဒေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအက်ဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေများကိုသာ အထောက်အထားပြု၍ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနအောက်ရှိ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင်သာ ပြည်တွင်း/ ပြည်ပ ကုန်အမှတ်တံဆိပ်များကို မှတ်ပုံတင်ခဲ့ရပေသည်။ လျှောက်ထားရာတွင်လည်း မိမိကိုယ်တိုင်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသော ကုန်အမှတ်တံဆိပ်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်တီထွင်ထားသော အမှတ်တံဆိပ်ဖြစ်ကြောင်း၊ အခြားအမှတ်တံဆိပ်များကို တုပကူးယူထားခြင်းမရှိကြောင်း၊ မိမိမှတ်ပုံတင်သည့် အမှတ်တံဆိပ်ကို အခြားကုန်ပစ္စည်းများ၌ ထုတ်လုပ်ရောင်းချသည်ကို မတွေ့၊ မမြင်၊ မကြားရကြောင်း ဝန်ခံချက်ပြုလုပ်ရောင်းချရကြောင်း သိရှိရသည်။ ထို့အပြင် လူ့ကျင့်ဝတ်သိက္ခာအရ၊ ဥပဒေအရ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ကိုးကွယ်သည့်ဘာသာ စသည့်ယုံကြည်မှုကို အငြင်းပွားစေသည်ဟု ယူဆချက်အရ၊ ငွေစက္ကူအရောင်အသွေးကို တုပထားမှုအရ၊ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံကို သုံးစွဲထားမှုအရ လျှောက်ထားလာသော ကုန်အမှတ်တံဆိပ်ကို ငြင်းပယ်နိုင်ကြောင်း သိရှိရသည်။ ဖော်ပြချက်များအရ ယေဘုယျသဘောသက်ဝင်လျက်ရှိသဖြင့် အငြင်းပွားမှုများကို ဖြေရှင်းရာတွင် အခက်အခဲများကို ကြုံတွေ့ခဲ့ရသည်။ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော ကုန်အမှတ်တံဆိပ်ဆိုင်ရာ သတ်မှတ်ချက်အချို့နှင့် ပဋိပက္ခဖြစ်ပေါ်နေ၍ လုပ်ငန်းရှင်များ၏ အမှတ်တံဆိပ်များကို အကာအကွယ်ပေးရန် အားနည်းချက်အချို့ ဖြစ်ပေါ်ခဲ့ရသည်။

## ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ

အဆိုပါအချက်များကြောင့် ကုန်အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ အမှတ်တံဆိပ်ပိုင်ရှင်နှင့် အခွင့်အရေးရှိသူတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရန်၊ အမှတ်တံဆိပ်တုပမှုနှင့် ကုန်ပစ္စည်းအတုများ ဈေးကွက်သို့ ဝင်ရောက်လာမှုကို ဟန့်တားနိုင်ခြင်းအားဖြင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို တည်ဆောက်ရန်နှင့် အများပြည်သူအတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်ရန်၊ ဒေသဆိုင်ရာအညွှန်းကို အကာအကွယ်ပေးခြင်းဖြင့် နိုင်ငံတော်မှထွက်ရှိသော ဒေသထွက်ကုန်များ၏ အရည်အသွေးများကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ခြင်းအားဖြင့် ဒေသတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာစေရန် စသည့် ရည်ရွယ်ချက်ကောင်းများကို အခြေခံ၍ ယခင်သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ယခု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များက နှစ်များစွာအချိန်ရယူပြီး နိုင်ငံတကာ ကုန်အမှတ်တံဆိပ်ဆိုင်ရာ သတ်မှတ်ချက်များနှင့် ချိန်ထိုးကာ မနားမနေကြိုးစားဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃) ဖြင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်သည်။

> **ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်ထားသူသည် မိမိလျှောက်ထားသည့် ကုန်အမှတ်တံဆိပ်သည် သိသာထင်ရှားမှုမရှိခြင်း၊ ဥပဒေပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိခြင်း၊ အေးချမ်းတည်ငြိမ်မှု၊ ကိုယ်ကျင့်သိက္ခာ၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံတော်ဂုဏ်သိက္ခာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့များကို ထိပါးစေခြင်း၊ ယေဘုယျအသုံးအနှုန်းဖြစ်ခြင်း၊ လိမ်လည်လှည့်ဖြားထင်ယောင်ထင်မှား ဖြစ်စေခြင်း၊ နိုင်ငံတစ်နိုင်ငံ၏ အလံ၊ တံဆိပ်၊ သင်္ကေတ၊ အဖွဲ့အစည်းများ၏အတိုကောက်များကို အသုံးပြုခြင်း စသည့်အချက်များနှင့် ငြိစွန်းမှုမရှိစေရန် သတိထားသင့်။**

အဆိုပါ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေတွင် ရှင်းလင်းလွယ်ကူပြည့်စုံသည့် အဓိပ္ပာယ်သတ်မှတ်ချက်များ၊ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ၊ အေဂျင်စီများ၊ မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိများ ခန့်အပ်ခြင်း၊ ဖွဲ့စည်းခြင်းများနှင့် တာဝန်သတ်မှတ်ချက်များ တိကျသေချာသော အချက်အလက်များကို အခြေခံကာ နိုင်ငံတကာအမှတ်တံဆိပ်စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ပြဋ္ဌာန်းနိုင်ခဲ့သဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ရရှိသူလုပ်ငန်းရှင်များအတွက် ဝမ်းသာကျေနပ်စရာပင်။ ခေတ်မီမိကမ္ဘာကြည့် ကြည့်မြင်ကာ ပြည်တွင်းဈေးကွက်သာမက နိုင်ငံတကာဈေးကွက်အထိ ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် ရင်ကော့လက်မထောင်ပြီး ထိုးဖောက်ရောင်းဝယ် ကုန်သွယ်မှုပြုနိုင်တော့မည် ဖြစ်သည်။

လက်ရှိပြဋ္ဌာန်းကျင့်သုံးလျက်ရှိသော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ ရှုပ်ထွေးပြီး အဆင့်များမှုကင်း၍ လျင်မြန်ယုံကြည်စိတ်ချရမှုသို့ ဦးတည်ထားသည်ကို တွေ့ရှိရသည်။ အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်ထားသူသည် သတ်မှတ်အချက်အလက်များပူးတွဲ၍ မြန်မာဘာသာဖြင့် ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။ မှတ်ပုံတင်အရာရှိက သတ်မှတ်အချက်အလက်များနှင့် စိစစ်၍ စစ်ဆေးရေးအရာရှိထံ ပေးပို့မည်။ စစ်ဆေးရေးအရာရှိက စစ်ဆေး၍ ကန့်ကွက်ခြင်း၊ အတည်ပြုခြင်းကို သဘောထားမှတ်ချက်နှင့်တကွ မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြမည်။ မှတ်ပုံတင်အရာရှိက ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူထံထုတ်ပေးမည်။ ကန့်ကွက်ငြင်းပယ်ခံရသော လျှောက်ထားသူထံသို့လည်း ထုတ်ပြန်ကြေညာပေးမည် ဖြစ်သည်။

## ကာကွယ်တားဆီးပိုင်ခွင့်

သို့သော် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်ထားသူသည် မိမိလျှောက်ထားသည့် ကုန်အမှတ်တံဆိပ်သည် သိသာထင်ရှားမှုမရှိခြင်း၊ ဥပဒေပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိခြင်း၊ အေးချမ်းတည်ငြိမ်မှု၊ ကိုယ်ကျင့်သိက္ခာ၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံတော်ဂုဏ်သိက္ခာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့များကို ထိပါးစေခြင်း၊ ယေဘုယျအသုံးအနှုန်းဖြစ်ခြင်း၊ လိမ်လည်လှည့်ဖြားထင်ယောင်ထင်မှားဖြစ်စေခြင်း၊ နိုင်ငံတစ်နိုင်ငံ၏အလံ၊ တံဆိပ်၊ သင်္ကေတ၊ အဖွဲ့အစည်းများ၏ အတိုကောက်များကို အသုံးပြုခြင်း စသည့်အချက်များနှင့် ငြိစွန်းမှုမရှိစေရန် သတိထားသင့်ပါသည်။ သို့မှသာ ဥပဒေမှပေးသောအခွင့်အရေးများဖြစ်သည့် မိမိအမှတ်တံဆိပ်ကို အခြားသူများက ဆင်တူယိုးမှားတုပအသုံးပြုမှုကို ကာကွယ်တားဆီးပိုင်ခွင့်ရှိသည်။ တရားစွဲဆိုခွင့်ရှိသည်။ အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းပေးခြင်း၊ လုပ်ပိုင်ခွင့်ပေးခြင်းများ ပြုနိုင်သည်။ ဤအခွင့်အရေးများကို သတ်မှတ်ချက်များနှင့်အညီ မိမိ၏ကုန်အမှတ်တံဆိပ်အား မှတ်ပုံတင်ထားမှသာ ရရှိနိုင်မည် ဖြစ်သည်။


ပြဋ္ဌာန်းထားသော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးသည့် နိုင်ငံတော်ဒုတိယသမ္မတက ဥက္ကဋ္ဌအဖြစ်၊ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တွဲဖက်အတွင်းရေးမှူးအဖြစ်ပါဝင်သော မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီကို ဖွဲ့စည်းထားသည်။ မူဝါဒများချမှတ်ခြင်း၊ ကြီးကြပ်လမ်းညွှန်ခြင်း၊ မူပိုင်ခွင့်စနစ်ကို အားပေးမြှင့်တင်ခြင်း၊ လူသားအရင်းအမြစ်များ အားပေးပြုစုပျိုးထောင်ခြင်း၊ သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ နည်းပညာနှင့် အခြားအထောက်အပံ့များ ရရှိရေးကို ဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့အပြင် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်လျှောက်ထားသူက စိတ်ကျေနပ်မှုမရှိလျှင် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီက ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသည့် မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီထံ ရက်ပေါင်း ၆၀ အတွင်း အယူခံဝင်နိုင်သည်။ အေဂျင်စီက မှတ်ပုံတင်အရာရှိ၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း ပြုလုပ်နိုင်သည်။ အေဂျင်စီ၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ရက်ပေါင်း ၉၀ အတွင်း မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားရမည်။ တရားရုံးက အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည့်အပြင် အမှတ်တံဆိပ်ဆိုင်ရာ အငြင်းပွားမှုများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို ဆုံးဖြတ်ပေးမည်ဖြစ်သည်။ အပြစ်ပေးအရေးယူခြင်းထက် နှစ်ဦးနှစ်ဖက် နစ်နာဆုံးရှုံးမှုမရှိစေရန် ဦးတည်ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။

သို့ဖြစ်ပါ၍ လုပ်ငန်းရှင်များသည် ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်သို့ ဖြန့်ဖြူးရောင်းချမည့် ကုန်စည်ဝန်ဆောင်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ပြဋ္ဌာန်းထားသည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ရှိနေပါပြီ။ လာရောက်မှတ်ပုံတင်ခြင်းဖြင့် ဥပဒေမှပေးအပ်မည့် အကာအကွယ်၊ ရရှိမည့် မိမိကုန်အမှတ်တံဆိပ်များကို အခြားသူများက တုပအသုံးပြုမှုအား တားဆီးပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်၊ အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းပိုင်ခွင့်၊ လုပ်ပိုင်ခွင့်ပေးခြင်း စသည့်အခွင့်အရေးများကို ရယူကာ မိမိလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာဈေးကွက်သို့ ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် ထိုးဖောက်နိုင်ရေး၊ အလုပ်အကိုင်များဖန်တီးပေးနိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များဖန်တီးပေးနိုင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေးအတွက် ဆောင်ရွက်ကြရန် စေတနာထားတိုက်တွန်းအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကျန်းမာရေးနှင့် မူးယစ်ဆေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာမူဘောင် မိတ်ဆက်ခြင်းအခမ်းအနား တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁၂**

ကျန်းမာရေးနှင့် မူးယစ်ဆေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာမူဘောင် မိတ်ဆက်ခြင်းအခမ်းအနား (Launching Ceremony of the National Strategic Framework (NSF) on Health and Drugs) ကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မူးယစ်ဆေးဝါးသုံးစွဲမှုများသည် နိုင်ငံတော်၏ အနာဂတ်ဖြစ်သော လူငယ်လူရွယ်များတွင် ပိုမိုများပြားသဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ ကုန်ထုတ်လုပ်မှုစွမ်းအား၊ ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍအားလုံးကို အထူးထိခိုက်ဆုံးရှုံးစေနိုင်ပါကြောင်း၊ ဤမဟာဗျူဟာမူဘောင်တွင် (၁) မူးယစ်ဆေးသုံးစွဲမှုကို ကာကွယ်တားဆီးရေး၊ (၂) မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော အန္တရာယ်လျှော့ချရေး၊ (၃) အထောက်အထားအခြေပြု မူးယစ်ဆေးစွဲရောဂါကုသရေး၊ (၄) ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် (၅) ဥပဒေများ၊ မူဝါဒများနှင့် အထောက်အပံ့ဖြစ်စေသော ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေးတို့အား ဦးစားပေးနည်းဗျူဟာ ငါးရပ်အဖြစ် ထည့်သွင်းထားရှိပါကြောင်း။

ဤမဟာဗျူဟာမူဘောင်ကို အကောင်အထည်ဖော်ရန်လိုအပ်မည့် ဘဏ္ဍာငွေနှင့် ရန်ပုံငွေများကို ရှာဖွေရမည့်နည်းပုံစံများနှင့် ရရှိလာပါက ဦးစားပေးနည်းဗျူဟာ ငါးရပ်အတွက် ကျိုးကြောင်းဆီလျော်စွာဖြင့် မည်သို့ခွဲဝေချထားသုံးစွဲမည်တို့ကိုလည်း ယခုအချိန်မှစတင်၍ သုံးသပ်စဉ်းစားထားရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့အပါအဝင် နီးနွယ်ဆက်စပ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည်အရေးကြီးပြီး ဌာန/ အဖွဲ့အစည်းတစ်ခုချင်းစီမှ မဟာဗျူဟာမူဘောင်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ခံ (Focal Person) သတ်မှတ်ထားရှိခြင်းနှင့် တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းတို့ကို အမြန်ဆုံးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

### အရေးကြီးသည့် လုပ်ငန်းများဖြစ်

လုပ်ငန်းများ ပိုမိုကောင်းမွန်တိုးတက်စေရေးအတွက် မဟာဗျူဟာမူဘောင်ပါ လုပ်ငန်းများအား အကောင်အထည်ဖော် လုပ်ဆောင်သည့်အခါ လက်တွေ့သုတေသနပြုဆန်းစစ်ခြင်းများကိုလည်း တစ်ပါတည်း မဖြစ်မနေတွဲဖက်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ဤမဟာဗျူဟာမူဘောင်တွင်ပါဝင်သော လုပ်ငန်းများသည် နိုင်ငံအတွက် အရေးကြီးသည့် လုပ်ငန်းများဖြစ်သဖြင့် ဦးဆောင်ကော်မတီ (Steering Committee) ကိုလည်း ဖွဲ့စည်းသွားရန်လိုအပ်ပြီး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် လုပ်ငန်းအဖွဲ့များက ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ပိုမိုအောင်မြင်ထိရောက်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အားလုံးကို တစ်ပြိုင်နက်တည်းဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ လက်တွေ့ အမှန်တကယ် နိုင်နင်းစွာလုပ်ဆောင်ရန် ဦးစားပေးစနစ်ဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို "အဆင့်လိုက်၊ အပိုင်းလိုက်" အဆင့်ဆင့် ဆောင်ရွက်သွားခြင်းပုံစံဖြင့် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

ဤမဟာဗျူဟာမူဘောင်ကို ဝန်ကြီးဌာနရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်နှင့် ဆေးတက္ကသိုလ် ငါးခုရှိ လူမှုရေးနှင့်ကာကွယ်ရေးဆေးပညာဌာနများသို့ ပေးပို့ကာ သင်တန်းသား သင်တန်းသူများအား ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်စေခြင်းဖြင့် မဟာဗျူဟာမူဘောင်နှင့်ပတ်သက်၍ သင်တန်းသား သင်တန်းသူများ သိရှိနားလည်ကြကာ လုပ်ငန်းခွင်ဝင်ရောက်သည့်အခါ ထိရောက်စွာ ဆက်လက် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဤမူဘောင်သည် အမျိုးသားအဆင့်မူဝါဒများ၊ အစီအစဉ်များနှင့် နည်းဗျူဟာများကို အားဖြည့်ပေးပြီး နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများမှ ကြေညာချက်များ၊ ဆုံးဖြတ်ချက်များ၊ ကတိကဝတ်များနှင့်လည်း ကိုက်ညီမှုရှိကြောင်းကို အသိပေး ပြောကြားလိုပါကြောင်း။

ဤအမျိုးသားအဆင့် မဟာဗျူဟာမူဘောင်တွင် မူးယစ်ဆေးထုတ်လုပ်မှု လျှော့ချရေး၊ မူးယစ်ဆေးများ ထိန်းချုပ်ရေးနဲ့ အစားထိုးဖွံ့ဖြိုးရေးစသည့် ကဏ္ဍများပါဝင်ခြင်းမရှိသေးဘဲ အဆိုပါကဏ္ဍများအတွက် သက်ဆိုင်ရာကဏ္ဍ၊ ဝန်ကြီးဌာနများမှ မူဘောင်များ ဆက်လက်ရေးဆွဲချမှတ်လုပ်ဆောင်စေလိုပါကြောင်း၊ မူးယစ်ဆေးသုံးစွဲမှုကို တားဆီးကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ယခင်က ကိုယ်တိုင်သုံးစွဲခဲ့ပြီး သုံးစွဲမှု၏ဆိုးကျိုးများကို သိရှိဖြတ်တောက်ခဲ့သူများက အသိပညာပေးခြင်းနှင့် စည်းရုံးပြောကြားခြင်းများ လုပ်ဆောင်ပါက ပိုမိုထိရောက်နိုင်မည်ဖြစ်ပါကြောင်း။

### လျှော့ကျလာနိုင်မည်

မူးယစ်ဆေးသုံးစွဲမှု၏ ဆိုးကျိုးများကို သိရှိတားဆီးသူများ ပိုမိုများပြားလာကာ အချင်းချင်းသတိပေး ပြောဆိုခြင်းအားဖြင့် မူးယစ်ဆေးသုံးစွဲမှု လျှော့ကျလာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းတွင် ၉ ဒသမ ၇ သန်းခန့်ရှိသော အခြေခံပညာ ကျောင်းသား ကျောင်းသူများတွင် မူးယစ်ဆေး၏ဆိုးကျိုးများသိရှိကာ မူးယစ်ဆေး တားဆီးကာကွယ်ရေးအသိပညာများ ကြွယ်ဝခြင်းဖြင့် ၎င်းတို့မှတစ်ဆင့် အခြားသူများထံ ပျံ့နှံ့ရောက်ရှိသွားရန်ကို မိမိတို့ အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဤအမျိုးသားအဆင့် မဟာဗျူဟာမူဘောင်ပါလုပ်ငန်းများကို ပါဝင်ဆောင်ရွက်သူများအားလုံးက မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စသဖွယ် အလေးထားကာ လက်တွဲ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏ အဖိုးတန်သော လူ့စွမ်းအားအရင်းအမြစ်များအား အတွင်းလှိုက်စားဖျက်ဆီးနေသည့် မူးယစ်ဆေးစွဲမှုပြဿနာကို ဦးတည်ဖြေရှင်းကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် UNAIDS ၏ Country Director Mr. Oussama Tawil က ကျန်းမာရေးနှင့် မူးယစ်ဆေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာမူဘောင်ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး The United Nations General Assembly Special Session (UNGASS) on the World Drug Problem in 2016 တွင် "၂၀၃၀ ပြည့်နှစ်၌ မူးယစ်ဆေးသုံးစွဲသူများနှင့် မူးယစ်ဆေးထိုးသုံးစွဲသူများအကြား ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် တီဘီရောဂါသာမက အသည်းရောင်အသားဝါရောဂါနှင့် အခြားကူးစက်ရောဂါများမှ ကင်းဝေးရေး" ကို မြန်မာနိုင်ငံမှ ကတိကဝတ်ပြုခဲ့ကာ အဆိုပါကတိကဝတ်ကို အခြေခံ၍ ဤမဟာဗျူဟာမူဘောင်ကို ရေးဆွဲခဲ့ပါကြောင်း ပြောကြားသည်။ ထို့နောက် ကျန်းမာရေးနှင့် မူးယစ်ဆေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာမူဘောင် ဖြစ်ပေါ်လာပုံအကျဉ်းချုပ်နှင့် မူးယစ်ဆေးသုံးစွဲခြင်းနှင့် ယင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများသာမက ခုခံအားကျဆင်းမှုရောဂါနှင့် ဆက်နွယ်နေပုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်က ကျန်းမာရေးနှင့် မူးယစ်ဆေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာမူဘောင် ဖြစ်ပေါ်လာပုံနှင့် ၎င်းမူဘောင်တွင်ပါဝင်သော မဟာဗျူဟာလမ်းညွှန်ချက် ငါးရပ်နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသွားပြီး မဟာဗျူဟာလမ်းညွှန်ချက် တစ်ခုစီအတွက် အဓိကလိုအပ်ချက်/ ကွာဟချက်များနှင့် ရှေ့လာမည့် နှစ်နှစ်တာကာလအတွင်း ဆက်လက်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစုများကို ဆွေးနွေးတင်ပြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားအဆင့် မဟာဗျူဟာမူဘောင်၏ ဦးစားပေးနည်းဗျူဟာ ငါးရပ်အား လက်တွေ့အကောင်အထည်ဖော်ရေးအတွက် ဦးစားပေးလုပ်ငန်းများ၊ ကဏ္ဍအလိုက် ဆောင်ရွက်မည့် ဌာန/ အဖွဲ့အစည်းများ၊ လုပ်ငန်းအလိုက်ဆောင်ရွက်မည့် အချိန်ကာလ သတ်မှတ်ချက်များ၊ လုပ်ငန်းဆန်းစစ်ခြင်း ဆောင်ရွက်ရန် အချက်များအား ချထားသတ်မှတ်ရန်အတွက် ဦးစားပေး နည်းဗျူဟာအလိုက် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက အဖွဲ့ငယ်များဖွဲ့ကာ ဆွေးနွေးခြင်း၊ ဆွေးနွေးချက်များအား တင်ပြခြင်းနှင့် တက်ရောက်လာကြသူများက အပြန်အလှန် မေးမြန်းဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

**မြန်မာနိုင်ငံရှိ မူးယစ်ဆေးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အသုံးပြုခြင်းကြောင့် ကျန်းမာရေး၊ လူမှုရေးနှင့် ဥပဒေဆိုင်ရာ အပြန်အလှန်ဆက်စပ်ဖြစ်ပေါ်နေသည့် နောက်ဆက်တွဲ အကျိုးဆက်များကို ပိုမိုထိရောက်စွာ အရေးယူတုံ့ပြန်နိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် UNAIDS သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုအောက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့်ပူးပေါင်းကာ ကျန်းမာရေးနှင့် မူးယစ်ဆေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာမူဘောင် ရေးဆွဲခြင်းလုပ်ငန်းကို ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ အဆိုပါလုပ်ငန်းစဉ်တွင် ထုတ်ဝေထားသည့် စာတမ်းအများအပြားအား ပြန်လည်သုံးသပ်ခြင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သူများစွာတို့ထံမှ အကြံဉာဏ်များရယူခြင်းတို့ဖြင့် အချက်အလက်များ စုစည်းတင်ပြထားခြင်း ပါဝင်သည်။**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထူးကုဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဗဟိုမှ ရဲမှူးချုပ်နှင့် ရဲမှူးကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဗီဒီယိုကွန်ဖရင့်မှ တက်ရောက်ကြသော နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ၊ မူးယစ်ဆေးစွဲကုနှင့်သုတေသနဌာနမှ စီမံချက်မန်နေဂျာနှင့် တာဝန်ခံဆရာဝန်များ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်းနှင့် ပြည်ပ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

---

**○ ခေတ်မီအဆင့်မြင့်မှ**

ဈေးရုံသစ်၏ အကျယ်အဝန်းမှာ စတုရန်းပေ ၉၀၀၀ ကျော်ရှိပြီး ဈေးရုံသစ်အတွင်းရှိ Wet Market ဘက်အခြမ်း၌ ဆိုင်ခန်းမျက်နှာစာနှင့် အရှည် ၆ ပေ ပတ်လည်ရှိသော ဈေးဆိုင်ခန်းပေါင်း ၃၂ ခန်းကိုထည့်သွင်းဆောက်လုပ်ထားသည်။ စားသောက်ရုံဘက်အခြမ်း၌ ဆိုင်ခန်းမျက်နှာစာနှင့်အရှည် ၁၀ ပေ ပတ်လည်ရှိသော စားသောက်ဆိုင်ခန်းပေါင်း ၁၂ ခန်းအား ထည့်သွင်းဆောက်လုပ်ထားကြောင်း သိရသည်။ အရေးပေါ်မီးငြှိမ်းသတ်ရေးစနစ်များအား ဆောင်ရွက်ထားရှိပြီး ဈေးဝယ်သူပြည်သူများ အဆင်ပြေကြစေရန်အတွက် ယာဉ်ရပ်နားရာ ကားပါကင်အပါအဝင် သန့်ရှင်းရေးနှင့် လုံခြုံရေးဝန်ဆောင်မှုများအား ထည့်သွင်းဆောက်ရွက်ထားရှိကြောင်းလည်း သိရသည်။

ဈေးရုံဘက်အခြမ်းရှိဈေးဆိုင်ခန်းများ၌ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများနှင့် ကုန်ခြောက်ပစ္စည်းများအပါအဝင် သန့်ရှင်းလတ်ဆတ်သောသား/ငါးနှင့် ဟင်းသီးဟင်းရွက်များအား ခင်းကျင်းပြသထားမည်ဖြစ်ပြီး စားသုံးသူပြည်သူများ နေရာတစ်နေရာတည်းတွင် လွယ်ကူစွာရရှိသုံးဆောင်နိုင်ကြစေရန်အတွက် မြန်မာ့ရိုးရာအစားအစာများအပါအဝင် မြန်မာထမင်းဟင်း၊ ဘိတ်အစားအစာ၊ မာလာရှမ်းကော၊ ထိုင်း၊ အိန္ဒိယ၊ တရုတ်၊ ကိုရီးယားနှင့် ဂျပန်အစားအစာများအား စားသောက်ရုံဘက်အခြမ်းရှိ စားသောက်ဆိုင်ခန်းအသီးသီး၌ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

### နေ့စဉ်ဖွင့်လှစ်

ကိုဗစ်ကာလဖြစ်သောကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောသတ်မှတ်စည်းကမ်းချက်နှင့်အညီ အစားအစာများအား ပါဆယ်စနစ်ဖြင့်ရောင်းချပေးသွားမည်ဖြစ်ရာ Wet Market (သား၊ ငါး၊ ကုန်စိမ်း၊ ကုန်ခြောက်ဈေးရုံကြီး)ကို နံနက် ၅ နာရီမှ မွန်းလွဲ ၂ နာရီအထိ လည်းကောင်း၊ စားသောက်ဆိုင်များကို နံနက် ၆ နာရီမှ ည ၉ နာရီ အထိလည်းကောင်း နေ့စဉ်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင်ဈေးရုံသစ်အနီး၌ Bus Terminal ဆောက်လုပ်ထားရာ ခေတ်မီအဆင့်မြင့် ''the Hangar'' ဈေးရုံသစ်သို့ လာရောက်ကြသော ပြည်သူများ အဆင်ပြေလွယ်ကူကြစေရေးအတွက် အများသုံး ဘတ်စ်ကားများကို ရန်ကုန်မြို့တွင်းနှင့်ချိတ်ဆက်၍ ပြေးဆွဲပေးသွားရန်စီစဉ်လျက်ရှိကြောင်း ဈေးရုံသစ်တည်ဆောက်ရေးစီမံကိန်းရုံးမှ သိရသည်။

သတင်း-ပွင့်သစ္စာ
ဓာတ်ပုံ-စိုးမြင့်အောင်

---

# မိုးကုတ်မြို့၌ မြို့နယ်သမဝါယမအသင်းစုလီမိတက် အမှုဆောင်ဒါရိုက်တာသစ် ရွေးချယ်

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် မြို့နယ်သမဝါယမအသင်းစု လီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာသစ် ရွေးချယ်တင်မြှောက်ပွဲကို ယမန်နေ့က မြို့နယ်သမဝါယမအသင်းရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပခဲ့သည်။

### တက်ရောက်

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရန့်စနစ်ဖြင့် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အမှုဆောင်သစ်နှင့် စာရင်းစစ်အဖွဲ့ကို တက်ရောက်လာသည့် ကိုယ်စားလှယ်များထံမှ သဘောတူအတည်ပြုချက်များဖြင့် ရွေးချယ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အကောင်အထည်ဖော်ရေးဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် ကျင့်သုံးအကောင်အထည်ဖော်ရာတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများနှင့် ပတ်သက်သည့် လိုအပ်ချက်များ၊ စနစ်တစ်ခုလုံးအတွက် လိုအပ်ချက်များကို တည်ဆဲဥပဒေများဖြင့် လည်းကောင်း၊ နိုင်ငံတကာစံနှုန်းများဖြင့် လည်းကောင်း ကိုက်ညီစေရေးအတွက် နိုင်ငံတကာတွင် ဆောင်ရွက်နေသည့်စနစ်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာမှီငြမ်း၍ စီမံခန့်ခွဲနိုင်ရန် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းနည်းဥပဒေကို ပြင်ဆင်သည့်နည်းဥပဒေအား ၂၀၁၇ ခုနှစ် ဧပြီ ၂၇ ရက်တွင် ပြင်ဆင်ထုတ်ပြန်ခဲ့သည့်အတွက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် ကနဦးလျှောက်ထားခြင်းကို မြန်မာနိုင်ငံတွင်သာမက ပြည်ပရှိ မြန်မာသံရုံးများတွင်ပါ လျှောက်ထားနိုင်ပြီဖြစ်ပါကြောင်း၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို ၂၀၁၅ ခုနှစ်မှစတင်၍ ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ယင်းတို့နှင့် သွေးချင်းဆက်စပ်သူ နိုင်ငံခြားသားဟူ၍ အမျိုးအစားလေးမျိုးခွဲခြားသတ်မှတ်ကာ လျှောက်လွှာများလက်ခံဆောင်ရွက်၍ ကော်မတီအဆင့်ဆင့် စိစစ်အကဲဖြတ် ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ စတင်ဆောင်ရွက်ချိန်မှ ယခုအထိ နိုင်ငံခြားသား အမြဲနေထိုင်ခွင့် ၇၀၅ ဦး လျှောက်ထားရာ ၆၁၇ ဦးအား အမြဲနေထိုင်ခွင့် ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ လျှောက်ထားတင်ပြလာသူများအား နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အမှတ်ပေးစည်းမျဉ်းများအရ စိစစ်ခွင့်ပြုပေးလျက်ရှိရာ ယခုအစည်းအဝေးတွင် လုပ်ငန်းကော်မတီမှ စိစစ်တင်ပြလာသူများအား ဗဟိုကော်မတီအဖွဲ့ဝင်များက ထပ်မံစိစစ်အတည်ပြု ဆောင်ရွက်ပေးကြရန်ဖြစ်ပါကြောင်းနှင့် ဗဟိုကော်မတီမှ စိစစ်သုံးသပ်အတည်ပြုပြီးပါက ၎င်းတို့အား လူတွေ့မေးမြန်းအကဲဖြတ်ရန် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး လူတွေ့မေးမြန်းအကဲဖြတ်ခြင်းလုပ်ငန်းစဉ်အား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေပေါ်မူတည်၍ ချင့်ချိန်သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူးကိုယ်စား လုပ်ငန်းတာဝန်ခံအရာရှိက နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် လုပ်ငန်းဆောင်ရွက်မှု၊ အမှတ်ပေးစနစ်နှင့် လက်ရှိလျှောက်ထားမှု၊ ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးပါက လူတွေ့အစစ်ဆေးခံနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များက နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုနိုင်ရေးအတွက် လုပ်ငန်းကော်မတီမှ အတည်ပြုတင်ပြသည့် လျှောက်ထားသူတစ်ဦးချင်းအား သုံးသပ်ချက်များဖြင့် အသီးသီးဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။


ယခုအစည်းအဝေးတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် ထပ်မံလျှောက်ထားသူများအနက် လုပ်ငန်းကော်မတီမှ ပဏာမစိစစ်ပြီးသည့် ကျွမ်းကျင်ပညာရှင်တစ်ဦး၊ ရင်းနှီးမြှုပ်နှံသူ နိုင်ငံခြားသားသုံးဦး၊ မြန်မာနိုင်ငံသားဟောင်း ၃၀၊ သွေးချင်းဆက်စပ်သူ နိုင်ငံခြားသား ၁၅ ဦး၊ ယင်းတို့နှင့်တွဲ၍ လျှောက်ထားသည့် မိသားစုဝင် ၂၁ ဦး စုစုပေါင်း ၇၀ အား ဗဟိုကော်မတီမှ စိစစ်အတည်ပြုဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါစိစစ်ပြီးသူ ၇၀ တို့အား လူတွေ့အကဲဖြတ်စစ်ဆေးနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေကို ချင့်ချိန်သုံးသပ်ကာ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ရပ်ရွာစေတနာ့ဝန်ထမ်းသင်တန်းတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည့် ရပ်ရွာစေတနာ့ဝန်ထမ်း (Community COVID Volunteer-CCV) များ လေ့ကျင့်မွေးထုတ် အကောင်အထည်ဖော်ရေးအသိပညာပေး အွန်လိုင်းသင်တန်းအစီအစဉ်ကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



### လိုအပ်နေကြဆဲ

သင်တန်းတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်းကို ရင်ဆိုင်ကျော်လွှားနေရဆဲဖြစ်ပြီး မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ မပြန့်ပွားရေးကိုလည်း အထူးအလေးထား ဆောင်ရွက်နေရချိန်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ကူးစက်ပုံနည်းလမ်းများနှင့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို သိရှိနားလည်ကြပြီးဖြစ်သော်လည်း အလေ့အထဖြစ်အောင် အလေ့အကျင့် ပြုလုပ်ခြင်းတွင် လိုအပ်နေကြဆဲဖြစ်ကြောင်း၊ မိမိကစ၍ သတိမလွတ်ဘဲ စည်းကမ်းလိုက်နာကာကွယ်နိုင်ရန် အားပေးတိုက်တွန်းခြင်း၊ ပညာပေးခြင်းများကို ဆောင်ရွက်ရဆဲဖြစ်ပါကြောင်း။

ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါတားဆီးထိန်းချုပ်ရေးအတွက် ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်ကို အကောင်အထည်ဖော်နေရခြင်းဖြစ်ပါကြောင်း၊ ပြည်သူလူထုအတွင်း ရပ်ကွက်၊ ကျေးရွာများအထိ အမှန်တကယ်လိုက်နာကြရန် ပညာပေးမှုအပိုင်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်ရန်လည်း လိုအပ်ဆဲဖြစ်ပါကြောင်း၊ ထို့ကြောင့် ရပ်ကွက်၊ ကျေးရွာများမှ လူငယ်ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများအပါအဝင် ပြည်သူများ၏အင်အားဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်နိုင်ရန် ရပ်ကွက်၊ ကျေးရွာပြည်သူများပါဝင်သော ရပ်ရွာစေတနာ့ဝန်ထမ်းများ မွေးထုတ်ပေးနိုင်ရန်အတွက် စီမံချက်ကိုရေးဆွဲပြီး ပူးပေါင်းပါဝင်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများကို သင်တန်းပေးဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းစီမံချက်၏ ရည်ရွယ်ချက်အရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ရပ်ရွာအလိုက် ပြည်သူအများပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ထိန်းချုပ်ရေး အထူးစီမံချက်တွင် ရပ်ရွာအလိုက် ပြည်သူအများပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သော Community COVID Volunteer – CCV များ၏ ကဏ္ဍသည် အဓိကတစ်နေရာကပါဝင်ပြီး အလွန်အရေးကြီးပါကြောင်း၊ အထူးသဖြင့် မိမိတို့ ရပ်ကွက်၊ ကျေးရွာများအတွင်း ကိုဗစ်-၁၉ ဆိုင်ရာ ထိရောက်သောပညာပေးခြင်းတွင် လူတိုင်း အပြင်ထွက်လျှင် ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး ပညာပေးစီမံချက်အောင်မြင်ရေး၊ ကိုဗစ်-၁၉ သံသယလူနာများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ စစ်ဆေးခြင်း၊ လိုအပ်ပါက ထိန်းချုပ်ကုသမှု ခံယူရရှိစေရေး၊ ရပ်ကွက်၊ ကျေးရွာအတွင်း သံသယလူနာများ၊ ရောဂါပိုးရှိသူနှင့် ထိတွေ့သူများ၊ ရောဂါပိုးစစ်ဆေးတွေ့ရှိသူများကို လိုအပ်သောသယ်ယူပို့ဆောင်ပေးခြင်းနှင့် ပံ့ပိုးကူညီမှုပေးနိုင်ရေး စသည်တို့ကို မိမိတို့ ရပ်ကွက်၊ ကျေးရွာအတွင်း ထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို အကောင်းဆုံးကူညီမှုပေးနိုင်ပြီး ကူးစက်မှုနှင့်သေဆုံးမှုနှုန်း ကျဆင်းရေးကို ဆက်လက်ဦးတည်စေမည်ဖြစ်ပါကြောင်း။

### ပြည်သူလူထုအခြေပြုလုပ်ငန်းတစ်ခုဖြစ်

ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးပေးနိုင်သောအချိန်တွင်လည်း ရပ်ကွက်၊ ကျေးရွာအလိုက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စေတနာ့ဝန်ထမ်းများအား သတ်မှတ်ပေးမည့်တာဝန်များကိုလည်း ပူးပေါင်းဆောင်ရွက်နိုင်ကြရန်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလတွင်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရပ်ကွက်၊ ကျေးရွာ စေတနာ့ဝန်ထမ်း (Community / Village Volunteer) များအနေဖြင့် ဆက်လက်၍ တက်ကြွစွာပူးပေါင်းဆောင်ရွက်နိုင်ရန်တို့ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုသင်တန်းသည် ရည်ရွယ်ချက်အလွန် ကောင်းမွန်ပြီး ပြည်သူလူထုအခြေပြုလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ သင်တန်းပြီးဆုံး၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ မိမိတို့ ရပ်ကွက်၊ ကျေးရွာနှင့် သက်ဆိုင်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေးဌာန၊ တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံ စသည့်ဌာနများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အလိုက်ဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်နိုင်ကြစေရန်လည်း တိုက်တွန်းအပ်ပါကြောင်း။

ယနေ့ကျင်းပသော ပထမအကြိမ် Community COVID Volunteer – CCV အသိပညာပေးသင်တန်း အစီအစဉ်တွင် မန္တလေးတိုင်းဒေသကြီးမှ ရပ်ရွာစေတနာ့ဝန်ထမ်း ၁၃၉ ဦး ပါဝင်မည်ဖြစ်ပါကြောင်း၊ ဤသင်တန်းကို အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူးရုံးနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်များ၊ အမျိုးသမီးကော်မတီတာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းတာဝန်ရှိသူများနှင့် ပူးပေါင်း၍ စေတနာ့ဝန်ထမ်းများကို စုဆောင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် အသိပညာပေးသင်တန်းအစီအစဉ်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယနေ့အသိပညာပေး အစီအစဉ်တွင် ပါဝင်ဆွေးနွေးပေးကြမည့် မြန်မာနိုင်ငံဆရာဝန်အသင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ ပညာရှင်ဆရာ၊ ဆရာမများအား ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားလိုပါကြောင်း၊ အသိပညာပေးသင်တန်း အစီအစဉ်မှတစ်ဆင့် ဆောင်ရွက်ရမည့် အခြေအနေများနှင့် သိလိုသည်များကို အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ကြမည်ဖြစ်၍ လက်တွေ့ပြည်သူ့အကျိုးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူမှုအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဖော်ဆောင်နိုင်ကြမည်ဟု အလေးအနက် ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမြသီတာက အသိပညာပေးသင်တန်းအစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆရာဝန်အသင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပညာရှင်ဆရာ ဆရာမများက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ရှင်းလင်းပို့ချခဲ့ကြပြီး စေတနာ့ဝန်ထမ်းများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်



**နေပြည်တော် ဇန်နဝါရီ ၁၂**

ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းဆိုင်ရာကိစ္စရပ်များ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်အတွက် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**ကန့်သတ်ထားခြင်းမရှိတော့**

အစည်းအဝေးတွင် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ၂၀၂၁ ခုနှစ် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းအတွက် ထုတ်လုပ်သည့် ခုနှစ်သတ်မှတ်ချက်တွင် ယာဉ်အိုယာဉ်ဟောင်း အစီအစဉ်၊ တစ်ဦးချင်းအစီအစဉ်ဟူ၍ ကန့်သတ်ထားခြင်း မရှိတော့ဘဲ လူစီးယာဉ်တင်သွင်းခြင်းတွင် သုံးနှစ်အတွင်း ထုတ်လုပ်သည့် မော်တော်ယာဉ်၊ လုပ်ငန်းသုံးယာဉ်တင်သွင်းခြင်းတွင် ငါးနှစ်အတွင်း ထုတ်လုပ်သည့် မော်တော်ယာဉ်၊ မီးသတ်ယာဉ်၊ လူနာတင်ယာဉ်များ တင်သွင်းခြင်းတွင် (၁၀) နှစ်အတွင်း ထုတ်လုပ်သည့် မော်တော်ယာဉ်နှင့် လုပ်ငန်းသုံးယန္တရားများအတွက် လွန်ခဲ့သည့် ၁၅ နှစ်အတွင်း ထုတ်လုပ်သည့် ယာဉ်များ တင်သွင်းရန် သတ်မှတ်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်/ စစ်မှုထမ်းကောင်းတံဆိပ်/ ရဲမှုထမ်းကောင်းတံဆိပ်ရရှိပြီးသော ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ရာထူးအဆင့်အလိုက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းအတွက် ကြော်ငြာချက်ထုတ်ပြန်ခဲ့ပြီး ခွင့်ပြုခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၇ ရက်အထိ ၁၂၃ ဦး ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများ အရောင်းပြခန်းမှ မော်တော်ယာဉ် ဝယ်ယူခြင်းအတွက်လည်း လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များက မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၁ ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဖြင့် တင်ရန်ရည်ရွယ်၍ တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၁ ကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် Virtual စနစ်ဖြင့် ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး၊ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ အယ်လ်တူးမိန်းဂေါင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က အွန်လိုင်းစနစ်ဖြင့် တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပထမအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိလည်းကောင်း၊ ဒုတိယအကြိမ်ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိလည်းကောင်း ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီး ယခု တတိယအကြိမ် ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၅ ရက်အထိ Virtual စနစ်ဖြင့် ကျင်းပနိုင်ရန် နိုင်ငံတော် သမ္မတရုံးနှင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ တင်ပြခဲ့ပြီး အဆိုပါ တင်ပြချက်အရ သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၁ ပွဲတော်ကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၅ ရက်အထိ MRTV ၊ MRTV-4 ၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း (NRC) ၊ Web portal ၊ Webiner (Web program)၊ Facebook platform တို့မှ Virtual စနစ်ဖြင့်ဆောင်ရွက်မည့် အစီအစဉ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ညှိနှိုင်းဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနများသို့ လိပ်မူပြီး အကြောင်းပြန်လာခဲ့သဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ပွဲတော်ကျင်းပနိုင်ရန် ယခုအစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ပါကြောင်း။

သွေးချင်းတို့ရဲ့ပွဲတော်ဆီပွဲတော်ကို ငြိမ်းချမ်းရေး၊ တိုင်းရင်းသားများချစ်ကြည်ရင်းနှီးရေး၊ ရိုင်းပင်းကူညီရေး၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ တောတောင်ရေမြေအလှများ၊ တိုင်းရင်းသားဒေသ အခြေပြုခရီးသွားလုပ်ငန်းများ အပြင် ရိုးရာအဝတ်အထည်များ၊ ဒေသထုတ်ကုန်များကို နိုင်ငံတကာသို့တင်ပို့နိုင်ရေး ရည်ရွယ်၍ ကျင်းပ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုပွဲတော်ကဲ့သို့ တိုင်းရင်းသားများ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ ရင်းရင်းနှီးနှီး ဆုံဆည်းရာ ရိုးရာယဉ်ကျေးမှုများ ဖော်ထုတ်ရာပွဲတော်ဖြစ်ခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို တစ်ကမ္ဘာလုံး ရင်ဆိုင်နေရသည့် ယခုလိုကာလတွင် သွေးချင်းတို့ရဲ့ပွဲတော်ဆီကို မြေပြင်၌ ကျင်းပခြင်းမပြုလုပ်ဘဲ ရုပ်သံလိုင်းများတွင် ကျင်းပရမည့်အတွက်ကြောင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအရလည်း အခက်အခဲများဖြင့် ရင်ဆိုင်ရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းများအားလုံးကို လူစုလူဝေးမဖြစ်ပေါ်စေရေး၊ ကူးစက်ရောဂါပြန့်ပွားမှု မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို အထူးဂရုပြုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုကျင်းပမည့်ပွဲတော်သည် တိုင်းရင်းသားများအတွက် အကျိုးအမြတ်၊ အသိပညာများရရှိစေရန် ဆောင်ရွက်ရခြင်းသည် ကောင်းမွန်သော အရာများဖြစ်သော်လည်း၊ တိုင်းရင်းသားပြည်သူများ ထိခိုက်စေမည့်အရာများကိုလည်း ရှောင်ရှားရန်လိုအပ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူများအတွက် ကောင်းမွန်သောရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သည့် ကိစ္စဖြစ်သည့်အတွက် တိုင်းရင်းသားများ၏ အကျိုးစီးပွား၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားဒေသ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ဒေသထွက်ကုန်များ ပိုမိုမြင့်တင်နိုင်ရေး စသည်များကို အထောက်အကူပြုစေရန် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးလှမော်ဦးက သွေးချင်းတို့ရဲ့ပွဲတော်ဆီပွဲတော်သည် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု၊ ရင်းနှီးချစ်ကြည်မှုကိုဖော်ဆောင်ပေးရာ ရောက်ပါကြောင်း၊ ယုခု ကာလသည် ကိုဗစ်ကာလဖြစ်သည့်အတွက် မြေပြင်တွင် ကျင်းပခြင်းမပြုတော့ဘဲ Virtual စနစ်ဖြင့် ကျင်းပပါက တိုင်းရင်းသားများ ပါဝင်မပတ်သက်နိုင်သော်လည်း ယခင်ကဆောင်ရွက်ခဲ့သည့် အတွေ့အကြုံကို သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ပြီး ကဏ္ဍအလိုက် ကျင်းပပါက မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်မည်ဟု ယုံကြည်ပါကြောင်းနှင့် တိုင်းရင်းသား လူမျိုးများအကြား ယုံကြည်မှုများ ပိုမိုတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာနှင့် တာဝန်ရှိသူများက “သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၁” ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ အကျဉ်းချုပ်တင်ပြခဲ့သည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ အယ်လ်တူးမိန်းဂေါင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦး၊ တိုင်းရp6င်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်၊ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလေး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းတင်နှင့် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက အထွေထွေဆွေးနွေးတင်ပြကြရာ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းပေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ
## တစ်သက်တာစာပေဆုကိုစာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်) ရရှိ

**ရန်ကုန် ဇန်နဝါရီ ၁၂**

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ကို နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်အတွက် ပခုက္ကူစာပေဆုရရှိသူများ၏ အမည်စာရင်းကို ပခုက္ကူစာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာရာ တစ်သက်တာစာပေဆုကို စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ်(မကြွယ်ကြွယ်) က ရရှိသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို **မှုဝေ(ဥက္ကံ)**ရေးသားသည့် **ဆင်သေပေါ်က ဆိတ်သားရေများ**၊ ဒုတိယဆုကို **မောင်နေခြည်(ပြည်)**ရေးသားသည့် **စံပယ်ပန်း၏ အလွမ်းပုံပြင်**၊ တတိယဆုကို **ကိုရွှေသံ (မြန်မာစာ)**ရေးသားသည့် **ပဆစ်အိမ်** စာမူတို့က လည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို **မကျေးဥ** ရေးသားသည့် **ဘဝတစ်ဆစ် ကြာတစ်ဆစ်နှင့်အခြားဝတ္ထုတိုများ**၊ ဒုတိယဆုကို **မောင်မဲတူ (စီမံကိန်း)** ရေးသားသည့် **မေတ္တာရိပ်မှာအေးရိပ်ခိုနှင့် အခြားဝတ္ထုတိုများ**၊ တတိယဆုကို **မှုဝေ (ဥက္ကံ)** ရေးသားသည့် **ရင်မှာစွဲထင်အမှတ်တရ ကြေးမုံပြင်** စာမူတို့ကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ဒုတိယဆုကို **မောင်ငြိမ်းရည်(မင်းကင်း)** ရေးဖွဲ့သည့် **ချင်းတွင်းဒေသ အလှမြေကဗျာများ**၊ တတိယဆုကို **ဇော်နိုင်မိုး(ဘိုကလေး)**ရေးဖွဲ့သည့် **ရေယမုန်ရွှေဂုဏ် အပြည့်နှင့် ရောဝတီကဗျာများ** စာမူကလည်းကောင်း၊ ကျမ်းစာပေဆုတွင် ပထမဆုကို **သူရဇော်**ရေးသားသည့် **စာမရီ**၊ ဒုတိယဆုကို **မောင်ယဉ်လှိုင်း (ပျဉ်းမဖြိုင်)**ရေးသားသည့် **ဗုဒ္ဓပုံရိပ်သရုပ်ဖော် အနုပညာနှင့် မြန်မာ့အနုပညာလက်ရာများ**၊ တတိယဆုကို **မြန်ဂုဏ်ဆောင်** ရေးသားသည့် **နဝရတ်ကိုးသွယ် သိမှတ်ဖွယ်** စာမူတို့ကလည်းကောင်း၊ သုတေသနစာပေဆုတွင် ဒုတိယဆုကို **အောင်ပန်းဝေ(LLB)** ရေးသားသည့် **မြန်မာ့ရိုးရာစစ်တုရင်ကစားခြင်းပညာ**စာမူတို့ကလည်းကောင်း အသီးသီး ရရှိကြသည်။

ထို့ပြင် ပခုက္ကူစာပေဆုပညာသင်ဆုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ ဒုတိယနှစ် (ဂီတပညာဌာန)မှ **မသဇင်သီရိခေတ်**က လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ပထမနှစ် (ပန်းချီပညာဌာန)မှ **မသုန္ဒြာစိုး**တို့ကလည်းကောင်း ရရှိကြပြီး ၂၀၁၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆုကို **ပါမောက္ခဒေါက်တာကိုလေး (မျက်စိအထူးကု ဆရာဝန်ကြီး)**ရေးသားသည့် **ကိုလေးပြောတဲ့ကိုလေးအကြောင်း**စာအုပ်၊ **အောင်သမာဓိ ဦးအောင်**ရေးသားသည့် **စာတစ်လုံး (၁၂)** စာအုပ်နှင့် **ပါမောက္ခ ဒေါက်တာစိုးတင်** ရေးသားသည့် **အသံမဲ့ ကမ္ဘာမှကယ်တင်ခြင်း** စာအုပ်တို့က ရရှိသည်။

ပခုက္ကူစာပေဆု ဆုရရှိသူများသည် စာပေဗိမာန် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ စာတည်းမှူးချုပ် ဖုန်းနံပါတ် ၀၁-၃၈၇၇၂၄ နှင့် စီမံရေးရာဌာန ဖုန်းနံပါတ် ၀၁-၃၈၁၄၄၉ သို့ ဆက်သွယ်ကြရန်နှင့် ယခုအခါ ကိုဗစ်-၁၉ ရောဂါထိန်းချုပ် ကာလဖြစ်၍ ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပမည့် အချိန်၊ နေရာနှင့် နေ့ရက်တို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းသုံးဆေးပစ္စည်းများ ပေးအပ်လှူဒါန်း



**နေပြည်တော် ဇန်နဝါရီ ၁၂**
တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ခိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ Economic and Commercial Counsellor of Chinese Embassy to Myanmar ဖြစ်သူ Mr. Tan Shufu၊ First Secretary, Ms. Zhou Nan၊ First Secretary, Mr. Zhang Long ၊ Mr. Xiao Hongxuan၊ Ms. Wang Kun၊ Mr. Huang Taijing နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပထမအသုတ်ဖြစ်**

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ယနေ့ ပေးအပ်လှူဒါန်းသည့် ဆေးပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ၏ မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်တွင် အထူးလေယာဉ်ဖြင့် သယ်ဆောင်လာခြင်းဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးသည် မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကျင်းပပြီးစီးပြီးနောက် ပထမဆုံးအဖြစ်ရောက်ရှိလာသည့် နိုင်ငံခြားရေးဝန်ကြီးဖြစ်ပါကြောင်း၊ ယခုလှူဒါန်းသည့် ဆေးပစ္စည်းများ၏ တန်ဖိုးမှာ ယွမ် ၂၅၀၀၀၀ တန်ဖိုးရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဆက်လက်ပေးအပ်မည့် ယွမ်ငွေ သုံးသန်းတန်ဖိုးရှိ ပစ္စည်းများအနက် ပထမအသုတ်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် မြန်မာ–တရုတ် ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို လေးစားပြီး၊ “တစ်လှေတည်းစီး၊ တစ်ရေတည်းသောက်၊ အေးအတူပူအမျှ အသိုက်အဝန်း” အဖြစ်ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်စဉ်တွင်လည်း မြန်မာနိုင်ငံက တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အကူအညီများ ပေးအပ်ခဲ့သကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံသို့ ကျန်းမာရေးပညာရှင်အဖွဲ့များ စေလွှတ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းများပံ့ပိုးပေးခြင်းများ လုပ်ဆောင်လျက်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာ–တရုတ် လုပ်ငန်းအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် အေးအတူပူအမျှနေထိုင်ရေးတို့ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကလည်း မြန်မာ–တရုတ် ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ရေး၊ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့် တွန်းအားပေးရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ကူညီဆောင်ရွက်ရေးတို့ကို အရေးကြီးသတ်မှတ် သဘောထားပါကြောင်း၊ မြန်မာနိုင်ငံ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက စဉ်ဆက်မပြတ်ကူညီလျက်ရှိရာ ကိုဗစ်–၁၉ ကာကွယ်ဆေး သုံးသိန်းကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန၊ လေ့ကျင့်ရေးနှင့် သုတေသနဌာန(Center for Disease Control, Training and Research, Myanmar) တည်ဆောက်ရေးလုပ်ငန်းကိုလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကူညီပေးလျက်ရှိပါကြောင်း၊ မြန်မာ–တရုတ် ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဆယ်စုနှစ်ပေါင်းများစွာ ကဏ္ဍများစွာတွင် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ပူပေါင်းဆောင်ရွက်နေမှုများနှင့် ယခုကဲ့သို့ လှူဒါန်းမှုများနှင့် ကူညီပံ့ပိုးပေးမှုများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နိုင်ငံသားများကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းပေးအပ်မှုကြောင့် မြန်မာနိုင်ငံ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် များစွာ အကျိုးရှိမည်ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ကျန်းမာရေးကဏ္ဍအတွက် နယ်စပ်ဒေသကျန်းမာရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ သုတေသနပူးပေါင်းဆောင်ရွက်မှုများ၊ ရာသီတုပ်ကွေး (H1N1) ကူးစက်မှုဖြစ်စဉ်တွင် ပံ့ပိုးခဲ့မှုများ၊ ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေးနှင့် အသည်းရောင်အသားဝါ–ဘီရောဂါကာကွယ်ဆေးများ ပေးအပ်မှုများအပါအဝင် ပံ့ပိုးမှုများစွာ ပြုလုပ်ခဲ့သောကြောင့် မြန်မာနိုင်ငံ ပြည်သူများအတွက် အကျိုးများစွာ ရှိခဲ့ပါကြောင်း၊ ကိုဗစ်–၁၉ ဖြစ်စဉ်တွင်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျန်းမာရေးပညာရှင်များ မြန်မာနိုင်ငံသို့ လာရောက်ကာ ရောဂါကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးအတွေ့အကြုံများ ဝေမျှခြင်း၊ ကိုဗစ်–၁၉ ဓာတ်ခွဲစစ်ဆေးမှုအတွက် သင်တန်းများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပံ့ပိုးမှုဖြင့် တည်ဆောက်နေသည့် မြန်မာနိုင်ငံ ကူးစက်ရောဂါကာကွယ် ထိန်းချုပ်ရေး ဗဟိုဌာန၊ လေ့ကျင့်ရေးနှင့် သုတေသနဌာန(Center for Disease Control, Training and Research, Myanmar) တို့သည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအတွက် များစွာအကျိုးရှိစေမည်ဖြစ်ပါကြောင်း။

**ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်**

အဆိုပါ ဗဟိုဌာနကြီး ပြီးစီးပြီးနောက် ပြည်သူ့ကျန်းမာရေးပညာရှင်များနှင့် သုတေသနပညာရှင် များစွာကို လေ့ကျင့်သင်တန်းများပေးအပ်နိုင်ကာ ဗဟိုဌာနတွင် ပါဝင်သည့် ဇီဝလုံခြုံမှု အဆင့်မြင့်ဓာတ်ခွဲခန်းများဖြင့် အဆင့်မြင့်ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများလည်း ပြုလုပ်နိုင်မည်ဖြစ်ပါကြောင်း၊ အလားတူ အဆင့်မြင့်သုတေသနများကိုလည်း လုပ်ဆောင်သွားနိုင်မည်ဖြစ်သဖြင့် အဆိုပါ ဗဟိုဌာနကြီးသည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုပြယုဂ်အဖြစ် နှစ်ပေါင်းများစွာ တည်ရှိသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဆက်လက်ပေးအပ်မည့် ယွမ်ငွေ သုံးသန်းတန်ဖိုးရှိ ပစ္စည်းများကို အသုတ်လိုက်ပေးပို့သွားမည်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရှိစွာဖြင့် လုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ စုစုပေါင်း ယွမ်ငွေ ၂၅၀၀၀၀ တန်ဖိုးရှိ ပါးစပ်နှင့် နှာခေါင်းစည်း (mask) ခုရေ တစ်သိန်း၊ KN95 mask ခုရေ သုံးသောင်းနှင့် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ နှစ်ထောင်တို့ကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**



# ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ပထမ သုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ပထမ သုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ တိုင်းဒေသကြီးအဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ တိုင်းဒေသကြီး ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများက မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအားရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ကိုဗစ် –၁၉ ရောဂါ ကာကွယ်ဆေး ဝယ်ယူနိုင်ရန် CB ဘဏ်က ငွေကျပ် သိန်းနှစ်သောင်း လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၂**
မြန်မာနိုင်ငံရှိ ပြည်သူ/ ပြည်သားများ ကိုဗစ်–၁၉ ကာကွယ်ဆေး အခမဲ့ထိုးနှံနိုင်ရေးအတွက် CB Bank မှ ကိုဗစ်–၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ (Covid–19 Vaccination Fund) သို့ ငွေကျပ်သိန်းပေါင်း နှစ်သောင်း (၂ ဘီလီယံ)ကို ယနေ့ မြန်မာ့စီးပွားရေးဘဏ် ငွေစာရင်းအမှတ် OA 013733 သို့ ပေးသွင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

CB Bank က ပဲခူးတိုင်းဒေသကြီးအတွင်းရှိ Covid–19 Positive လူနာများကို ကုသပေးရန်အတွက် ပဲခူးတက္ကသိုလ်အတွင်း ဖွင့်လှစ်ထားရှိသည့် လူနာ ၃၅၀ ဆံ့ CB Center Covid–19 ယာယီ ကုသရေးဆေးရုံ အဆောင်(၁)၊ (၂)နှင့် သုံးထပ်ဆောင်တို့ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၀ ရက်မှ စတင်ဖွင့်လှစ်၍ လူနာများကို လက်ခံကုသပေးလျက်ရှိရာ ယနေ့ထိ လက်ခံကုသပေးခဲ့သည့် လူနာပေါင်း ၁၈၁၇ ဦး ရှိပြီဖြစ်ကြောင်းလည်း သိရသည်။



CB Bank အနေဖြင့် ကိုဗစ်– ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကာကွယ်ဆေးဝယ်ယူရန်တို့အတွက် ကိုဗစ် –၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှ ယနေ့အထိ စုစုပေါင်း ငွေကျပ်သိန်းပေါင်း သုံးသောင်းရှစ်ထောင် (၃ ဒသမ ၈ ဘီလီယံ)ကို လှူဒါန်း ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

# ပထမအကြိမ် အမျိုးသားအဆင့်စီမံကိန်း ဦးဆောင်ကော်မတီ (NPSC) အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**
ပထမအကြိမ် အမျိုးသားအဆင့်စီမံကိန်း ဦးဆောင်ကော်မတီ (NPSC) အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**စီမံကိန်းကာလ တစ်နှစ်ထပ်မံတိုးမြှင့်**

အစည်းအဝေးတွင် စီမံကိန်းဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်က မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှုမြှင့်တင်ခြင်းစီမံကိန်း FARM Project ၏ စီမံကိန်းခြောက်နှစ်တာကာလ လျာထားဆောင်ရွက်မှုအပေါ် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လုပ်ငန်းနှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်ခဲ့သည့်အတွက် စီမံကိန်းကာလတစ်နှစ်ထပ်မံ တိုးမြှင့်ခြင်းနှင့်အတူ ကျန်ရှိလျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် နည်းလမ်းများကို မူဘောင်အတွင်း တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် FARM Project ကို စီမံကိန်းကာလ ခြောက်နှစ်ကာလ၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်တွင် ပြီးစီးရန် လျာထားဆောင်ရွက်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လုပ်ငန်းနှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်သည့်အတွက် စီမံကိန်းကာလ တစ်နှစ်ထပ်မံတိုးမြှင့်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ရန်ကျန်ရှိနေသေးသည့် စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း၊ ရေသွင်းမြောင်းနှင့် ရေနုတ်မြောင်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း၊ ရေအသုံးချသူအသင်းအဖွဲ့များ တည်ထောင်ခြင်း၊တောင်သူပညာပေးလုပ်ငန်းများ၊ တောင်သူများ မြေယာမဲ့များကို စိတ်ဝင်စားမှု တူညီရာအဖွဲ့(Common Interest Group-CIG) များ လက်ကျန်ရန်ပုံငွေများ သုံးစွဲခြင်းနှင့် Community ဖွံ့ဖြိုးရေးလုပ်ငန်းများအား ထပ်မံတိုးမြှင့်သည့် ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန် ကိစ္စရပ်များအား အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဆောင်ရွက်နိုင်ခဲ့**

အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ငွေကြေးရန်ပုံငွေအဖွဲ့ (International Fund for Agriculture Development-IFAD) နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှုမြှင့်တင်ခြင်းစီမံကိန်း (Forestering Agricultural Revitalization in Myanmar- FARM Project) အား ၂၀၁၄ ခုနှစ်မှစတင်၍ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအထိ ခြောက်နှစ်ကြာဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သည့် စီမံကိန်းဖြစ်သည်။ စီမံကိန်းရလဒ်အဖြစ် စိုက်ပျိုးရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် စနစ်တကျ လယ်ယာမြေဖော်ထုတ်ခြင်း၊ ရေသွင်းမြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရေနုတ်မြောင်းဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးနှင့် စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများကဏ္ဍတွင် အသိပညာဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံရေး၌ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ (Knowledge Centre)များ တည်ဆောက်ခြင်း၊ စံပြကွက်များ ပြုလုပ်ခြင်း၊ သင်တန်းများပို့ချပေးခြင်း၊ တောင်သူကွင်းသင်တန်းကျောင်း(FFS)ဖွင့်လှစ်ခြင်း၊ အပင်ဆေးခန်း(Plant Clinic)များ ဖွင့်လှစ်ခြင်းနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု CIG အဖွဲ့ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

အစည်းအဝေးသို့ စီမံကိန်းဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ စီမံကိန်းဒါရိုက်တာနှင့်အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ငွေကြေးရန်ပုံငွေအဖွဲ့ (International Fund for Agriculture Development-IFAD) မှ တာဝန်ခံကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# (၁၇) ကြိမ်မြောက် မြန်မာ- တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**
(၁၇) ကြိမ်မြောက် မြန်မာ-တရုတ်နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC) ၌ အိမ်ရှင်နိုင်ငံအဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်**

အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့က နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC) မှ အထွေထွေအတွင်းရေးမှူးချုပ်နှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူရို (NCB) ညွှန်ကြားရေးမှူးချုပ် Mr.Liang Yun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်(NNCC)မှ အထွေထွေအတွင်းရေးမှူးချုပ်နှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူရို (NCB) ညွှန်ကြားရေးမှူးချုပ် Mr.Liang Yun က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က (၁၇) ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ အခြေအနေကြောင့် အွန်လိုင်းစနစ်ဖြင့် ကျင်းပခဲ့ရပါကြောင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်နိုင်ငံတည်းဖြင့် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်၍မရဘဲ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းများဖြင့် အပြန်အလှန်ကူညီထောက်ပံ့မှုများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှသာ ထိရောက်စွာ ထိန်းချုပ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိတ်ပြောင်းဆေးဝါးနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သည့် ပရီကာဆာဓာတုပစ္စည်းများ သယ်ဆောင်ရောင်းဝယ်မှုတွင် လွန်စွာမြင့်မားလာသဖြင့် ပရီကာဆာဓာတုပစ္စည်းထိန်းချုပ်မှုလုပ်ငန်းတွင် အရေးတကြီး ဆောင်ရွက်ရမည့် ကိစ္စတစ်ခုဖြစ်လာကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပရီကာဆာထုတ်လုပ်သည့် နည်းပညာများနှင့် စက်ရုံ၊ အလုပ်ရုံများမရှိသော်လည်း နိုင်ငံ၏ရှည်လျားလှသည့် နယ်နိမိတ်တွင် ဝင်/ထွက်ပေါက်များကို အပြည့်အဝ ထိန်းချုပ်ရန်ခက်ခဲခြင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်သူများအနေဖြင့် နယ်စပ်ဒေသတွင်ရှိနေသည့် အချို့သောအဖွဲ့အစည်းများကို အသုံးချအခွင့်ကောင်းယူ၍ ပရီကာဆာဓာတုပစ္စည်းများအား နယ်စပ်ဒေသမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေမှုကလည်း မိမိတို့အတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို မိမိတို့၏ အင်အားနှင့် စွမ်းရည်ရှိသမျှ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသော်လည်း မူးယစ်ဆေးဝါးဈေးကွက်သည် နိုင်ငံတကာတွင် ဝယ်လိုအား မြင့်တက်လျက်ရှိသည့်အတွက် ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများ နည်းမျိုးစုံဖြင့် ထိုးဖောက်ဝင်ရောက်လာမှုကလည်း အဓိကရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှု အခြေအနေနှင့် လမ်းကြောင်းအခြေအနေတို့အား သုံးသပ်ပြီး လိုအပ်သည့်နယ်မြေများတွင် တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော နယ်စပ်ဒေသများတွင် မိမိတို့အနေဖြင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်နိုင်မှု အားနည်းနေသေးသဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် တရားမဝင် ဝင်/ထွက်ပေါက်များရှိရာဒေသများတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများအား ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။



**ဆွေးနွေးခဲ့ကြ**

အစည်းအဝေးတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ပြန်လည်သုံးသပ်ခြင်း၊ တရားခံပြေးများ ဖမ်းဆီးရမိရေးနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ တရားမဝင်မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအတွက် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် အစီအမံများ၊ ပရီကာဆာဓာတုပစ္စည်းများ တရားမဝင်ဝင်ရောက်မှုမရှိစေရေး ထိန်းချုပ်ဆောင်ရွက်ရမည့် အခြေအနေများ၊ နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး (၁၈) ကြိမ်မြောက် အစည်းအဝေးအတွက် ကျင်းပမည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်



**နေပြည်တော် ဇန်နဝါရီ ၁၂**
နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးမှစီစဉ်သည့် (၃၉) ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ (ဓါတ်ပုံ)

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၇၈ ဦး၊ ဘရာဇီးမှတစ်ဦး၊ နော်ဝေမှတစ်ဦး၊ အီတလီမှတစ်ဦး၊ တောင်အာဖရိကမှတစ်ဦး၊ အမေရိကန်ပြည်ထောင်စုမှ ၁၀ ဦး မြန်မာနိုင်ငံသား စုစုပေါင်း ၉၂ ဦးလိုက်ပါခဲ့ကြသည်။

ထို့ပြင် အာရပ်စော်ဘွားများပြည်ထောင်စုနှင့် အနီးတစ်ဝိုက်တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၃၆ ဦးအား ရီယာဒ်မြို့ရှိ မြန်မာသံရုံးမှစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ထရမ့်ရဲ့ နိုင်ငံရေးကန့်လန့်ကာချချိန်




မေလဲ့သင်း

**စွပ်စွဲပြစ်တင်မှုလုပ်ငန်းစဉ်က သမ္မတ ထရမ့်ကို သူ့သက်တမ်းကာလအတွင်း ရာထူးကနေဖြုတ်ချဖို့ အချိန်မီတဲ့ လုပ်ငန်းစဉ်တစ်ရပ် ဖြစ်နိုင်ဖွယ် မရှိပေမယ့် ထရမ့်ရဲ့ အနာဂတ်နိုင်ငံရေးလှုပ်ရှားမှုနဲ့ သမ္မတဟောင်းတွေရဲ့ အစဉ်အလာနဲ့ ဂုဏ်သိက္ခာ၊ ခံစားခွင့်တို့အားလုံးကို အပြီးတိုင်အဆုံးသတ်ပေးမယ့် ခြေလှမ်းတော့ ဖြစ်လာပါလိမ့်မယ် . . .**

အမေရိကန်သမ္မတထရမ့်ရဲ့ သက်တမ်းဟာ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၉ ရက်အထိဖြစ်ပြီး တာဝန်ထမ်းဆောင်ချိန် ၁၀ ရက်တောင်မလိုတော့တဲ့ ထရမ့်ကို ဖယ်ရှားရေး ဒီမိုကရက်တွေက ဦးဆောင်ကြိုးပမ်းလာပါတယ်။ ဒီမိုကရက်တို့က ပထမအဆင့်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်အမှတ် ၂၅ နဲ့အညီ ဒုတိယသမ္မတ မိုက်ပန့်စ်နဲ့ အစိုးရအဖွဲ့ဝင်တွေ သမ္မတ ထရမ့်ကို ဖယ်ရှားရေးဆောင်ရွက်ဖို့ တိုက်တွန်းတာပါ။ မိုက်ပန့်စ်က ထရမ့်ကို ဖယ်ရှားရေး မဆောင်ရွက်ဘူးဆိုရင် နောက်တစ်ဆင့်အနေနဲ့ လွှတ်တော်အမတ်တွေက သမ္မတကို ဖြုတ်ချဖို့ စွပ်စွဲပြစ်တင်မှုတွေ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီစွပ်စွဲပြစ်တင်မှုလုပ်ငန်းစဉ်က ဇန်နဝါရီ ၂၀ မတိုင်မီ မပြီးပြတ်ခဲ့ရင်လည်း ဥပဒေကြောင်းအရ တရားစွဲဆိုမှုတွေကို ဆက်လက်လုပ်ဆောင်သွားဦးမှာဖြစ်ပါတယ်။ ဒီတော့ သမ္မတ ထရမ့်အနေနဲ့ နောက်တစ်ကြိမ် နိုင်ငံရေးလောကထဲ ပြန်လည်ဝင်ရောက်ဖို့အခွင့်အရေးဟာ အတော့်ကို နည်းပါးသွားမှာဖြစ်ပြီး သမ္မတဟောင်းတွေရဲ့ ခံစားခွင့်တွေ ဆုံးရှုံးဖို့ရှိနေသလို တစ်ဖက်မှာလည်း နိုင်ငံရေးပိုင်းဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ရေးပိုင်း နာမည်ဂုဏ်သတင်းတွေမှာ ထိခိုက်မှု များစွာကြုံတွေ့လာရဖွယ်ရှိနေပါတယ်။ သမ္မတထရမ့်က ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း သူ့အနေနဲ့ ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်တယ်လို့ အရိပ်အမြွက် ဆိုထားခဲ့ဖူးပြီး ဒီလွှတ်တော်စီးနင်းမှုဖြစ်စဉ်ကြောင့် ထရမ့်ရဲ့ နောက်တစ်ကြိမ် သမ္မတထိုင်ခုံမှာထိုင်ဖို့ အိပ်မက်ဟာ စောစောစီးစီး အဆုံးသတ်ရကိန်း ဆိုက်သွားပြီလို့ ဆိုရမှာဖြစ်ပါတယ်။

**ရလဒ်ကို လက်မခံခဲ့ခြင်းမှသည် ...**

သမ္မတထရမ့်အနေနဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ရှုံးနိမ့်ခဲ့ခြင်းကို လက်မခံလိုဘဲ ရွေးကောက်ပွဲရလဒ်အတွက် ပြည်နယ်အုပ်ချုပ်ရေးမှူးများကို အကြိမ်ကြိမ် ဖိအားပေးပြီး ရလဒ်ပိုင်းပြောင်းလဲဖို့ ကြိုးစားခဲ့ပါတယ်။ ရွေးကောက်ပွဲအတွင်း မသမာမှုတစ်စုံတစ်ရာ မတွေ့ရှိရကြောင်း ထုတ်ပြန်ခဲ့တဲ့ အမိမြေလုံခြုံရေးအေဂျင်စီရဲ့ ဒါရိုက်တာ ခရစ္စ ကာ့ဘ်စ်ကို ရာထူးမှ ထုတ်ပယ်ခဲ့သလို ရွေးကောက်ပွဲဟာ တရားမျှတမှုရှိခဲ့ကြောင်း အတည်ပြုခဲ့တဲ့ ရှေ့နေချုပ် ဘားကိုလည်း ရာထူးကနေ ထုတ်ပယ်ခဲ့ပါတယ်။ ရွေးကောက်ပွဲရလဒ်အတွက် ပြည်နယ်တရားရုံးတွေမှာ တရားစွဲဆိုမှုပြုခဲ့ပေမယ့် သက်သေအထောက်အထားကင်းမဲ့တဲ့ စွပ်စွဲချက်တွေကို တရားရုံးအသီးသီးက ပယ်ချခဲ့တာကြောင့် နောက်ဆုံးကြိုးပမ်းချက်အနေနဲ့ ဥပဒေပြုလွှတ်တော်ရဲ့ ရွေးကောက်ပွဲရလဒ် အတည်ပြုမှုလုပ်ငန်းစဉ်ကို ဖျက်ဆီးဖို့ ကြိုးစားခဲ့တယ်လို့ သုံးသပ်ရပါတယ်။

ဇန်နဝါရီ ၆ရက် ထရမ့် ပြောကြားခဲ့တဲ့ မိန့်ခွန်းထဲမှာ သူ့အနေနဲ့ ဘယ်သောအခါမျှ ရှုံးနိမ့်ခဲ့ခြင်းမရှိသလို တရားမျှတမှုအတွက် သူ့ကို ထောက်ခံခဲ့သူတွေကို လွှတ်တော်ဆီ ချီတက်ကြဖို့ တောင်းဆိုမှုပြုခဲ့တဲ့အချက် ပါဝင်ပါတယ်။ ဒါ့အပြင် အဲဒီနေ့ လွှတ်တော်မှာ ရောက်ရှိနေတဲ့ လွှတ်တော်နာယက တာဝန်ယူထားရတဲ့ ပန့်စ်ကို ရွေးကောက်ပွဲရလဒ် အတည်ပြုမှုလုပ်ငန်းစဉ်ကနေ လှည့်ပြန်လာခဲ့ဖို့ ထပ်တလဲလဲ တောင်းဆိုမှုတွေ လုပ်ခဲ့ပါတယ်။

သမ္မတ ထရမ့်က အဲဒီနေ့ လွှတ်တော်လုံခြုံရေးအတွက် ဝါရှင်တန် အစောင့်တပ်တွေကို တာဝန်မချခိုင်းခဲ့သလို လုံခြုံရေးအင်အားကို မူလအရေအတွက်အောက် လျှော့ချတာဝန်ပေးခဲ့တယ်လို့ သိရပါတယ်။ လွှတ်တော်ဝင်ရောက်စီးနင်းခဲ့တဲ့ ဗီဒီယိုတွေ ထွက်လာချိန်မှာ ဝင်ရောက်စီးနင်းခဲ့သူတွေက ဒုသမ္မတ မိုက်ပန့်စ်ကို သစ္စာဖောက်အဖြစ် သတ်မှတ်ပြီး လွှတ်တော်ကြိုးစင်မှာ ကြိုးပေးသတ်ဖို့ လိုက်လံရှာဖွေခဲ့တာ၊ လွှတ်တော်မြေအောက် ဥမင်တွေကိုပါ ပိတ်ဆို့ပြီး လွှတ်တော်အမတ်တွေအားလုံးကို ပြေးပေါက်ပိတ်ခဲ့တာ၊ နန်စီပလိုစီရဲ့အခန်းကို အတိအကျသိရှိနေတာတွေကြောင့် ဒီကိစ္စရပ်ဟာ ကြိုတင်ကြံစည်ထားခဲ့တာဆိုတဲ့ ယူဆချက်တွေကို ပိုမိုခိုင်မာစေခဲ့ပါတယ်။ လေးနာရီနီးပါးဖြစ်ပွားခဲ့တဲ့ စီးနင်းမှုအတွင်း သမ္မတထရမ့်က ဝါရှင်တန်အစောင့်တပ်တွေကို စေလွှတ်ခြင်းမပြုဖို့ စစ်တပ်ကို အမိန့်ပေးခဲ့တဲ့အတွက် ဝါရှင်တန်အစောင့်တပ်တွေလည်း ရောက်မလာတာကြောင့် မိုက်ပန့်စ်က မေရီလန်းနဲ့ ဗာဂျီးနီးယားတပ်တွေ လာရောက်ကူညီဖို့ တောင်းဆိုခဲ့လို့သာ လွှတ်တော်အမတ်တွေ အသက်ဘေးက လွတ်မြောက်ခဲ့တာဖြစ်ပါတယ်။

**သစ္စာရှင် မိုက်ပန့်စ်**

ဒုသမ္မတ ပန့်စ်အနေနဲ့ ဒီလိုအခြေအနေ ဆိုးကြုံတွေ့ခဲ့ရပေမယ့် ဇန်နဝါရီ ၁၁ ရက်ညနေ သမ္မတ ထရမ့်နဲ့ မိုက်ပန့်စ်တို့ တွေ့ဆုံဆွေးနွေးမှုမှာတော့ နှစ်ဦးနှစ်ဖက် အဆင်ပြေမှုရှိခဲ့တယ်လို့ အိမ်ဖြူတော်ရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။ ထရမ့်ကလည်း သူ့ရဲ့သက်တမ်းကုန်ဆုံးတဲ့အထိ တာဝန်ထမ်းဆောင်လိုတဲ့ ဆန္ဒရှိကြောင်း ပြောကြားခဲ့သလို ပန့်စ်ဘက်ကလည်း သမ္မတကို ဖယ်ရှားဖို့ ဆောင်ရွက်မှာ မဟုတ်ဘူးဆိုတဲ့ သဘောထားကို အခိုင်အမာ ပြသခဲ့ပါတယ်။ ပန့်စ်အပြင် ထရမ့်အစိုးရအဖွဲ့ဝင်အများစုက ထရမ့်ကို သက်တမ်းကုန်ဆုံးတဲ့အထိ တာဝန်ထမ်းဆောင်စေဖို့သာ ဆန္ဒရှိကြတယ်လို့ သိရပါတယ်။ အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီကတော့ ပန့်စ်ရဲ့ တုံ့ပြန်ချက်ကို ၂၄ နာရီစောင့်ဆိုင်းသွားမှာဖြစ်သလို တစ်ဖက်ကလည်း ထရမ့်ကို ဖြုတ်ချရေးစွပ်စွဲပြစ်တင်မှုကို ဆက်လက်လုပ်ဆောင်သွားဦးမှာ ဖြစ်ပါတယ်။

**တာဝန်ယူမှုရှိသင့်**

အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီက လွှတ်တော်စီးနင်းမှု ဖြစ်စဉ်ဟာ သမ္မတ ထရမ့်ရဲ့ လိုလားချက်ကြောင့် ဖြစ်လာရတာဖြစ်ပြီး ဒီဖြစ်စဉ်အတွက် သမ္မတ ထရမ့်အနေနဲ့ တာဝန်ယူရမယ်လို့ ပြောပါတယ်။ ပလိုစီက သမ္မတ ထရမ့်အနေနဲ့ အမေရိကန်နိုင်ငံရေးရဲ့ အနှစ်သာရဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဒီမိုကရေစီနှစ်ရပ်လုံးကို ခြိမ်းခြောက်ခဲ့တာကြောင့် သမ္မတ ထရမ့်ကို စွပ်စွဲပြစ်တင်မှုလုပ်ငန်းစဉ်ကို ဆောင်ရွက်သွားမှာဖြစ်ကြောင်း အတည်ပြုခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရေး ကျွမ်းကျင်သူတွေကြားမှာတောင် သမ္မတ ထရမ့် တာဝန်ပြီးဆုံးချိန်မှာ ဒီစွပ်စွဲပြစ်တင်မှုတွေက အထက်လွှတ်တော်မှာ ထရမ့်ကို ရုံးတင်စစ်ဆေးလို့ ရ၊ မရ ဆိုတာနဲ့ပတ်သက်ပြီး အမြင်မတူတာတွေ ရှိနေပါတယ်။ ဒါပေမယ့် ဒီမိုကရက်တွေကတော့ အောက်လွှတ်တော်ကနေ စွပ်စွဲပြစ်တင်မှုကို အထက်လွှတ်တော်အထိ တင်ပြီး အထက်လွှတ်တော်က သမ္မတကို ရုံးတင်စစ်ဆေးနိုင်မယ်လို့ ယုံကြည်ချက်အပြည့်ရှိနေပါတယ်။ အဲဒီအဆင့်ပြီးနောက် သမ္မတကို ဖြုတ်ချရေး အဆုံးအဖြတ်အတွက် အထက်လွှတ်တော်အမတ်တွေက မဲပေးဆုံးဖြတ်မှာဖြစ်ပြီး သမ္မတကို ဖြုတ်ချနိုင်ဖို့ အထက်လွှတ်တော်အမတ်တွေရဲ့ မဲအရေအတွက် သုံးပုံနှစ်ပုံ လိုအပ်ပါတယ်။ သမ္မတထရမ့်ကို ဖြုတ်ချရေး အထက်လွှတ်တော်အမတ် သုံးပုံနှစ်ပုံက သဘောတူခဲ့ရင် “၁၉၅၈ သမ္မတဟောင်းအက်ဥပဒေ”အရ သမ္မတဟောင်းတစ်ဦးရဲ့ ခံစားခွင့်တွေဖြစ်တဲ့ ပင်စင်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လုံခြုံရေးခံစားခွင့်နှင့် အခြားဆက်စပ်ခံစားခွင့်တွေပါ ဆုံးရှုံးရတော့မှာပါ။

အိမ်ဖြူတော်ကတော့ လွှတ်တော်ဝင်ရောက်စီးနင်းမှုဖြစ်စဉ်က “နိုင်ငံရေးအုံကြွမှုတစ်ရပ်သာဖြစ်ကြောင်း တုံ့ပြန်ခဲ့ပြီး အောက်လွှတ်တော်ရဲ့ စွပ်စွဲပြစ်တင်ရေးအဆိုကို ပယ်ချခဲ့ပါတယ်။ သမ္မတထရမ့်ရဲ့ တိုက်ရိုက်ထုတ်ပြန်ချက်ကတော့ ခုထိထွက်မလာသေးပေမယ့် သမ္မတကတော် မယ်လန်နီယာထရမ့်ကတော့ ဒီလို အကြမ်းဖက်ဆောင်ရွက်ခဲ့ခြင်း လုပ်ရပ်က မှားယွင်းကြောင်းနဲ့ ဒီဖြစ်စဉ်ကြောင့် အခြေအနေတွေ ပိုမိုရှုပ်ထွေးခဲ့ရတယ်လို့ တုံ့ပြန်ခဲ့ပါတယ်။

**မှတ်တမ်းဆိုးတစ်ရပ် ရရှိခဲ့**

ယခုတစ်ကြိမ် စွပ်စွဲပြစ်တင်ရေးလုပ်ငန်းစဉ် ဆောင်ရွက်ခံရမှုက သမ္မတထရမ့်အတွက် ဒုတိယအကြိမ် ဖြစ်ပါတယ်။ အမေရိကန်သမ္မတ သမိုင်းမှာ အန်ဒရူးဂျွန်ဆင် (၁၈၆၈) နဲ့ ဘီလ်ကလင်တန် (၁၉၉၉)တို့ပြီးရင် စွပ်စွဲပြစ်တင်ခြင်းခံခဲ့ရတဲ့ တတိယမြောက် သမ္မတအဖြစ် အစောပိုင်းကတည်းက မှတ်တမ်းဝင်ထားတဲ့ ထရမ့်အတွက်တော့ သမိုင်းမှာ စွပ်စွဲပြစ်တင်မှု နှစ်ကြိမ်ရရှိတဲ့ ပထမဦးဆုံး သမ္မတဆိုတဲ့ မှတ်တမ်းဆိုးတစ်ရပ် ထပ်မံရရှိသွားခဲ့ပါတယ်။ ဒီမိုကရက်တို့က ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှာ သမ္မတ ထရမ့်ကို အာဏာအလွဲသုံးစားမှုနဲ့ ဥပဒေပြုလွှတ်တော်အား အတားအဆီးပြုမှု စတဲ့ စွပ်စွဲချက်နှစ်ရပ်နဲ့ ပထမအကြိမ် စွပ်စွဲပြစ်တင်မှု ဆောင်ရွက်ခဲ့ပါသေးတယ်။ ဒါပေမယ့် ဒီစွပ်စွဲချက်နှစ်ရပ်ကို အထက်လွှတ်တော်က ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၅ ရက်မှာ တရားသေလွှတ်ခဲ့တာကြောင့် ထရမ့်အနေနဲ့ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ယခုတစ်ခါ အခြေအနေကတော့ ယခင်စွပ်စွဲပြစ်တင်ခံရမှုနဲ့ ကွာခြားမှုတွေရှိခဲ့ပြီး အထူးသဖြင့် သမိုင်းတစ်လျှောက် ဘယ်သမ္မတကမှ လုပ်ဆောင်ခြင်းမရှိခဲ့တဲ့ လွှတ်တော်စီးနင်းမှုကို တိုက်တွန်းမှုပြုခဲ့တဲ့ ထရမ့်ကို အထက်လွှတ်တော်အမတ်တွေက အကာအကွယ်ပေးပါ့မလားဆိုတာ စဉ်းစားစရာ ရှိပါတယ်။ ထရမ့်ကို စွပ်စွဲပြစ်တင်မှု လုပ်ငန်းစဉ်ဟာ ထရမ့်ရဲ့ သမ္မတသက်တမ်းအတွင်း ပြီးပြတ်သွားဖို့ မရှိတာကြောင့် ထရမ့်ကို ရုံးတင်စစ်ဆေးမှုလုပ်ငန်းစဉ်ဟာ ဘိုင်ဒင်အစိုးရသက်တမ်း ပထမရက် ၁၀၀ အထိ ဆက်လက်ဖြစ်နိုင်ဖွယ်ရှိနေပါတယ်။

ယခု စွပ်စွဲပြစ်တင်မှုလုပ်ငန်းစဉ်က သမ္မတထရမ့်ကို သူ့သက်တမ်းကာလအတွင်း ရာထူးကနေဖြုတ်ချဖို့ အချိန်မီတဲ့ လုပ်ငန်းစဉ်တစ်ရပ် ဖြစ်နိုင်ဖွယ်မရှိပေမယ့် ထရမ့်ရဲ့ အနာဂတ်နိုင်ငံရေးလှုပ်ရှားမှုနဲ့ သမ္မတဟောင်းတွေရဲ့ အစဉ်အလာနဲ့ ဂုဏ်သိက္ခာ၊ ခံစားခွင့်တို့အားလုံးကို အပြီးတိုင်အဆုံးသတ်ပေးမယ့် ခြေလှမ်းတော့ ဖြစ်လာပါလိမ့်မယ်။

**ကိုးကား-ဘီဘီစီ၊ စီအင်န်အင်န်**



# တိုကျိုအိုလံပစ်ပြိုင်ပွဲကို စီစဉ်ထားသည့်အတိုင်းကျင်းပမည်ဟု ပြိုင်ပွဲကျင်းပရေးကော်မတီအကြီးအကဲ ယိုရှီရိုမိုရီ ကတိပြု

**တိုကျို ဇန်နဝါရီ ၁၂**

တိုကျိုအိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများကို ယခုနှစ် နွေရာသီကာလတွင်စီစဉ်ထားသည့်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကျင်းပရေးကော်မတီ အကြီးအကဲ ယိုရှီရိုမိုရီက ကတိပြုခဲ့ကြောင်း သိရသည်။

တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ အကြီးအကဲ ယိုရှီရိုမိုရီသည် ကော်မတီအဖွဲ့ဝင် ၃၅၀၀ နီးပါးတက်ရောက်သည့် အွန်လိုင်းအစည်းအဝေးတစ်ရပ်တွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ အိုလံပစ်ပြိုင်ပွဲများကို နောက်တစ်ကြိမ် ရွှေ့ဆိုင်းမည်မဟုတ်ကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ထို့ပြင် မိမိတို့အနေဖြင့် တိုကျိုအိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများကို ယခုနှစ် နွေရာသီကာလတွင် ကျင်းပရန် ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်ရန်လည်း ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အခြေအနေပေါ် မူတည်၍ တိုကျိုအိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ကျင်းပချိန်ကာလအတွင်း ပြည်ပနိုင်ငံများမှ ပရိသတ်များအား ဂျပန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုခြင်း၊ မပြုခြင်းနှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံအစိုးရက ဆုံးဖြတ်သွားလိမ့်မည်ဖြစ်ကြောင်းလည်း ယိုရှီရိုမိုရီက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ၌ တိုကျိုအိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများကို ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပရန် စီစဉ်ထားခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရပြီး ၂၀၂၁ ခုနှစ် ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ ကျင်းပရန် ပြောင်းလဲစီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**



# အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူ

**ဝါရှင်တန်　ဇန်နဝါရီ ၁၂**

အမေရိကန်နိုင်ငံ၏ ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် ဇန်နဝါရီ ၁၁ ရက်တွင် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်သည် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ဒီလာဝဲပြည်နယ် နီဝက်ခ်မြို့ရှိ ဆေးရုံတစ်ခုတွင် ထိုးနှံခဲ့ခြင်းဖြစ်ကာ အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံမှုခံယူခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဂျိုးဘိုင်ဒင်သည် ဇန်နဝါရီ ၂၀ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည့်အပြင် ၎င်းစတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပထမရက် ၁၀၀ ကာလအတွင်း အမေရိကန်ပြည်သူ သန်း ၁၀၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၅ ဒသမ ၅ သန်းခန့်ကို နိုင်ငံတစ်ဝန်း ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူထားသူ ကိုးသန်းနီးပါးရှိကြောင်းလည်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ အချက်အလက်များအရ သိရသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**

# ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်ကာကွယ်ဆေး အလုံးရေ ၂၄ သန်း မက္ကဆီကိုနိုင်ငံ ဝယ်ယူမည်

**မက္ကဆီကိုစီးတီး　ဇန်နဝါရီ ၁၂**

မက္ကဆီကိုအစိုးရက Sputnik V ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၂၄ သန်း ဝယ်ယူမည့် ကနဦး သဘောတူညီမှုများရရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဟူဂိုလိုပက်ဇ်ဂါတဲလ်က သတင်းထောက်များသို့ ပြောကြားသည်။

သဘောတူညီချက်များအရ မက္ကဆီကိုအစိုးရသည် ရုရှားနိုင်ငံ ဂါမာလီယာအင်စတီကျု၏ မှတ်ပုံတင်မူပိုင်ခွင့်အရ ထုတ်လုပ်သည့် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ရရှိမည်ဟု ၎င်းက ပြောသည်။ "မက္ကဆီကို ပြည်သူ ၁၂ သန်းအတွက် နှစ်ကြိမ် ထိုးနှံပေးဖို့ Sputnik V ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၂၄ သန်းအထိ ကျွန်တော်တို့ အသုံးပြုနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။

မက္ကဆီကို တာဝန်ရှိသူများသည် Sputnik V ဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်မည့် အာဂျင်တီးနားနိုင်ငံသို့ သွားရောက်သည့်ခရီးစဉ်အတွင်း အဆိုပါကာကွယ်ဆေး၏ ဘေးအန္တရာယ်ကင်းမှုနှင့် ထိရောက်မှုဆိုင်ရာ အချက်အလက်များကို လေ့လာခဲ့ကြောင်း ဟူဂိုလိုပက်ဇ်က ပြောသည်။ ယခုနှစ် ဒုတိယသုံးလအတွင်း အာဂျင်တီးနားနိုင်ငံ၌ ရုရှားနိုင်ငံ၏ Sputnik V ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်မှု စတင်မည်ဖြစ်သည်။

အာဂျင်တီးနားနိုင်ငံ၌ ကာကွယ်ဆေးထုတ်လုပ်နိုင်သော ဆေးဝါးကုမ္ပဏီများစွာရှိကြောင်း ရုရှား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ (RDIF) အကြီးအကဲ ကီရေးလ်ဒီမီထရိဗ်က ပြောသည်။

**ကိုးကား- စပွတ်ညစ်၊ ဘာသာပြန်- ကျော်ထိုက်စိုး**

# ဘရာဇီးနိုင်ငံမှ ရောက်ရှိလာသူ လေးဦးတွင် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်တွေ့ရှိခဲ့ကြောင်း ဂျပန်ပြောကြား

**တိုကျို　ဇန်နဝါရီ ၁၂**

ဘရာဇီးမှ နိုင်ငံအတွင်းသို့ ရောက်ရှိလာသူ လေးဦးတွင် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် တွေ့ရှိရသဖြင့် ၎င်းတို့ကို သီးခြားခွဲခြား စောင့်ကြည့်မှုပြုလုပ်ပြီး သုတေသနပြုလုပ်သွားမည်ဖြစ်ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

အဆိုပါရောဂါပိုး၏ သဘောသဘာဝကို သိရှိရန် သုတေသနပြုလုပ်သော လုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ဇန်နဝါရီ ၂ ရက်က ဘရာဇီးနိုင်ငံမှ ဂျပန်သို့ရောက်ရှိလာသော လူကြီး နှစ်ဦးနှင့် ကလေး နှစ်ဦးတွင် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကိုတွေ့ရှိခဲ့သည်။ ၎င်းတို့အနက်မှ အသက် ၄၀ အရွယ်ရှိ အမျိုးသားမှာ အသက်ရှူရခက်ခဲသော အခြေအနေရောက်ရှိနေသဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ရပြီး ကျန်အမျိုးသမီးနှင့်ကလေးငယ် (ယောက်ျားလေး)မှာ သာမန်ရောဂါလက္ခဏာများသာ ပြခဲ့ကြောင်းနှင့် ကျန်ရှိသည့် ကလေးငယ် (မိန်းကလေး)မှာ ရောဂါလက္ခဏာ မပြသသည့် ရောဂါပိုးရှိသူဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗြိတိန်တွင်တွေ့ရှိရသော ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်အမျိုးအစားမှာ ရောဂါကူးစက်မှုနှုန်းမြန်ဆန်ကြောင်း သိရသည်။

တောင်အာဖရိကတွင် တွေ့ရှိရသည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်မှာ ဆေးယဉ်ပါးသော ဗိုင်းရပ်စ်အမျိုးအစားဖြစ်လာမည်ကို ပညာရှင်များက စိုးရိမ်နေကြသည်။

ဗြိတိန်နှင့် တောင်အာဖရိကတွင် တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် အမျိုးအစားနှင့် ယခုဂျပန်နိုင်ငံတွင် ထပ်မံတွေ့ရှိရသော ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်တို့အကြား တူညီမှုအချို့ရှိသည်ဟု ဂျပန်အမျိုးသား ကူးစက်ရောဂါဆိုင်ရာ အင်စတီကျုက ပြောကြားသည်။ **ကိုးကား- အေအက်ဖ်ပီ**

**ဘာသာပြန်- စိုးသူရ**



# တူရကီနိုင်ငံက ယခုသီတင်းပတ်မကုန်မီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုစတင်မည်

**အန်ကာရာ　ဇန်နဝါရီ ၁၂**

တူရကီနိုင်ငံသည် ယခုသီတင်းပတ်မကုန်မီဖြစ်သည့် ကြာသပတေးနေ့ သို့မဟုတ် သောကြာနေ့တွင် တူရကီနိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေးမည်ဖြစ်ကြောင်း တူရကီသမ္မတ အာဒိုဂန်က ဇန်နဝါရီ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ ကနဦးအစီအစဉ်အရ တူရကီနိုင်ငံသားများအား တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးမည်ဖြစ်ကြောင်းလည်း တူရကီသမ္မတ အာဒိုဂန်က ဝန်ကြီးများအဖွဲ့အစည်းအဝေးပြီးချိန်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။ တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၂၂၀ ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၃၃၆၄၇၆ ဦးအထိ ရှိလာခဲ့ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာ၍ ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၀၃၀၁ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၂၂၀၈၄၅၁ ဦးအထိရှိခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၂၉၈၁ ဦးအထိ ရှိခဲ့ကြောင်းလည်း သိရသည်။

တူရကီနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အထောက်အပံ့ပေးလျက်ရှိပြီး တရုတ်နိုင်ငံမှ ဆရာဝန်များနှင့် ဆေးဖက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များကလည်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုထိန်းချုပ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများအား အကာအကွယ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအား ဆေးဝါးကုသမှုပေးခြင်းတို့တွင် တရုတ်နိုင်ငံ၏ အတွေ့အကြုံများကို မျှဝေရန်အတွက် တူရကီဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့်အတူ ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၃၀ ရက်တွင် တူရကီနိုင်ငံသို့ တရုတ်နိုင်ငံ၏ SinoVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ သုံးသန်း ပထမအသုတ်အဖြစ်ရောက်ရှိခဲ့ကြောင်းလည်း သိရသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၉၁၄၁၅၀၈၉ | ဦး |
| သေဆုံးသူ | ၁၉၅၅၇၇၃ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၆၅၄၂၈၂၇၃ | ဦး |

# တရုတ်ထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကုန်ကြမ်း အလုံးရေ ၁၅ သန်းခန့် အင်ဒိုနီးရှားသို့ ထပ်မံရောက်ရှိ

**ဂျကာတာ　ဇန်နဝါရီ ၁၂**

တရုတ်နိုင်ငံ၏ ဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သည့် Sinovac Biotech မှ တီထွင်ထုတ်လုပ်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကုန်ကြမ်း အလုံးရေ ၁၅ သန်းခန့်သည် တရုတ်နိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံ ဆူကာနိုဟတ္တာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ထပ်မံရောက်ရှိလာခဲ့ကြောင်း အင်ဒိုနီးရှားအမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားသည်။

အင်ဒိုနီးရှားအစိုးရသည် ပြည်သူများအား ထိုးနှံပေးရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတင်သွင်းမှု ပမာဏကို တိုးမြှင့်လျက်ရှိကြောင်း သဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီ အကြီးအကဲဒိုနီမိုဒါဒိုက ပြောကြားသည်။

ယနေ့ရောက်ရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကုန်ကြမ်းအားလုံးကို အဆင်သင့်အသုံးပြုနိုင်ရန်အတွက် နည်းစနစ်တစ်ရပ်ဖြင့် အဆင့်မြှင့်တင်ရန် အနောက်ဂျာဗားပြည်နယ်ရှိ နိုင်ငံပိုင်ကာကွယ်ဆေး ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Bio Farm သို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် အဆင်သင့်သုံးနိုင်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေသုံးသန်းခန့်ကို လက်ရှိအချိန်တွင် လက်ခံရရှိထားပြီး နိုင်ငံအတွင်းရှိ ပြည်နယ်နှင့် ဒေသပေါင်း ၃၄ ခုသို့ ဖြန့်ဖြူးပေးထားကာ ဇန်နဝါရီ ၁၃ ရက်မှ စ၍ ပြည်သူများအား ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။



အင်ဒိုနီးရှားအစိုးရသည် လာမည့် ၂၀၂၂ ခုနှစ်အထိ ပြည်သူ ၁၈၁ ဒသမ ၅ သန်းကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားသည်။ ကာကွယ်ဆေးထိုးနှံမှုပထမကာလကို ၂၀၂၁ ခုနှစ် ဧပြီလအထိ ဆောင်ရွက်ရန် လျာထားပြီး ယင်းကာလအတွင်း ကျန်းမာရေးဝန်ထမ်း ၁ ဒသမ ३ သန်း၊ အစိုးရဝန်ထမ်း ၁၇ ဒသမ ၄ သန်းနှင့် သက်ကြီးရွယ်အို ၂၁ ဒသမ ၅ သန်းတို့ကို ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကာကွယ်ဆေးထိုးနှံမှုဒုတိယကာလကို ၂၀၂၁ ခုနှစ် ဧပြီလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ဆောင်ရွက်ရန် စီစဉ်ထားပြီး ယင်းကာလအတွင်း ခုခံနိုင်စွမ်းအားနည်းသည့် ပြည်သူ ၆၃ ဒသမ ၉ သန်းနှင့် အခြားသော ပြည်သူ ၇၇ ဒသမ ၄ သန်းတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၀၄၇ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၄၆၇၆၅ ဦးရှိခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၃၀၂ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၂၄၆၄၅ ဦး ရှိလာကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**



ဇန်နဝါရီ ၁၂ ရက်နံနက်ပိုင်းက ကိုဗစ်–၁၉ ကာလအတွင်း ထောက်ပံ့လှူဒါန်းခြင်း အစီအစဉ်အဖြစ် ကြည့်မြင်တိုင်မြို့နယ် အတွင်းရှိ ဆိုက္ကားဂိတ်များမှ အနေးယာဉ်လုပ်သား ၄၃၈ ဦးတို့အား သီဟသုဓမ္မမဏိဇောတဓရဦးအောင်သန်းစိန် ဇနီးသီဟသုဓမ္မသိင်္ဂီ ဒေါ်အေးမြင့်သန်း သမီးမစိုးစိုးသန်း (အောင်ရတနာသက်နှ်းတိုက်)မိသားစုက တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီဖြင့် ငွေကျပ် ၁၃၁၄၀၀၀၀ ကို ကိုဗစ်–၁၉ စည်းကမ်းများနှင့်အညီ မဏိမေခလာလမ်း နေအိမ်၌ ထောက်ပံ့လှူဒါန်းစဉ်။ တင်ဝင်းတင်

# မော်လူးမြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



**မော်လူး ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့၌ ယနေ့နံနက်ပိုင်းက မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က အင်းတော်မြို့နယ် မော်လူးမြို့မှ ဒုရဲအုပ်သက်ဦးမောင်နှင့်အဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ အင်းတော်မြို့နယ် မော်လူးမြို့ တောင်ဖီလာကျေးရွာ အရှေ့ဘက်နှစ်ဖာလုံခန့်အကွာ လယ်ကွက်အတွင်း စောင့်ဆိုင်းနေစဉ် တောင်ဖီလာကျေးရွာမှ လယ်ကွက်များသို့ လမ်းလျှောက်လာသော ဝေယံမိုး(ခ) စံပေါအား ရှာဖွေစစ်ဆေးရာ ၎င်းလွယ်ထားသော ဘေးလွယ်အိတ်အတွင်းမှ ဘိန်းဖြူဟု ယူဆရသည့် ဖြူ/ဝါရောင် အမှုန့် ၅၀ ဂရမ်ခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဝေယံမိုး(ခ) ပေါစံအား အင်းတော်မြို့ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**အေးမြသက်ထား**




# မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာအနီး၌ ရပ်ထားသောယာဉ်အား ဆိုင်ကယ်ဝင်တိုက်၍ တစ်ဦးသေဆုံး

**မိုးညှင်း ဇန်နဝါရီ ၁၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံအုပ်စု နန့်စီးအောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းရှေ့ရှိ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရပ်ထားသော ၁၂ ဘီးယာဉ်အား ဆိုင်ကယ်က တိုက်မိခဲ့သဖြင့် တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၀ ရက် ည ၁၀ နာရီ ၄၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အခင်းဖြစ်ပွားရာ နန့်စီးအောင်ဘုန်းတော်ကြီးကျောင်းရှေ့ရှိပြည်ထောင်စုလမ်းမကြီးပေါ်သို့ အမှတ်(၁၀၁)ယာဉ်ထိန်းမှ ဒုရဲအုပ်အောင်လင်း၊ မော်ဟန်ရဲကင်းစခန်းမှူး ရဲအုပ်စိုးလွင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရွှေဘို–မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး ပေကုန်းကျေးရွာမှ မော်ဟန်ကျေးရွာသို့ ရန်နိုင်လင်း နန့်စီးအောင်ကျေးရွာနေသူ မောင်းနှင်ပြီး တိုးတက်အောင် ပင်လုံကျေးရွာနေသူ လိုက်ပါလာသည့် ဆိုင်ကယ်က လမ်း၏ယာဘက်တွင်ရပ်ထားသည့် ၁၂ ဘီးယာဉ်အား ဝင်တိုက်မိရာ ရန်နိုင်လင်းမှာ ဒဏ်ရာ(စိုးရိမ်ရ)ရရှိခဲ့ကာ တိုးတက်အောင်မှာ နေရာတွင် သေဆုံးခဲ့သည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ရန်နိုင်လင်းအား မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး**




# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီတွင် ကွတ်ခိုင်မြို့နယ် မန်လွယ်ကျေးရွာအနီး လားရှိုး–မူဆယ်သွား ကားလမ်းတွင် ချောင်ကွမ်း မောင်းနှင်ပြီး မမာခွမ် လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ မမာခွမ်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၂၂ ကီလိုကို လည်းကောင်း၊

အလားတူ ဇန်နဝါရီ ၁၀ ရက် ညနေ ၅ နာရီခွဲတွင် နောင်ချိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် မကျီးရေကျေးရွာအနီး နောင်ချို–ရပ်စောက်သွားကားလမ်းတွင်မိုးထက် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ နှင့် ကွင်းဆက်အရ ညပိုင်းတွင် ရပ်စောက်မြို့နယ် ကျောက်ဂူကျေးရွာနေ ထွန်းစီ(ခ) သာမဲ၏နေအိမ်သို့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀ ကိုလည်းကောင်း၊


သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

ထို့အတူ ယင်းနေ့တွင် တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက်ရှိ ငြိမ်းချမ်းထွန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၄၀၀၊ ဘိန်းဖြူ သုည ဒသမ ၂၄ ကီလို၊ ဘိန်းဆီခဲ သုည ဒသမ ၁ ကီလိုတို့ကိုလည်းကောင်း၊ အလားတူ ထိုနေ့ ညနေပိုင်းတွင် သိန္နီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သိန္နီမြို့နယ် ပန်လော့ကျေးရွာအနီးတွင် အိုက်ငို့ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# တာချီလိတ်မြို့နယ်၌ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

တာချီလိတ်မြို့နယ်တွင် ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် တာချီလိတ်မြို့နယ် ဝမ်ပုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် တာချီလိတ်မြို့နယ် ဟိုနား(အာခါ)ကျေးရွာအနီး တာချီလိတ်–ဝမ်ပုံသွားကားလမ်းတွင် တာချီလိတ်မှ မောင်းနှင်လာသည့်ယာဉ်ကို စစ်ဆေးရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ဝမ်ပုံနယ်မြေရဲစခန်းရှေ့၌ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါမော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်မောင်း ဂျူလိုင်နှင့်အတူ ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၇၀ ကီလိုကိုလည်းကောင်း၊ စစ်ဆေးချက်အရ မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဝမ်ဆောက်ခုံ (ရှမ်းရွာဟောင်း)နေ အိုက်ရီ (ခ)ခမ်းကျောက်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ နေအိမ်အတွင်းမှ တူမီးသေနတ် တစ်လက်၊ ကျည် ၁၈ တောင့်တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ဂျူလိုင်၊ အိုက်ရီ (ခ) ခမ်းကျောက်(ဖမ်းမမိ)တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းနှင့် ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်မြို့ သပြေချောင်းကျေးရွာ၌ နေအိမ်တစ်လုံး မီးလောင်

**ထားဝယ် ဇန်နဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သပြေချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းအနီးတွင် ယနေ့နံနက် ၄ နာရီ ၁၅ မိနစ်ခန့်က နေအိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သပြေချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းအနီးတွင် နံနက် ၄ နာရီ ၁၅ မိနစ်ခန့်က အိမ်ပိုင်ရှင် ဦးဘသန်း၏ တစ်ထပ်နေအိမ်၌ မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားနေကြောင်း သတင်းအရ မီးလောင်ရာသို့ ထားဝယ်ခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးနှင့် ဒေသခံပြည်သူများက မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ဇမ္ဗူသီရိ အရေးပေါ် လူနာကူညီသယ်ဆောင်ရေးအဖွဲ့မှ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၄ နာရီ ၃၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဦးဘသန်းအား ထားဝယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၂-၁-၂၀၂၁) ရက်နေ့၊ ညနေ (၆)နာရီ

၁။ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၁၁-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော **ဓာတ်ခွဲအတည်ပြုလူနာ (၁၃၁,၁၈၆) ဦး**၏ မြို့နယ်အလိုက်တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၁၁-၁-၂၁) အထိ | (၂၉-၁၂-၂၀၂၀) ရက်နေ့မှ (၁၁-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၂၉-၁၂-၂၀ | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ | ၁-၁-၂၁ | ၂-၁-၂၁ | ၃-၁-၂၁ | ၄-၁-၂၁ | ၅-၁-၂၁ | ၆-၁-၂၁ | ၇-၁-၂၁ | ၈-၁-၂၁ | ၉-၁-၂၁ | ၁၀-၁-၂၁ | ၁၁-၁-၂၁ |
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁ | လှိုင် | ၅၃၈၂ | ၂၀ | ၂၀ | ၂၁ | ၉ | ၁၃ | ၂၁ | ၉ | ၁၄ | ၁၀ | ၂၂ | ၁၈ | ၆ | ၂၀ | ၁၄ |
| ၂ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၀၁၈ | ၃ | ၁၁ | ၇ | ၄ | ၂ | ၀ | ၄ | ၇ | ၁၁ | ၄ | ၃ | ၁၄ | [illegible] | ၁၄ |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

စာမျက်နှာ ၁၇ သို့ ❖

# ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဇန်နဝါရီ ၁၂ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေအစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး။** ။ ကိုဗစ် – ၁၉ ရောဂါကို အထိရောက်ဆုံး ကာကွယ်နိုင်ဖို့အတွက် တတ်နိုင်သမျှ မိမိတို့နေအိမ်မှာ နေထိုင်ပြီး အပြင်ထွက်တဲ့အခါ Mask ကို မဖြစ်မနေတပ်ဆင်ခြင်း၊ လူစုလူဝေး ရှောင်ကြဉ်ခြင်း၊ လက်ကို မကြာခဏ စနစ်တကျဆေးကြောခြင်း စတဲ့အခြေခံအချက်တွေ လိုအပ်ပါတယ်။

အပတ်စဉ် တင်ဆက်ပေးနေတဲ့ ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေအစီအစဉ်က ပြည်သူတွေသိရှိလိုတဲ့ အကြောင်းအရာတွေကို ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေနဲ့ ပညာရှင်တွေက ဆွေးနွေးတင်ပြလျက်ရှိပါတယ်။

အခုတစ်ပတ်မှာ **ပါမောက္ခဒေါက်တာဇော်သန်းထွန်း [ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန]၊ ဒေါက်တာကျော်စွာမြင့် [ညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး] နဲ့ ဒေါက်တာစိုင်းဝင်းဇော်လှိုင် [ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ် ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး]** တို့က ပါဝင်ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး ဒေါက်တာကျော်စွာမြင့်ကို ဦးဆောင်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာကျော်စွာမြင့်။** ။ ကျွန်တော့်အနေနဲ့ ကိုဗစ်ရောဂါ ကုသဆေးတွေနဲ့ ပတ်သက်တဲ့ မေးခွန်းတွေကို ဖြေကြားပေးဖို့အတွက် ပါမောက္ခဒေါက်တာဇော်သန်းထွန်းကို ဖိတ်ခေါ်ပါတယ်။

**ပါမောက္ခဒေါက်တာဇော်သန်းထွန်း။** ။ မေးခွန်းတွေထဲက **ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပြီးတဲ့သူတွေမှာ ကာကွယ်ဆေးထိုးဖို့ လိုအပ်သလား၊ ဆေးထိုးရင် ဘယ်လိုဆိုးကျိုးတွေ ရှိမလဲ၊ ဆေးမထိုးရင် ဘာတွေဖြစ်မလဲ**ဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ကိုဗစ် – ၁၉ ရောဂါဖြစ်ပြီးတဲ့သူမှာ မိမိခန္ဓာကိုယ်ကနေ ကိုဗစ် – ၁၉ ရောဂါဗိုင်းရပ်စ်ပိုးကို တိုက်ခိုက်နိုင်တဲ့ ဓာတ်က ခန္ဓာကိုယ်ထဲမှာ ရှိနေပါတယ်။

ခန္ဓာကိုယ်ထဲမှာရှိတဲ့ ရောဂါပိုးကို တိုက်ခိုက်နိုင်တဲ့ ဓာတ်က ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားသော လူနာရဲ့ ခန္ဓာကိုယ်ထဲမှာ ဘယ်လောက်ကြာကြာနေမလဲဆိုတဲ့ အဖြေကို အခုအချိန်မှာ သိပ္ပံပညာရှင်တွေအနေနဲ့ စူးစမ်းလေ့လာနေဆဲဖြစ်ပါတယ်။ ရောဂါပိုးကို တိုက်ခိုက်နိုင်တဲ့ ဓာတ်အနေနဲ့ ခန္ဓာကိုယ်ထဲမှာ သုံးလကနေ အများဆုံး ခြောက်လအထိ ရှိနိုင်တယ်လို့ ယူဆကြပါတယ်။

ဒါကြောင့် ကိုဗစ် – ၁၉ ဖြစ်ပြီးတဲ့သူတွေအနေနဲ့ အကြမ်းဖျဉ်း ၄ လ၊ ၆ လအထိ ကာကွယ်နိုင်စွမ်းရှိတယ်လို့ ယူဆရပါတယ်။ သို့သော် ကိုဗစ် – ၁၉ ရောဂါသည် တစ်ခါဖြစ်ပြီးရင် ပြန်ဖြစ်နိုင်တယ်ဆိုတဲ့ အထောက်အထားတွေက အခုတွေ့ရှိနေရပါပြီ။ ဒါကိုဖြေရမယ်ဆိုရင် ကာကွယ်ဆေးထိုးဖို့ လိုအပ်ပါတယ်။ လေးလကနေ ခြောက်လကြာရင် ကာကွယ်ဆေးထိုးမယ်ဆိုရင် ထိုးလို့ရပါတယ်။

### လိုအပ်ချက်တွေရှိနေ

**နောက်ကိုဗစ် – ၁၉ ရောဂါက ကူးစက်ခံရပြီး ရောဂါလက္ခဏာပြင်းထန်မှုက သွေးအုပ်စုနဲ့ ပတ်သက်သလား** မေးခွန်းနဲ့စပ်လျဉ်းပြီး ဒါနဲ့ပတ်သက်ပြီး ပထမလှိုင်းဖြစ်ခါစမှာ နိုင်ငံတကာက စစ်ဆေးခဲ့တဲ့ အထောက်အထားတွေ၊ သုတေသနတွေ ရှိပါတယ်။ အဲဒီမှာ သွေးအုပ်စုနဲ့ ပတ်သက်တယ်လို့ အစပိုင်းမှာ သွေးအုပ်စု **"အို"** တွေက သိပ်မဖြစ်ဘူး၊ ဖြစ်ရင်မဆိုးဘူး။ သွေးအုပ်စု **"အေ"** တွေက ဆိုးတယ် အစရှိသဖြင့် ဒါမျိုးတွေကို ပြောခဲ့ကြပေမယ့် အခုလက်ရှိမှာ ဒီအထောက်အထားတွေကို သိပ္ပံနည်းကျပြဖို့အတွက် လိုအပ်ချက်တွေရှိနေတာကြောင့် ဒီအချက်တွေက သွေးအုပ်စုအမျိုးအစားနဲ့ သက်ဆိုင်တယ်ဆိုတဲ့ တိကျတဲ့ သိပ္ပံအထောက်အထား မတွေ့ရှိရသေးဘူးလို့ ဖြေကြားလိုပါတယ်။

**ယူကေနိုင်ငံ တောင်ပိုင်းကနေပြီး မျိုးဗီဇပြောင်းသွားတဲ့ ရောဂါပိုးက ပိုပြီးကူးစက်နှုန်းမြန်တယ်ဆိုတဲ့ အထောက်အထားတွေ တွေ့ရတဲ့အခါ ရောဂါပိုးရဲ့ ကူးစက်နှုန်းက ဘယ်လောက်အထိ စိုးရိမ်ရသလဲ၊ ဘယ်လိုကာကွယ်ရမလဲ** မေးခွန်းနဲ့စပ်လျဉ်းပြီး ယူကေနိုင်ငံမှာရှိတဲ့ ရောဂါပိုးက ယခင်ရှိပြီးသား ရောဂါပိုးထက် ရောဂါကူးစက်နှုန်း ၅၀ ရာခိုင်နှုန်း၊ ၇၀ ရာခိုင်နှုန်း မြန်တယ်လို့ ပြောဆိုနေကြတာ ရှိပါတယ်။ ဒီဗိုင်းရပ်စ်ပိုးရဲ့ကူးစက်မှုက အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် ကူးစက်တတ်တဲ့ ရောဂါဖြစ်တာကြောင့် ကာကွယ်တဲ့နည်းလမ်းအနေနဲ့ အခုကျွန်တော်တို့ သိရှိထားပြီးဖြစ်တဲ့ နည်းလမ်းကို တိတိကျကျ မှန်မှန်ကန်ကန် လေးလေးစားစားနဲ့ အားထည့်ပြီး လိုက်နာမယ်ဆိုရင် ကူးစက်နှုန်း ဘယ်လောက်မြန်တဲ့ ရောဂါပိုးဖြစ်ပါစေ ကာကွယ်နိုင်ပါတယ်။



ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း၊ ဒေါက်တာကျော်စွာမြင့်နှင့် ဒေါက်တာစိုင်းဝင်းဇော်လှိုင်တို့ ပါဝင်ဖြေကြား ဆွေးနွေးစဉ်။

### ရောဂါပိုးမဝင်အောင် အဓိကတားဆီး

ဒီရောဂါပိုးက ဘယ်လောက်အထိ စိုးရိမ်ရသလဲဆိုရင် ရောဂါပိုးရဲ့ သဘော၊ သဘာဝကလည်း ရောဂါပိုးတစ်ခုထဲကြောင့် မဟုတ်ဘဲ မိမိခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားတွေ၊ ပြန်လည်တိုက်ခိုက်ပုံတွေ၊ မိမိမှာရှိနေတဲ့ ဆီးချို၊ သွေးတိုး၊ ကျောက်ကပ်အားနည်းတာတွေ အပေါ်မူတည်ပြီး ဆိုးရွားတာတွေ ဖြစ်နိုင်တာကြောင့် ရောဂါပိုးမဝင်အောင် အဓိကတားဆီးနိုင်ဖို့ အရေးကြီးပါတယ်။

**ဒီပိုးတွေက ဘာကြောင့် မျိုးဗီဇ ခဏခဏ ပြောင်းနေရသလဲ**ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဗိုင်းရပ်စ်ပိုးရဲ့ သဘာဝက အခုဗိုင်းရပ်စ်ပိုး သာမက ဗိုင်းရပ်စ်ပိုးတွေအနေနဲ့ မကြာခဏ သူ့ရဲ့ဗီဇကပြောင်းလဲသွားတဲ့ သဘာဝရှိပါတယ်။ ဥပမာ – ဆီးထဲပိုးဝင်၊ အဆုတ်ထဲပိုးဝင်တယ်ဆိုတဲ့ အရင်ကတွေ့ရှိရတဲ့ ဘက်တီးရီးယားပိုးတွေကို ကုသတဲ့နေရာမှာ ပိုးသတ်ဆေးတွေ ပေးပါတယ်။ ပိုးသတ်ဆေးတွေ ပေါ်လာတဲ့အခါကျရင် ပိုးသတ်ဆေးတွေက ဘက်တီးရီးယားပိုးတွေကို တိုက်လိုက် ဘက်တီးရီးယားကသေသွားပြီး ဒီပိုးသတ်ဆေးတွေကို သုံးစွဲတာကြာလာတဲ့အမှု ဘက်တီးရီးယားက ဗီဇပြောင်းလဲတဲ့ သဘောသဘာဝတွေ ရှိပါတယ်။

ဗိုင်းရပ်စ်မှာလည်း ထိုနည်းတူစွာပဲ ကြာလာတဲ့အမှု ပြောင်းလဲတာတွေ များလာတယ်။ ဒါပေမယ့် ပြောင်းလဲခြင်းမှာ တချို့သောပြောင်းလဲခြင်းတွေက ပိုပြီးကူးစက်နှုန်းမြန်တယ်။ အခုတွေ့နေရတာမျိုး ပြောင်းလဲသွားတာဖြစ်တတ်သလို တစ်ခါတလေ ပြောင်းလဲခြင်းက သူ့ရဲ့ ကူးစက်နှုန်းကို အားပျော့သွားစေပြီး ရောဂါဖြစ်ပွားမှုရဲ့ ဆိုးရွားမှုကိုလည်း လျော့နည်းသွားစေတဲ့ ပြောင်းလဲမှုတွေ ရှိတတ်ပါတယ်။ ဒီတော့ ဘယ်ဘက်ကိုသွားမှာလည်း အကောင်းဘက်ကို ပြောင်းမှာလား၊ အဆိုးဘက်ကို ပြောင်းမှာလားဆိုတဲ့ အမေးကိုဖြေဖို့က အလွန်ခက်ခဲပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ ဆေးသုတေသနဦးစီးဌာနက ဒါတွေကို တောက်လျှောက် စောင့်ကြည့်နေပါတယ်။

**အခုလက်ရှိ အခြေအနေမှာမေးနေကြတဲ့ ကာကွယ်ဆေးတွေက မျိုးဗီဇပြောင်းသွားတဲ့ ကိုရိုနာဗိုင်းရပ်စ်ပိုးများ ဖြစ်ခဲ့ရင်နိုင်ပါ့မလားဆိုတဲ့** မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားရရင် နိုင်တယ်လို့ ဖြေကြားလိုပါတယ်။ ဒါနဲ့ပတ်သက်ပြီး တိကျတဲ့ သိပ္ပံအထောက်အထားတွေက ဆက်လက်စမ်းသပ်နေဆဲဖြစ်ပါတယ်။

**ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံရပြီးတဲ့သူတွေအနေနဲ့ ၃ လရှိပြီ အသက်ရှူမဝဘူး။ ဆီးချိုရောဂါ ဝေဒနာရှင်တွေအနေနဲ့ နောက်ဆက်တွဲဘာတွေဖြစ်မလဲဆိုတဲ့** မေးခွန်းနဲ့စပ်လျဉ်းပြီး ကိုဗစ်ရောဂါက အဓိက အဆုတ်ကို ထိခိုက်တယ်။ အဆုတ်ကို ထိခိုက်မှုမရှိတဲ့သူတွေလည်း အများကြီးရှိပါတယ်။ အဆုတ်ကို ထိခိုက်သွားတယ်ဆိုရင် အဆုတ်က ရောင်မယ်၊ အနာရွတ်ကျန်ခဲ့မယ်။ အနာရွတ်ဖြစ်တာ နည်းခြင်း၊ များခြင်းအပေါ်မူတည်ပြီး လူနာက မောပြီး ကျန်ခဲ့မလား၊ နည်းနည်းမောမလား၊ များများမောမလား အစရှိသည်ဖြင့် အဲဒီလိုမျိုး ကျန်ခဲ့တာဖြစ်ပါတယ်။

အနာတစ်ခု ပြန်ကျက်တာက တစ်လခွဲ၊ နှစ်လကြာတတ်တာမို့ ဒီလိုလူနာတွေအနေနဲ့ မိမိရဲ့ အဆုတ်အားနည်းမှုကြောင့် အောက်ဆီဂျင်နည်းတယ်၊ မောတယ်ဆိုတဲ့ ခံစားချက်တွေ တဖြည်းဖြည်းနဲ့ ပြန်ပြီးကောင်းသွားဖို့အနေအထားမှာ ရှိပါတယ်။ ဒါကြောင့် အသက်ရှူလေ့ကျင့်ခန်းအနေနဲ့ အသက်ဝဝရှူတာ၊ ဆေးလိပ်မသောက်ဘဲနေတာ၊ မီးခိုးငွေ့တွေ မရှူဘဲနေတာ၊ ဘက်တီးရီးယားရောဂါပိုးတွေ မဝင်အောင်နေတာ၊ ပတ်ဝန်းကျင်မှာ ဖျားနာတဲ့သူတွေရှိရင် သူတို့နဲ့ နီးစပ်အောင်မနေတာ ဆိုလိုချင်တာက ကိုဗစ်ရောဂါဖြစ်ပြီး အဆုတ်အားနည်းသူအနေနဲ့ နောက်တစ်ခါ ပိုးထပ်ဝင်နိုင်ပါတယ်။ ကိုဗစ်ရောဂါပိုးကို ပြောတာမဟုတ်ပါဘူး။ ဘက်တီးရီးယားပိုးတွေ ဝင်တဲ့အခါမှာလည်း ပိုပြီးမောတာဖြစ်နိုင်ပါတယ်။ ဒါကြောင့် မိမိအဆုတ်ကို ဂရုတစိုက်နေထိုင်သွားဖို့ လိုအပ်ပါတယ်။

### သတိထားပြီးနေဖို့လို

**ဆီးချိုရောဂါသည်က ကိုဗစ်ရောဂါဖြစ်ပြီး နှာခေါင်းအနံ့ပျောက်ပြီး လောလောဆယ် ဘာမှမဖြစ်ဘူး ကြာရင်ဖြစ်လာမှာလားဆိုတဲ့** မေးခွန်းနဲ့ပတ်သက်၍ ကိုဗစ် – ၁၉ ရောဂါက ၁၁ ရက်လောက်ဖြစ်ပွားပြီး အဆုတ်ကို ထိခိုက်မှု မရှိဘူးဆိုတာသေချာပြီ၊ မောလည်း မမောဘူး၊ လူကောင်းအတိုင်း ဖြစ်နေပြီ၊ အဆုတ်ကို မထိခိုက်တာကြောင့် သူသည် ရေရှည်အကျိုးဆက်အနေနဲ့ ဖြစ်နိုင်တယ်ဆိုတဲ့ အထောက်အထားတွေ အခုချိန်အထိ မတွေ့သေးပါဘူး။ ဒါကြောင့် သတိထားပြီး နေဖို့လိုအပ်ပါတယ်။ နောင်တစ်ချိန် ပြန်လည်ကူးစက်နိုင်တယ်ဆိုတာကို သိထားဖို့လိုအပ်သလို၊ ကာကွယ်ဆေး မရခင်အချိန်အထိ မိမိကိုယ်မိမိ ဂရုစိုက်ပြီးကာကွယ်ရေး နည်းလမ်းတွေကို သေချာလိုက်နာဖို့ လိုအပ်တယ်လို့ ပြောကြားချင်ပါတယ်။

**ဒေါက်တာကျော်စွာမြင့်။** ။ ဆက်လက်ပြီး ကိုဗစ်ရောဂါပိုးကူးစက်ပုံ၊ ကူးစက်မှုနဲ့ ကွာရန်တင်းကိစ္စတွေကို ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဝင်းဇော်လှိုင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းဝင်းဇော်လှိုင်။** ။ ကျောင်းသားဆောင်တွေမှာ Facility Quarantine ထားပြီးရင် အခြားပြောင်းရွှေ့လာတဲ့ ဆရာ ဆရာမတွေကို ကွာရန်တင်းထားတဲ့အခါ ရောထားဖို့၊ မထားဖို့ မေးထားပါတယ်။

ကွာရန်တင်းဆိုတဲ့အတိုင်း တစ်ယောက်ကနေ တစ်ယောက် ရောဂါမပြန့်ပွားအောင် သီးခြားခွဲထားဖို့ ရည်ရွယ်ပြီး ကွာရန်တင်းထားခြင်းဖြစ်ပါတယ်။ ဒီမှာ ရောဂါရှိတဲ့သူနဲ့ ထိတွေ့ထားတဲ့သူတွေရှိမယ်။ ရောဂါဖြစ်ပွားတဲ့အရပ်ဒေသတွေက လာတဲ့သူတွေရှိမယ်။ ခုနက စံနှုန်းအတိုင်းပြောရမယ်ဆိုရင် Risk တူတဲ့သူတွေကို ထားပါတယ်။ တစ်ယောက်ကနေ တစ်ယောက်ကို ရောဂါပိုးမကူးစက်အောင် ကာကွယ်နိုင်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့် သီးခြားထားခြင်းသည် အကောင်းဆုံးဖြစ်ပါတယ်။

**နှာစေး၊ ချောင်းဆိုးတဲ့သူတွေ အဓိက Positive ဖြစ်တဲ့သူတွေနဲ့ဆက်စပ်ပြီး ဘယ်ကနေကူးနိုင်သလဲ၊ ဒါမှမဟုတ် ချောင်းမဆိုး၊ နှာမချေခဲ့ရင်ရော မကူးနိုင်ဘူးလားဆိုတဲ့** မေးခွန်းနဲ့စပ်လျဉ်းပြီး Positive ဖြစ်တဲ့သူတွေကို အနီးကပ် Mask မပါဘဲ စကားပြောရင် ကူးနိုင်ပါတယ်။ အလုံပိတ်အခန်းတွေမှာ ကြာကြာထိတွေ့ပြီး စကားပြောဆိုခဲ့မယ်ဆိုရင် ကူးစက်နိုင်ခြေ ပိုများနိုင်ပါတယ်။ နှာချေ၊ ချောင်းဆိုးရင် ကူးစက်မှုပိုမိုများပြားနိုင်ပါတယ်။ နှာချေ၊ ချောင်းဆိုးရာက ငါးပေလောက်အထိ Droplet တွေ သွားနိုင်တာဖြစ်တဲ့အတွက် အရေးတကြီးသတိထားရမှာဖြစ်ပါတယ်။ အခုလောလောဆယ်မှာ ဝန်ကြီးဌာန

## ထက်လျှံ

ကလည်း တိုက်တွန်းနေပါတယ်။ အပြင်ထွက်တိုင်း Mask တပ်ပါ။ Social Distancing ကိုလိုက်နာပါ။ မကြာခဏ လက်ဆေးပါဆိုတဲ့ကိစ္စရပ်တွေက ကိုဗစ် – ၁၉ ရောဂါ ကူးစက်မှုကို ကာကွယ်နိုင်တဲ့ နည်းလမ်းတွေဖြစ်ပါတယ်။

**အိမ်ရှင်မတွေ၊ အိမ်မှုကိစ္စနဲ့ပတ်သက်တဲ့ မေးခွန်းပါ။ အဓိက အစားအသောက်တွေက ကူးနိုင်သလား၊ အဝတ်လျှော် ၊ မီးပူတိုက်၊ ဟင်းချက်တာ လုပ်ခိုင်းတဲ့ အိမ်အကူတွေကနေ ကူးနိုင်သလားဆိုတဲ့** မေးခွန်း မေးထားပါတယ်။ CDC က တွေ့ထားတဲ့အထောက်အထားတွေအရ အစားအသောက်ကနေတစ်ဆင့် ကူးစက်မှုမတွေ့ရှိရကြောင်းကို ဖြေကြားထားပါတယ်။ အစားအသောက်ထုပ်ပိုးတဲ့ အိတ်ကနေတစ်ဆင့် ကူးစက်မှုအလွန် နည်းတယ်ဆိုတာကို တွေ့ရှိထားကြောင်း တင်ပြလိုပါတယ်။ ဒါပေမယ့် အစားအသောက်၊ အဝတ်အထည် အသုံးအဆောင်တွေအပေါ်မှာ ကိုဗစ် – ၁၉ ရောဂါပိုးက ရက်အတန်ကြာနေနိုင်တယ်ဆိုတာကို သတိပြုစေလိုပါတယ်။

ဒါကြောင့်အပြင်က ပြန်လာတိုင်း အဝတ်အထည်တွေကို လဲတာ၊ အသုံးအဆောင်ပစ္စည်းတွေကို ရေနဲ့ဆပ်ပြာအသုံးပြုပြီး ဆေးတာတွေကို ပြုလုပ်စေလိုပါတယ်။ အရေးကြီးဆုံးတစ်ခုက အစားအသောက်ကနေ မကူးသော်လည်း ဝိုင်းဖွဲ့စားသောက်တဲ့ အလေ့အထ၊ ယဉ်ကျေးမှုကလည်းရှိနေပြီး အခုအချိန်ထိလည်း မရှောင်နိုင်ကြတာကို သတိထားဖို့လိုပါတယ်။ အစားအသောက်ကနေ မကူးပေမယ့် အတူတူဝိုင်းဖွဲ့ စားသောက်ရာကနေ ကူးစက်နိုင်တယ်ဆိုတာကို အရေးအကြီးဆုံးအချက်တစ်ချက်အနေနဲ့ သတိထားစေလိုပါတယ်။

### ပတ်ဝန်းကျင်ကို ညစ်ညမ်းစေ

ကိုဗစ်ပိုးကို အိမ်မှာ ပိုးသတ်ဆေးဖျန်းပြီးနေတာ ထိရောက်သလား၊ ပိုးသတ်ဆေးဖျန်းလို့ ကိုဗစ်ရောဂါပိုး သေသလားဆိုတာ မေးထားပါတယ်။ ပိုးသတ်ဆေးဆိုတာ ကလိုရင်းဖျန်းတာဖြစ်ပါတယ်။ ရောဂါဖြစ်ပွားမှုများတဲ့ ဆေးရုံ/ဆေးခန်းတွေ၊ လူနာတင်ယာဉ်တွေ၊ ရောဂါပိုး Positive ထွက်ထားတဲ့နေရာတွေကို ဖျန်းတာထိရောက်ပါတယ်။ ဒါပေမယ့် အများပြည်သူနဲ့ သက်ဆိုင်တဲ့နေရာတွေမှာ ဖျန်းတာသည် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေတယ်ဆိုတာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတိအလင်း ပြောကြားထားတဲ့အတွက် ဒါကို မကျင့်သုံးသင့်ပါဘူး။ အဓိက ရေနဲ့ဆပ်ပြာနဲ့ ဆေးကြောခြင်းနဲ့ ကာကွယ်ရင် ပိုကောင်းပါတယ်။

**ဈေးဝယ်ပြီး ပြန်လာတာပဲဖြစ်ဖြစ်၊ အိမ်ကိုပစ္စည်းတွေ ရောက်လာတာပဲဖြစ်ဖြစ် အစားအသောက်၊ ဟင်းသီးဟင်းရွက်တွေကို ဆေးဖျန်းတာကရော ဘယ်လိုပါလဲ**ဆိုပြီး မေးထားပါတယ်။

အဓိက ပိုးသတ်ဆေးတွေက အစားအသောက်နဲ့ တိုက်ရိုက်မထိတွေ့တာ အကောင်းဆုံးပါ။ ဟင်းသီးဟင်းရွက်တွေဝယ်လာရင် ရေနဲ့ သေချာစွာ ဆေးကြောဖို့ တိုက်တွန်းလိုပါတယ်။ ဒ့ါအပြင် ထုပ်ပိုးတဲ့ ပလတ်စတစ်ဘူးတွေ၊ အိတ်ခွံတွေကို ရေနဲ့ဆပ်ပြာသုံးပြီး ဆေးကြောရင် အကောင်းဆုံးဖြစ်ပါတယ်။ ဒီလိုအလေ့အကျင့်တွေကို မိဘပြည်သူတွေ လိုက်နာကျင့်သုံးဖို့ လိုအပ်ပါတယ်။ အစားအသောက်ကနေ တိုက်ရိုက်ကူးစက်မှု မရှိဘူးဆိုတာကို ကျွန်တော်ထပ်ပြီး တင်ပြလိုပါတယ်။

**နောက်တစ်ခုက ကိုဗစ်ရောဂါကို လုံးဝရာနှုန်းပြည့် ပျောက်ကင်းတဲ့ ဆေးရှိပြီလား** မေးခွန်းနဲ့စပ်လျဉ်းပြီး မရှိသေးပါဘူးလို့ ဖြေကြားချင်ပါတယ်။

**ဒေါက်တာကျော်စွာမြင့်။** ။ ကျွန်တော်က ကျန်တဲ့ မေးခွန်းတွေကို ဖြေကြားပေးပါမယ်။ Stay at Home မြို့နယ်တွေ ရှိသေးလားဆိုတော့ ရှိပါသေးတယ်။ အရင်တစ်ပတ်ကလည်း ဆရာကြီးတွေ ဖြေကြားထားတာရှိပါတယ်။ ရောဂါကူးစက်မှု အခြေအနေအပေါ်မူတည်ပြီး ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ ကချင်၊ မန္တလေး၊ ရခိုင် ဒီနေရာတွေမှာ အနည်းနဲ့အများ ရှိနေပါတယ်။ အချို့တိုင်းဒေသကြီးတွေဆိုရင် တစ်မြို့နယ်လောက်ကို ပူးပေါင်းပါဝင်မှုကောင်းပြီး တွေ့ရှိမှုလည်း နည်းတယ်ဆိုရင် လျှော့ပေးပြီး ကျန်တဲ့မြို့နယ်တွေက Stay at Home မြို့နယ်တွေအနေနဲ့ ဆောင်ရွက်နေပါတယ်လို့ ဖြေကြားလိုပါတယ်။ တော်တော်များများက အကောင်းဘက်ကို ဦးတည်နေတယ်လို့ပဲ ဒီအခြေအနေမှာ ပြောပါရစေ။ ခုနဆရာကြီးတွေ ပြောခဲ့သလို စည်းကမ်း၊ နည်းလမ်းတွေနဲ့အညီ နေရဦးမှာဖြစ်ပါတယ်။

**စာမျက်နှာ ၁၉ သို့** ❖

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၃၁၄၇၅၀၈ | ၁၃၆၈၅၈၀၀ | ၃၈၅၃၈၀ |
| ၂။ | အိန္ဒိယ | ၁၀၄၇၉၉၁၃ | ၁၀၁၁၁၂၉၄ | ၁၅၁၃၆၄ |
| ၃။ | ဘရာဇီး | ၈၁၃၃၈၃၃ | ၇၂၀၇၄၈၃ | ၂၀၃၆၁၇ |
| ၄။ | ရုရှား | ၃၄၄၈၂၀၃ | ၂၈၂၅၄၃၀ | ၆၂၈၀၄ |
| ၅။ | ဗြိတိန် | ၃၁၁၈၅၁၈ | ၁၄၀၆၉၆၇ | ၈၁၉၆၀ |
| ၆။ | ပြင်သစ် | ၂၇၈၆၈၃၈ | ၂၀၃၀၇၂ | ၆၈၀၆၀ |
| ၇။ | တူရကီ | ၂၃၃၆၄၇၆ | ၂၂၀၈၄၅၁ | ၂၂၉၈၁ |
| ၈။ | အီတလီ | ၂၂၈၉၀၂၁ | ၁၆၃၃၈၃၉ | ၇၉၂၀၃ |
| ၉။ | စပိန် | ၂၁၁၁၇၈၂ | စိစစ်ဆဲ | ၅၂၂၇၅ |
| ၁၀။ | ဂျာမနီ | ၁၉၄၄၆၁၈ | ၁၅၇၀၀၀၀ | ၄၂၃၄၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၈၄၆၇၆၅ | ၆၉၅၈၀၇ | ၂၄၆၄၅ |
| ၂။ | ဖိလစ်ပိုင် | ၄၉၁၂၅၈ | ၄၅၈၁၇၂ | ၉၅၅၄ |
| ၃။ | မလေးရှား | ၁၄၁၅၃၃ | ၁၁၀၅၈၄ | ၅၅၉ |
| ၄။ | မြန်မာ | ၁၃၁၇၃၇ | ၁၁၅၀၆၁ | ၂၈၇၈ |
| ၅။ | စင်ကာပူ | ၅၈၉၄၆ | ၅၈၆၆၈ | ၂၉ |
| ၆။ | ထိုင်း | ၁၀၈၃၄ | ၆၇၃၂ | ၆၇ |
| ၇။ | ဗီယက်နမ် | ၁၅၂၀ | ၁၃၆၁ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၉၂ | ၃၇၄ | ၀ |
| ၉။ | ဘရူနိုင်း | ၁၇၄ | ၁၅၃ | ၃ |
| ၁၀။ | လာအို | ၄၁ | ၄၀ | ၀ |

## ကသာခရိုင်ရှိ ခိုင်းဆင်များ မှတ်ပုံတင်သက်တမ်းတိုးရေး စစ်ဆေးဆောင်ရွက်

**ကသာ ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ သစ်လုပ်ငန်းသုံး ခိုင်းဆင်များအနက် သက်တမ်းပြည့် ခိုင်းဆင်များအား လိုင်စင်သက်တမ်းတိုးလျှောက်ထားနိုင်ရန် တိုင်းထွာစစ်ဆေးခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာန မြန်မာ့သစ်ထုတ်လုပ်ငန်းမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၀ ရက်က ကသာမြို့နယ် မိုးတားကြီးကျေးရွာရှိ ပုဂ္ဂလိကခိုင်းဆင်များအား တိုင်းထွာစစ်ဆေးခြင်းကို စတင်ဆောင်ရွက်ခဲ့ကြောင်း ကသာမြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးဇော်ကိုကိုက ပြောသည်။

ထိုသို့ ကွင်းဆင်းတိုင်းထွာစစ်ဆေးသည့် လုပ်ငန်းများကို ကသာမြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းအဖွဲ့၊ မြန်မာ့သစ်လုပ်ငန်းမှ နယ်တာဝန်ခံနှင့် ဆင်ဆရာဝန်တို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပြီး ဆင်ပိုင်ရှင်ဦးသိန်းထွန်း၏ ယခင်က မှတ်ပုံတင်ထားရှိပြီးသော ခိုင်းဆင်လေးကောင်တို့အား အရပ်အမြင့်၊ ကိုယ်လုံး၊ အစွယ်၊ အမြီး၊ နားရွက် တိုင်းထွာစစ်ဆေးခြင်း၊ ဆင်တစ်ကောင်ချင်းစီအား ရှေ့၊ နောက်၊ ဝဲ၊ ယာ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးခြင်းနှင့် သုံးနှစ်လျှင်တစ်ကြိမ် မှတ်ပုံတင်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကသာခရိုင်အတွင်း၌ သစ်တောဦးစီးဌာနပိုင် ခိုင်းဆင်နှစ်ကောင်၊ မြန်မာ့သစ်လုပ်ငန်းပိုင် ခိုင်းဆင်အကောင် ၄၈၀ နှင့် ပုဂ္ဂလိကပိုင် ခိုင်းဆင် ၁၀ ကောင်၊ စုစုပေါင်း ၄၉၂ ကောင်ရှိကြောင်း၊ ဆင်ပေါက်ငယ် အသက်ငါးနှစ်ပြည့်ပြီးသည်နှင့် စတင်မှတ်ပုံတင်ရပြီး ဆင်များပျောက်ဆုံးမှုမရှိစေရန် သုံးနှစ်လျှင်တစ်ကြိမ် မှတ်ပုံတင်လိုင်စင်သက်တမ်းတိုးခြင်းတို့ကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

**ဆုမြတ်**



❖ **စာမျက်နှာ ၁၈ မှ**

နောက်တစ်ခုက နယ်တွေကို ကားနဲ့ပြန်လို့ရပြီလား၊ ဘယ်လိုလုပ်ဆောင်ရမလဲဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ပြီးခဲ့တဲ့ ဒီဇင်ဘာလကစပြီး လေယာဉ်ခရီးစဉ်တွေကို အတတ်နိုင်ဆုံး အရေးပေါ်အခြေအနေမှာ အဆင်ပြေအောင် လုပ်ဆောင်ပေးနေတာ ရှိပါတယ်။ ကားလိုင်းတွေကို ကိုဗစ်ဗဟိုကော်မတီက စည်းကမ်း၊ နည်းလမ်းတွေနဲ့ ဘယ်လိုဖွင့်ပေးနိုင်မလဲဆိုတာ စဉ်းစားနေပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အားလုံးမှာရှိတဲ့ မြို့နယ်ကိုဗစ်ကော်မတီတွေက အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တွေက မြို့နယ်ကိုဗစ်ကော်မတီတွေနဲ့ ဆက်သွယ်ဆောင်ရွက်ဖို့ မေတ္တာရပ်ခံလိုပါတယ်။

ဆေးရုံဆင်းသူတွေနဲ့ တရင်းတနှီးနေလို့ရလား၊ ဒီလူတွေကရော ရောဂါပြန်ဖြစ်နိုင်သလား မေးခွန်းနဲ့ ပတ်သက်ပြီး အခုလောလောဆယ်မှာ New Normal နဲ့ နေရမှာဖြစ်ပါတယ်။ ခွဲခြားဆက်ဆံဖို့ပြောတာ မဟုတ်ပါဘူး။ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့အညီ နေဖို့ပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တော်တော်များများ ထုတ်ပြန်ထားတာရှိပါတယ်။ အိမ်ပြန်ရောက်ရင် ဘယ်လို၊ ဘယ် နှရက် နေရမယ်ဆိုတာတွေကို ရှင်းပြထားတာရှိပါတယ်။ ဒါတွေကို ပြန်ပြီးကြည့်စေချင်ပါတယ်။ ရောဂါပြန်ဖြစ်နိုင်သလားဆိုတော့ နောက်တစ်ကြိမ် ပြန်ကူးစက်နိုင်ပါတယ်။ New Normal လူနေမှုပုံစံအသစ်ကို ဘယ်နေရာမှာဖြစ်ဖြစ်၊ ဘယ်သူနဲ့ဖြစ်ဖြစ် ကျင့်သုံးဖို့လိုတယ်ဆိုတာကို နှလုံးသွင်းထားစေချင်ပါတယ်။

ကိုဗစ်ကို ဘယ်လောက်အထိ ရင်ဆိုင်ရမှာလဲ။ ဘာတွေဆက်လုပ်ရမှာလဲ မေးခွန်းနဲ့စပ်လျဉ်းပြီး အခုလောလောဆယ် ကပ်ရောဂါကာလကို ရင်ဆိုင်ဖြတ်သန်းနေရတာ ဖြစ်ပါတယ်။ အရင်လို စဉ်းစားပုံ၊ နေပုံတွေနဲ့တော့ သွားလို့မရပါဘူး။ နောက်တစ်ခုက ထပ်ပြောလိုတာက အချင်းချင်းမကူးစက်ဘူးဆိုတဲ့ ပုံစံမျိုးတွေ အများကြီးတွေ့နေရပါတယ်။ အချင်းချင်း ကိုယ်နဲ့ထိတွေ့နေတဲ့သူတွေ၊ ဒီနေ့လည်း ထိတွေ့တယ်။ မနက်ဖြန်လည်း ထိတွေ့တယ်။ သန်ဘက်ခါလည်း ထိတွေ့တယ် ဒီလိုလူတွေက မကူးစက်နိုင်ဘူးဆိုတဲ့ ပုံစံမျိုးတွေ တွေ့နေရပါတယ်။

ဒါပေမယ့် တကယ်ဖြစ်တဲ့အချိန်မှာ ဒီလိုလူတွေကနေ တစ်ဆင့် ကူးစက်တာဖြစ်ပါတယ်။ လောလောဆယ် ရန်ကုန်တိုင်းဒေသကြီးမှာ လုပ်နေတဲ့ Campaign တွေရှိပါတယ်။ ဘယ်လိုနေရမလဲ၊ ဘာဆက်လုပ်ရမလဲဆိုရင် ပုံမှန်အားဖြင့် မလိုအပ်ဘဲ အိမ်အပြင်မထွက်ပါနဲ့။ အိမ်မှာ နေကြပါ။ အပြင်ထွက်မယ်ဆိုရင် အနည်းဆုံးနှာခေါင်းစည်း တပ်ပါ။ လက်ကို စက္ကန့် ၂၀ ကြာအောင်ဆေးပါ။ နေ့စဉ်ဘဝမှာ ခပ်ခွာခွာနေပါ ဒါတွေကိုလုပ်ရပါမယ်။ နောက်တစ်ခုက အချင်းချင်းသတိပေးမယ်၊ အသိပေးမယ်ဆိုတာကို ဦးစားပေးအနေနဲ့ လုပ်ဆောင်ပါ။ ဒီလိုလုပ်ဆောင်ရင် ကိုဗစ်ကို ရင်ဆိုင်ရမယ့်ကာလကို အများကြီးလျှော့ချသွားနိုင်မယ်လို့ ပြောကြားလိုပါတယ်။

ကာကွယ်ဆေးရရင် ကိုဗစ်က ပျောက်သွားမှာလား မေးခွန်းနဲ့စပ်လျဉ်းပြီး အတိအကျပြောဖို့ခက်တဲ့ကိစ္စပါ။ ကာကွယ်ဆေးရရင် နံပါတ်တစ် ကာကွယ်မှုတွေရမယ်။ နံပါတ်နှစ် အခုနေတဲ့ လူနေမှုပုံစံအသစ်အတိုင်း ဆက်လက်နေထိုင်ရပါမယ်။ အရင်လိုနေဖို့ မလွယ်သေးဘူးလို့ ယူဆပါတယ်။ ကျွန်တော်တို့ ထပ်ကာထပ်ကာပြောနေသလိုပါပဲ မလိုအပ်ရင် အိမ်အပြင်မထွက်ပါနဲ့။ အိမ်ထဲမှာပဲနေပါ။ အိမ်ကနေ ထွက်လာပြီဆိုရင် နှာခေါင်းစည်းကို သေချာစွာတပ်ပါ။

Mask Campaign တွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ အခြားသက်ဆိုင်ရာဌာနတွေ၊ အစိုးရအဖွဲ့တွေပူးပေါင်းပြီး လုပ်ဆောင်နေပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မကူးစက်ရအောင် အပြင်ထွက်ရင် နှာခေါင်းစည်းတပ်မယ်။ အမှုန်အမွှားတွေ လက်မှာ မကပ်မိအောင် ဘယ်နည်းနဲ့ဖြစ်ဖြစ် လက်ဆေးမယ်။ လက်ဆေးဖို့ အဆင်မပြေတဲ့နေရာဆိုရင် ရေမလိုတဲ့ လက်သန့်ဆေးရည်နဲ့ သေသေချာချာ စနစ်တကျ ဆေးကြောဖို့ အလွန်အရေးကြီးပါတယ်။

ဒါတွေကို ထပ်ကာထပ်ကာ ပြောနေရတာပါ။ ဒီလိုလုပ်ဆောင်ရင် ဆုံးရှုံးမှုတွေကနေ အများကြီးသက်သာမယ်ဆိုတာ သိနေတဲ့အတွက် တစ်ကမ္ဘာလုံးက ညွှန်ကြားနေတဲ့ကိစ္စ ဖြစ်ပါတယ်။ ဘယ်လိုအခြေအနေမှာဖြစ်ဖြစ်၊ ဘယ်နေရာမှာဖြစ်ဖြစ်၊ ဘယ်သူနဲ့ဖြစ်ဖြစ် အတတ်နိုင်ဆုံး ခပ်ခွာခွာနေကြပါ။ ဒါတွေကို လုပ်ဖို့လိုပါတယ်။ အချင်းချင်း တွေ့သူ၊ မြင်သူ အားလုံးကို သတိပေးပါ။ ဒီလိုနေရင် ပိုကောင်းတယ်၊ ဒီလိုမနေရင် ကူးစက်မှုတွေ ရနိုင်တယ်ဆိုတာကို အသိပေးပါ။ အခုလုပ်ဆောင်နေကြသူတွေ၊ လိုက်နာပြီးနေထိုင်ကြတဲ့ ပြည်သူတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ ဌာနတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

တကယ့်ကို စနစ်တကျ ဝိုင်းဝန်းပြီး လုပ်ဆောင်ကြမယ်ဆိုရင် အကောင်းဆုံးအနေအထားကို မျှော်လင့်လို့ရပါမယ်။ မျိုးကွဲပဲဖြစ်ဖြစ်၊ ဘယ်ကိစ္စမဆို ဒီလိုပုံစံနဲ့ပဲ သွားရမှာဖြစ်တဲ့အတွက် လူနေမှုဘဝပုံစံအသစ် New Normal Style နဲ့သွားရင် အကောင်းဆုံးဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့အတွက် စိတ်ပူရတာတွေ လျော့မယ်၊ အကောင်းဆုံး အခြေအနေကို ရောက်မယ်လို့ တင်ပြလိုပါတယ်။



# လွမ်းစမပြယ်ကောင်း လွမ်းရိုးဟောင်းဆင့် လွမ်းသစ်ဖွင့်နိုင်စွမ်းသော

မောင်စံဖြော

(၁)

မလွမ်းရော့သော်ကော့။ လွမ်းစရာအထုအထည်။ “ဤနယ်မြေမှာ ချစ်သူခင်သူတို့ထိုင်ရင်း ကြည်ကြည်နူးနူး စကားဆိုဖွယ်ရာ ခုံတန်းလျားလေးများကလည်း အဆင်သင့်” တဲ့။

၁၉၆၇–၁၉၆၈ ပညာသင်နှစ် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနား။ ကျောင်းသားရေးရာဌာနမှူး ဦးစန်းအုန်း၏ ကြိုဆိုနှုတ်ခွန်းဆက်စကား။ ယနေ့ထိတိုင် နားစွဲကြားဆဲ။ တက္ကသိုလ်ရနံ့ လွမ်းဖွယ့်အဦး၊ လွမ်းဖွယ့်ဆုး။

(၂)

၁၉၆၇ ခုနှစ် နိုဝင်ဘာလတွင် တက္ကသိုလ်စတက်ရသည်။ အစ်မအပျိုကြီးလုပ်သူက သူ့မောင် ကျွန်တော့်ကို လိုက်ပို့ပေးသည်။ ကျောင်းအပ်ပြီး သုံး၊ လေးလကြာမှသာ အဆောင်ရတတ်သည်ဟု ကြားဖူးသဖြင့် ရန်ကုန်မြို့ သရက်တောကျောင်းတိုက်မှာ ခေတ္တတည်းခို ချက်စားပြီး ကျောင်းတက်ဖို့ရန်ဖြစ်သည်။ သို့သော် ကျွန်တော် ကံကောင်းပါသည်။ ကျောင်းရောက်သော် အဆောင်နေခွင့်ရသူ စာရင်းထွက်နေပြီ။ အစ်မနှင့် ကျွန်တော် သမိုင်းမှာရှိသော ခပေါင်းဆောင်သို့ သွားကြသည်။ အခန်း (၂၈)။ ကျောင်းတက်တော့ မိန်းထဲမှာ တက်ရသည်။ ခပေါင်းနှင့် မိန်းအသွား၊ အပြန်ဟီးနိုးကားကြီးများဖြင့် ဖယ်ရီပြေးဆွဲပေးသည်။ ဘွဲ့နှင်းသဘင်ခန်းမနောက်ကျော အင်းလျားလမ်းမှာ ဂိတ်ထိုးပေးသည်။ ဖယ်ရီခမှာ တစ်လခြောက်ကျပ်။

တက္ကသိုလ်ရောက်စ ကဗျာနှင့် စာနှင့်ပတ်သက်၍ ဦးစွာလွမ်းလောက်သူမှာ ကိုအောင်စိုး (အောင်စိုးဦး) ဖြစ်သည်။ သူက ကျွန်တော့်ထက်ကြီးသည်။ အသက် ၂၀ ခန့်၊ ကျွန်တော်က ၁၇ နှစ်ပင် မပြည့်တတ်သေး။ သူနှင့်ကျွန်တော်သည် ကဗျာရူး၊ စာရူး၊ တတွဲတွဲ တပူးပူး၊ မျက်စိနောက်လာရော့ထင့်။ ခပေါင်းသားတို့ မေးချေပြီ။ ‘နေပါဦးကွ မင်းတို့နှစ်ယောက် ဘယ်သူက ဆရာ၊ ဘယ်သူက တပည့်လဲ’ တဲ့။ ပြုံး၍သာ နေလိုက်ပါသည်။ သို့တစေ ဖြစ်ခြင်းဖြစ် သူက ဆရာဖြစ်မည်။ သူက ကျွန်တော့်ထက် အစစအရာရာမှာ သာလွန်သူဖြစ်သည်။ တစ်ခါသော် ကျွန်တော်တို့နှစ်ဦး၏ ကဗျာစာမူများကို ပုံနှိပ်ထုတ်ဝေလိုလှပါသည်ဟု အဆိုပြုဖိတ်ကြားစာ ရောက်လာသည်။ အဟုတ် မမှတ်တမှတ်ဖြင့် “ဘာဖြစ်လဲကွာ မဟုတ်တော့လည်း အရှုံးရှိတာမှ မဟုတ်တာ” ဟူသော သဘောပိုက်၍ လိပ်စာအတိုင်း နှစ်ဦးသား မြို့ထဲထွက်လာကြသည်။ လား.....လား လွှစ္စလမ်းစထရင်းဟိုတယ်အနီးရှိ လူမနေသော ဂိုဒေါင်ပျက်ကြီးနှင့်သာ ပက်ပင်းတိုးခဲ့ကြသည်။ တရားခံကို ကျွန်တော်မသိလိုက်ပါ။ နောင်သောအခါ ကိုအောင်စိုး ပြောပြချက်အရ အလွန်အစအနောက်သန်သော ကိုအေးကို (ဇီးကုန်း) ဖြစ်ကြောင်း သိရသည်။ တက္ကသိုလ်ရောက်စ ယောင်နနလေးများကို ဖမ်းစား၍ ဟာသလုပ်တတ်သော ကိုအေးကိုလို လူမျိုးများ ရှိတတ်သည်မှာ ရှေးကတည်းကဖြစ်ကြောင်း ကြားခဲ့ဖူးသည်။ ယခုမူ ကိုယ်တိုင်ခံလိုက်ရသည်။ သည်အဖြစ်က နှစ်တွေကြာခဲ့ပြီ။ ကဗျာရူး၊ စာရူး ကျွန်တော်တို့နှစ်ဦး ရုက်ကိုးရှက်ကန်းဖြစ်ခဲ့ရပုံ လွမ်းပုံရိပ်တစ်စအဖြစ် ပြန်လည်ကြည်နူးမိသည်။ ကိုအေးကိုကြီး ကိုဗစ်–၁၉ ဘေးမှ ကင်းဝေးပါစေသော်။



ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်။ ဓာတ်ပုံ– မြင့်မောင်မောင်

(၃)

ဒုတိယနှစ်တွင် ကျွန်တော် မိန်းထဲရောက်ပြီ။ ဒဂုံဆောင်မှာ၊ ကိုအောင်စိုးက ကျွန်တော်နှင့်ကျောချင်းကပ်အဆောင် ရွှေဘိုဆောင်မှာ၊ ကျောချင်းကပ်ဆိုတော့ ၃ နှင့် ၄ ပေါ့။ သို့သော် အမုန်းနှင့် ဝေးကြသည်တော့ မဟုတ်ပါ။ သူ့မြန်မာစာမေဂျာမှာကလည်း ကဗျာရေးဖော်၊ စာရေးဖော်များကလည်း အများသား။ အညာတမာ၊ သန်လျင်မောင်ဝင်းဝါ၊ စောမဥ္ဇူ(ဖျာပုံ)၊ တင်တင်ဦး၊ အင်းလေးသန္တာခင်…စသည်။ ‘မြရွက်လှေ’ တစ်လှေကြီးအပြည့်။ ကဗျာရေးဖော်၊ စာရေးဖော်များ။ သူက ကဗျာထက် စကားပြေမှာ ပိုသန်သည်။ “အောင်စိုးဦး” ကို ထူထောင်နေသည်။ ကျွန်တော်က “မောင်စံဖြောဟုခေါ်သည်” ဟူသော စာတန်းလေးထိုးရန် ကြိုးစားနေသည်။ ပြီးတော့ ကျွန်တော်က ကဗျာတစ်ခုတည်း အာရုံထားသည်။ သူက အာရုံများသည်။ မြန်မာစာအသင်း အတွင်းရေးမှူးလုပ်သည်။ ရှင်မဟာရဋ္ဌသာရ နှစ် (၅၀၀) ပြည့် စာတမ်းဖတ်သည်။ စောင်းတီးသင်သည်။ ဇာတ်ညွှန်းရေးပညာ လေ့လာဆည်းပူးသည်။ ဇာတ်ညွှန်းလည်းစရေးပြီ။ ဤမျှမအားလပ်သည့်ကြားမှ ရည်းစားထားလိုက်သေးသည်။ သူ့ရည်းစားက မမြမြဟိန်း။ သူချစ်ညွှန်းခွန်းဆို ‘ညို’။ ကျွန်တော်က ညနေစာစားပြီး တစ်ခါတလေ သူ့ရွှေဘိုဆောင်အခန်းသို့ ရောက်ဖြစ်သည်။ တစ်ခါက ညနေခင်း သူ့အခန်းသို့ အလည်အပတ်ရောက်တော့ သူ့ရည်းစားစာကို အသံထွက်ဖတ်ပြပါသည်။ သူ့ရည်းစားစာကို အသံထွက်ဖတ်ပြကောင်းတုန်း ရသဖျက်မိစ္ဆာဟု ဆိုရမလား ကျောချင်းကပ်အခန်းက မောင်ဖန် (သာယာဝတီ)၏ အသံပေါ်လာသည်။ ‘ဟေ့ နာမည်ချင်းတူလို့ ငါ့ကိုလာချစ်ရင်တော့ ငါက စိတ်မဆိုးတတ်ဘူးကွနော်” တဲ့။ ဟုတ်ပေသားပဲ။ သူ့အမည်ရင်းကလည်း ကိုအောင်စိုးပေကိုး။ ကျွန်တော်တို့ တဟားဟား ရယ်မိသွားကြသည်။ ဒါလည်း ကံ့ကော်ရိပ်အလွန်မှာ လွမ်းစလွမ်းစွန်း လွမ်းအစွန်းအထင်းအဖြစ်ရင်မှာ လွမ်းဖြစ်ရုပ်ကြွင်းပုံနှိပ်ခြင်း တစ်ရပ်ပေပ့ါ။

အဆောင်နေကျောင်းသားဘဝနှင့် မိန်းထဲတွင် စာသင်ရသည်မှာ ပို၍ပျော်စရာကောင်းသည်။ တက္ကသိုလ်ကျောင်းသားဘဝ အတွေ့အကြုံများနှင့် ပိုမိုရင်းနှီးခွင့်၊ ကျွမ်းဝင်ခွင့်ရသည်။ ၁၉၆၉ ခုနှစ်မှာ ဖြစ်မည်ထင်သည်။ ပြည်ထောင်စုအလံတော် လက်ဆင့်ကမ်းသယ်ဆောင်ရာမှ ဘွဲ့နှင်းသဘင်ခန်းမရှေ့တွင် ညအိပ်ရပ်နားသည်။ ထိုညတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ တိုင်းရင်းသားအကများကို ကြည့်ခွင့်ရသည်။ ငြိမ့်ညောင်းလှပသော ရခိုင်အက၊ မွန်အက၊ သွက်လက်သော ကချင်အက၊ ကယားအက၊ ချင်းအက၊ ရှမ်းအကနှင့် ဗမာအကတို့မှာ ကျွန်တော်ကြည်နူးရသ ခံစားခဲ့ရသည်။ ပဝါလေးများကို ဇွေ့ကာယမ်းကာ ခုန်ကာပေါက်ကာ လူလှိုင်းလုံးကြီးများပမာ တက်တက်ကြွကြွ ကခုန်ကြသော ကရင်ဒုံးအကမှာမူ ကြက်သီးမွေးညင်းထအောင် ဝီရရသ ခံစားရစေသည်။ ရွာမှာ တိုင်းရင်းသားသွေးချင်းများ၏ ပြည်ထောင်စုအကအလှကို သွေးချင်းနီးကပ်စွာ အဘယ်မှာခံစား၍ ရနိုင်ပ့ါမည်နည်း။ ရန်ကုန်တက္ကသိုလ်ဟူသော ကံ့ကော်ရွာ၊ ပြည်ထောင်စုရွာပေမို့သာ။

ကျွန်တော်နှစ်သက်မိသော တက္ကသိုလ်အလေ့တစ်ခုရှိသေးသည်။ ဌာနအလိုက် ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲများကို ပြင်ပပညာရှင်များဖိတ်ခေါ်၍ ဟောပြောပွဲ ကျင်းပခြင်းပင်ဖြစ်သည်။ မှတ်မှတ်ရရ မိုးလေဝသနှင့် ဇလဗေဒဌာနညွှန်ကြားရေးမှူးချုပ် ဦးလှ၏ ဟောပြောပွဲသို့ ကျွန်တော် တက်ရောက်နားထောင်ဖူးသည်။ ပထဝီဝင်ပညာဆိုသည်မှာ သိပ္ပံသဘောတရားများ အကြောင်းတရားများ၊ ဝိဇ္ဇာသဘောတရားများ၊

**စာမျက်နှာ ၂၁ သို့** ☆

ဤမည်သောအရပ်ကို မြကျွန်းညိုညို၊ မြကျွန်းသာ၊ ကံ့ကော်တော၊ ကံ့ကော်ရွှေပြည်၊ ကံ့ကော်ရိပ်၊ ကံ့ကော်ရပ်ဝန်းဟု ဆိုကြညွှန်းကြသည်။ မည်သို့ပင် ညွှန်းဖွဲ့ကြပါစေ၊ ရန်ကုန်တက္ကသိုလ်သည် ရန်ကုန်တက္ကသိုလ်ပင်ဖြစ်။ အမိရန်ကုန်တက္ကသိုလ်သည် ဒီဇင်ဘာဖွား။ သားကျွန်တော်လည်း ဒီဇင်ဘာဖွား။ အမေရာပြည့် သက်ရှည်။ ကျွန်တော် ၇၀။ မောင်စံဖြော ၅၀။ လွမ်းဖွယ်အတိ။ ကျွန်တော်တို့ကသာ အိုမင်းသွားမည်။ ရင့်ရော်သွားမည်။ အမိရန်ကုန်တက္ကသိုလ်ကား မအိုမင်းသွား၊ မရင့်ရော်သွား၊ရင့်ကျက်ခြင်းဖြင့် မေတ္တာရှန်းစို အစဉ်နုပျိုနေမည်သာဖြစ်။ သို့ဖြစ်ရကား ဤမည်သောအရပ်သည် လွမ်းစမပြယ်ကောင်း လွမ်းရိုးဟောင်းဆင့် လွမ်းသစ်ဖွင့်နိုင်စွမ်းသော အမိရင်ခွင်မည်ပါ၏။



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း – ဦးရန်နိုင် (ခေါ်) ဦးရန်စိန် ဖြစ်သည်။
- အဖ ဦးထိတ်၊ အမိ ဒေါ်အုန်းမြိုင်တို့မှ ၁၉၅၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။
- ဇာတိမှာ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျိုက်ထော်ရွာ ဖြစ်သည်။
- ၁၉၆၆ ခုနှစ်တွင် တန်းမြင့်ကျောင်းထွက်လက်မှတ်ရ စာမေးပွဲကိုလည်းကောင်း၊ ၁၉၆၇ ခုနှစ်တွင် အခြေခံပညာအထက်တန်း စာမေးပွဲကိုလည်းကောင်း အထက တွံတေးမှ အောင်မြင်ခဲ့သည်။
- ၁၉၇၁ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ B.A (Geog) ရရှိပြီး ၁၉၈၁ ခုနှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပညာရေးဒီပလိုမာဘွဲ့ (Dip.Ed) ရရှိခဲ့သည်။
- တွဲဖက်ကျောင်းဆရာ၊ မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြအဖြစ် ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်ပြီး ၂၀၁၀ ပြည့်နှစ်တွင် သက်ပြည့်အငြိမ်းစားယူခဲ့သည်။
- ၁၄ နှစ်သားအရွယ်မှစ၍ ကဗျာရေးဖွဲ့ခဲ့ကာ ၁၉၆၇ ခုနှစ် မတ်လထုတ် သင့်ဘဝမဂ္ဂဇင်းပါ “အလွမ်းမှိုင်းတိုက်ခံရသူသို့” ကဗျာဖြင့် မောင်စံဖြော အမည်ကို စတင်ခံယူခဲ့သည်။
- သင့်ဘဝ၊ ချိုတေးရှင်၊ တိုင်းရင်းမေ၊ ရှုမဝ၊ မိုးဝေ၊ သဘင်၊ ကလျာ၊ ပေဖူးလွှာ၊ မဟေသီ၊ မြားနတ်မောင်၊ ရွှေသမင်၊ စာပေဂျာနယ်၊ ပန်းအလင်္ကာ စသည့် မဂ္ဂဇင်းများတွင် ကဗျာများရေးခဲ့ကာ ရုပ်ရှင်တေးကဗျာနှင့် စံတော်ချိန်တွင်လည်း ကဗျာများရေးသားဆဲဖြစ်သည်။
- ကလေးသုတနှင့် အလိမ္မာကလေးမဂ္ဂဇင်းတို့တွင်လည်း ကလေးကဗျာများ ရေးသားခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် “ကျေးလက်ပေါ်ကလမင်း” ကဗျာစာအုပ်ကို မောင်ရွှေငယ် (သရက်)၊ မျိုးမိမိငယ် (တွံတေး)၊ ဖိုးတေ (တောသား)၊ မောင်စိမ်းခိုင်တို့နှင့် တွဲဖက်၍ ရေးသားထုတ်ဝေခဲ့၊ ၂၀၁၅ ခုနှစ်တွင် “မရွှေဖဲမဟုတ် မနီမဟုတ်နှင့် စီးဆင်းခြင်းသိက္ခာ” မဂ္ဂဇင်းကဗျာအပေါင်းအစုကို ထုတ်ဝေခဲ့သည်။
- စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ရင်း ရန်ကုန်တက္ကသိုလ်နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ကဗျာပြိုင်ပွဲဆုများ စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ယခုအခါ ချစ်ဇနီး ဒေါ်ခင်ကြည်နှင့်အတူ ဘဝကို ဖြတ်သန်းရင်း ကျောင်းဆရာအလုပ်ဖြင့် ကဗျာဆရာအလုပ်ကို မဆုတ်မနစ် မပစ်မပယ် ချစ်တွယ်ဆဲဖြစ်သည်။

☆ စာမျက်နှာ ၂၀ မှ

အကြောင်းတရားများ ပေါင်းစုံစီးဝင်နေသော ဘာသာရပ်တစ်ခုဖြစ်သည်။ ပြီးတော့ လတ်တလော အဖြစ်အပျက်များ၊ အပြောင်းအလဲများ၊ အရွေ့များ၊ အမြင်သစ် အယူအဆအသစ်များကို မျက်ခြည်ပြတ်ခံ၍ မရပေ။ မိမိတို့သင်ရိုးမှာချည်း ခေါင်းစိုက်နေ၍မဖြစ်ပေ။ ကိုအောင်စိုးတို့ မြန်မာစာဌာနက ကျင်းပသော ဟောပြောပွဲတစ်ခုကိုလည်း ကျွန်တော် တက်ရောက်နားထောင်ဖူးသည်။ ဟောပြောပွဲကျင်းပသည့်ရက်မှာ ၃၁၊ မေ၊ ၁၉၆၉ ရက်နေ့။ ဟောပြောသူမှာ ဆရာဦးသိန်းဖေမြင့်။ "ဟောပြောမယ့် ပုဂ္ဂိုလ်တွေထဲမှာ ဆရာဦးမောင်မောင်ကြီး မပါပါဘူး။ ပါမောက္ခမို့ မဟုတ်ပါဘူး။ မင်းနဲ့ငါနဲ့ အားရပါးရပြောချင်ရင် သူကတော့ ရွယ်တူလား။ သူကတော့ ကိုယ့်ထက်ကြီးမလားလို့ တွက်နေရတယ်။ ရုပ်ကြည့်တော့ သူက ကြီးနေတာပဲ" ဟု အရွှန်းဖောက်အစချီကာ "ကျွန်တော့်ဝတ္ထုများထဲမှ ကျွန်တော့်ဇာတ်ဆောင်များ" ခေါင်းစဉ်ဖြင့် ဟောပြောပါသည်။ နားထောင်သူ ကျွန်တော်တို့အဖို့ ရယ်လည်းရယ်ရ ပညာလည်းရသည်။ သူ၏ သပိတ်မှောက်ကျောင်းသား၊ တက်ခေတ်နတ်ဆိုးတို့မှအစ၊ လမ်းစပေါ်ပြီ၊ အရှေ့က နေဝန်းထွက်သည့်ပမာ အလယ်၊ သီတာပြုံး၊ အဏ္ဏဝါခရီးသည်နဲ့ ပုလဲဒေဝီအဆုံးဝတ္ထုများတွင် ပါဝင်သော ဇာတ်ဆောင်စရိုက်ရေးရသောအကြောင်းရင်း (theme)၊ ဇာတ်လမ်းဖန်တီးခြင်းစသည့် ဝတ္ထုအင်္ဂါရပ်များကို ဟောပြောသွားပါသည်။ သီတာပြုံး၏ ချို့ယွင်းချက်ကိုလည်း သူကိုယ်တိုင် ထောက်ပြသွားပါသည်။ ဆရာသိန်းဖေမြင့်၏ ဟောပြောချက်ကို ၁၉၆၉ ခုနှစ် စက်တင်ဘာလတွင် နံ့သာတိုက်က ဝတ္ထုရေးအတတ်ပညာကို ဖွင့်သော ဝတ္ထုသဘောတရားကျမ်းအဖြစ် 'ကျွန်တော်ဝတ္ထုများထဲမှ ကျွန်တော့်ဇာတ်ဆောင်များ' အမည်ဖြင့်ပင် စာအုပ်ထုတ်ပါသည်။ ရွာမှာ သည်လိုတန်ဖိုးရှိသော ဟောပြောပွဲမျိုး ဘယ်မှာနားထောင်ခွင့်ရလိမ့်မတုံး။ ကံ့ကော်ရွာမို့လို့သာ။

တက္ကသိုလ်တွင် ကျွန်တော်၏ 'ကေစာအကျင့်' တစ်ခုကို သတိရမိ၊ ကြည်နူးမိသေးသည်။ စာကြည့်တိုက်မှ စာအုပ်ငှားဖတ်ခြင်းပင် ဖြစ်သည်။ စာကြည့်တိုက်သွားရာတွင် အဖော်မပါ တစ်ကိုယ်တည်းဖြစ်သဖြင့် 'ကေစာအကျင့်' ဟု ကျွန်တော်ဆိုခြင်း ဖြစ်သည်။ ပထမနှစ်တွင် စာအုပ်ငှားကတ် နှစ်ကတ်ကို ကိုင်ဆောင်ခွင့်ရှိသည်။ တစ်ကြိမ်ငှားလျှင် စာအုပ် နှစ်အုပ်ကို တစ်ပြိုင်တည်း ငှားခွင့်ရှိသည်။ ဒုတိယနှစ်တွင် စာအုပ်ငှားကတ် သုံးကတ်.. စသည်ဖြင့် နှစ်အလိုက် စာအုပ်ပိုငှားခွင့်ရသည်ဟု ကျွန်တော်မှတ်မိနေသည်။ ပြီးတော့ ကြိုက်သကောရယ်လို့ ငှားထားသော စာအုပ်ကို ပြန်မအပ်ဘဲ အတိုအလျှိုလုပ်ဖို့များ မကြံလေနှင့်။ အချိန်တန်၍ အောင်စာရင်း ထုတ်ပြန်လျှင် ငတိုအမည် မပါပြီသာမှတ်။ မည်သို့ဆိုစေ တက္ကသိုလ်ကျောင်းသားတစ်ယောက်ပီပီ "တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ကြီး" ကို အသုံးချခဲ့ရသည်မှာ ဂုဏ်ယူဖွယ်တစ်ရပ်ပင် ဖြစ်သည်။ သင်ရိုးသက်သက် ကျောင်းမှထွက်လာခြင်း မဟုတ်သော တက္ကသိုလ်ကျောင်းသားတစ်ယောက်အဖြစ် ကျွန်တော်လိပ်ပြာလုံပါသည်။

၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ရန်ကုန်တက္ကသိုလ် ရွှေရတုသဘင်နှင့် ကြုံပါသည်။ အခါမဲ့မိုးကြောင့် ရွှေရတုပွဲကို မိုးတဖွဲဖွဲနှင့် ဆင်နွှဲခဲ့ရသည်ဟု အမှတ်ရမိနေသည်။ "အို ချစ်လှစွာသော နှမကလေး၊ ကျေးဇူးပြု၍ ကျွန်ုပ်အား ရေချမ်းချမ်းတစ်ခွက်ပေးလိမ့်မည်ဟု မျှော်လင့်မိပါသည်"တဲ့။ ဘိလပ်ပြန်မောင်သောင်းဖေက သူ့နှမ မသောင်းမေကို ပြောသံ။ မြန်မာမဆန် တိုင်းတစ်ပါး ယဉ်ကျေးမှုဟန် လွှမ်းပုံ။ ရွှေရတုမှာကသည့် ပြဇာတ်ထဲက အသံ။ ယနေ့တိုင်ကြားဆဲ မြင်ယောင်မိဆဲ ဖြစ်သည်။ ရွှေရတုအထိမ်းအမှတ်စာအုပ်များ ကျွန်တော်ဝယ်ဖြစ်ခဲ့သည်။ ပြီးတော့ ပန်းချီ ဦးနန်းဝေ၏ အဖြူအမည်း ပို့စ်ကတ်နှစ်ခု။ တစ်ခုက သစ်ပုပ်ပင်ကြီးပုံ၊ နောက်တစ်ခုက ဘွဲ့နှင်းသဘင်ခန်းမကြီးပုံ၊ ခုံခုံမင်မင် မြတ်မြတ်နိုးနိုး။

ရွှေရတုနှစ်မှာပင် ဒဂုံဆောင် သာယာရေးကော်မတီက စာပေပြိုင်ပွဲကျင်းပသည်။ ကျွန်တော်၏ 'ရွာသုံးရွာနှင့် နွားအုပ်များ' ကို သူတို့ကဗျာ ပထမဆုချီးမြှင့်ပါသည်။

'ရွာသုံးရွာ' ဆုရခြင်းမှာ ပြောပလောက်သော အကြောင်းတစ်ရပ်မဟုတ်ပါ။ ညီအစ်ကိုလို ချစ်ခင်ရင်းနှီးသော ကိုအောင်စိုးပင် မသိလိုက်ပါ။ ကျွန်တော်သင်ယူနေသည့် ပထဝီဝင်ပညာရပ်၏ ကျေးဇူးကြောင့် 'ရွာသုံးရွာ' ကျွန်တော် ရေးဖြစ်ပုံကိုမူ ပြောပလောက်သည် ထင်ပါသည်။ 'ရွာသုံးရွာ' ကျွန်တော် ရေးချိန်မှာ ဗီယက်နမ်စစ်မီး အရှိန်ညီးညီး တောက်လောင်နေချိန် ဖြစ်သည်။ ကျောင်းမှာလည်း နိုင်ငံရေးရာ ပထဝီဝင်ကို မျက်မှောက်ခေတ် နိုင်ငံရေး အခြေအနေနှင့် ယှဉ်ဟပ်လျက် သင်ကြားပြသပေးတတ်သော ကထိကဆရာ ဦးလှထွန်းအောင်၏ ပို့ချချက်များမှာ ကျွန်တော်သိမ်မွေ့စွာ သက်ဝင်ရှင်သန်နေချိန် ဖြစ်သည်။ ကောင်းလိုက်ပါဘိ။ ဒဂုံဆောင်အခန်း (၁၀၄) မှာ ATLAS(မြေပုံစာအုပ်ကြီး) ရှေ့မှာချပြီး 'ရွာသုံးရွာနှင့် နွားအုပ်များ' ကို ကျွန်တော်ရေးခဲ့သည်။ မဲခေါင်မြစ်သည် တောင်ဗီယက်နမ်မှာ မြစ်ဝကျွန်းပေါ်ဖြစ်ထွန်းကာ တောင်တရုတ်ပင်လယ်အတွင်း စီးဝင်သည်။ မြစ်နီမြစ်သည် မြောက်ဗီယက်နမ်မှာ မြစ်ဝကျွန်းပေါ်ဖွဲ့ကာ တုံကင်ပင်လယ်ကွေ့အတွင်း စီးဝင်သည်။ ပြီးတော့ ကျွန်တော်တို့ ဧရာဝတီ မြစ်ဝကျွန်းပေါ်။ ဤသို့ မြစ်ဝကျွန်းပေါ်ကြီး သုံးခုကို စပါးခင်းကြီးသုံးခုအဖြစ် ပုံရိပ်ပြုကာ 'ရွာသုံးရွာနှင့် နွားအုပ်များ' ကဗျာကို ရေးဖွဲ့ခဲ့သည်ဟု အမှတ်ရနေမိသည်။ ဤသည်လည်း အမိတက္ကသိုလ်ရင်ခွင် 'အလွမ်းတင် မျက်ဝန်း' ဖြစ်စေ။

(၄)

မောင်ရွှေငယ် (သရက်) သည် ကျွန်တော်၏ ကဗျာရေးဖော်တစ်ဦးဖြစ်သည်။ သူ့ကို 'ကိုတူး' ဟုလည်း ခေါ်သည်။ တွံတေးမြို့ စိုက်ပျိုးရေးဘဏ်တွင် အလုပ်လုပ်သည်။ တွံတေးမြို့ ပြန်ကြားရေးဌာန စာကြည့်တိုက်တွင် တွေ့ဆုံပြီး ချစ်ခင်ရင်းနှီးခဲ့ကြသည့် ကဗျာငယ်ပေါင်းလည်း ဖြစ်သည်။ ကျွန်တော်တက္ကသိုလ်တက်နေစဉ် ကံ့ကော်ရပ်ဝန်းသို့ သူလိုက်လာတတ်သည်။ ကျွန်တော်တို့ ပထဝီဝင် အဓိကကျောင်းသားများသည် ဘွဲ့ယူစာတမ်းပြုစုရသည်ကို အကြောင်းပြု၍ စတုတ္ထနှစ်တွင် အခန်းဖော်နှင့် တွဲစရာမလို။ တစ်ယောက်ခန်း (single room) နေခွင့်ရသည်။ သူ ကျွန်တော်နှင့်အတူ ဒဂုံဆောင်အခန်း (၁၀၄) မှာ အိပ်သည်။ ကျွန်တော်နှင့် ကိုတူးသည် တစ်မြို့တည်းသား သမိုင်းအဓိက ကိုတင်မြင့် (စစ်ကိုင်းဆောင်)၊ ပဲခူးသား မြန်မာစာအဓိက ကိုသိန်းဟံ (မောင်စိမ်းခိုင်)တို့နှင့် တွဲလေ့ရှိသည်။ ရုံဖန်ရုံခါ ကွမ်းခြံကုန်းသား မြန်မာစာအဓိက ကိုမြင့်သိမ်း (စိုးမြင့်သိမ်း)၊ ခိုင်ကျော်ထွေး (စစ်တွေ)နှင့် သန်လျင် မောင်ဝင်းဝါတို့လည်း ပါတတ်သည်။ ကိုတူးသည် ဂီတကိုလည်း မြတ်နိုးသူဖြစ်သည်။ မိန်းထဲက ဆောင်းညချမ်းသည် ကိုတူးအဖို့ အကြိုက်ဖြစ်ပြီ၊ အင်းလျားဆောင်၊ ရတနာဆောင် များဘက်သို့ ကျွန်တော်တို့ ခြေဦးလှည့်တတ်ကြသည်။ ကျွန်တော်တို့ထဲမှာ ကိုတူးသာလျှင် သီချင်းကောင်းကောင်း ဆိုတတ်သည်။ ကျန်သူတို့မှာ ဟုတ်တိပတ်တိမရှိပါ။ သို့ဖြစ်၍ တစ်ယောက်သောသူက "စာကြည့်နေသလား မေ...သီချင်းလေးတစ်ပုဒ်တော့ မောင်ဆိုပါရစေ" ဟု အဆောင်သူများဘက်သို့ ခွင့်ပန်ခြေဆင်းလေး ဆိုလိုက်သည်။ သူတို့ကလည်း လူလုံးတော့မပြ။ ပြတင်းခန်းဆီးနောက်မှာ လူရိပ်ကိုပဲပြသည်။ ဤမျှလောက် ပြလျှင်ပင် ကျွန်တော်တို့ ကျေနပ်ရသည်။ သို့နှင့် "စာကြည့်နေသလား မေ....သီချင်းလေးတစ်ပုဒ်တော့ မောင်ဆိုပါရစေ"ကို သုံးကြိမ်ကျော့၍ ဆိုပြီးမှ သံပြိုင်ဟစ်ကြွေးဆိုလိုက်ကြသည်မှာ 'ကမ္ဘာမကြေ' သီချင်းပင်ဖြစ်ပါသည်။ ကျွန်တော်တို့ကား သီချင်းလူပြက်မျှသာဖြစ်သည်။ ကိုတူးကား အတည်အခံ့။ "သံသယတောအလယ်.... မောတယ်အချစ်ရယ်....ပန်းချီကဗျာထက်လှတဲ့.... သီလာတက္ကရဲ့ ကျွန်းညိုမြဝယ်.... မိုးမြေနိမ့်ယောင်....ဝေသာဆောင်သို့ မြူနှင်းတို့ဝေတဲ့ကာလ.... ဆောင်းချမ်းမြ ဟေမန်ဝယ်....တက္ကသိုလ်မှာ ဝေတဲ့နှင်းရယ်... နှင်းလေးတွေမှ ဟုတ်ရဲ့လား.... နှင်းလေးတွေမှ ဟုတ်ပါရဲ့လားကွယ်" မတုန်သလို တုန်သလို မခါသလို ခါသလိုနှင့် ဆိုလိုက်သော ကိုတူး၏အသံမှာ ချိုမြိန်လှသည်။

ကိုတူးသည် မဂ္ဂဇင်းထုတ်ချိန် လဆန်းရက်တိုင်းလို ကျွန်တော်တို့ဆီ ရောက်လာတတ်သည်။ ကျွန်တော်တို့သည် လှည်းတန်းရှိ ဦးဆောက်ပန်းစာပေ၊ သိန်းစာပေတို့တွင် ဟိုလှန်သည်လှော့နှင့် မဂ္ဂဇင်းမာတိကာကို ကြည့်ကြ၊ ကဗျာရွေးစာရင်းကို ကြည့်ကြသည်။ လှည်းတန်းအဝိုင်းမှာ ထိုင်ရင်း မြို့ပြဆည်းဆာကို ခံစားတတ်ကြသည်။ တက္ကသိုလ်ည၏ အလှကိုလည်း စာပေစကားဝိုင်းဖွဲ့ မျှဝေခံစားတတ်ကြသည်။ မိန်းထဲက ဦးချစ်လက်ဖက်ရည်ဆိုင်တွင် ကိုယ်လတ်တလောရေးဖြစ်သော ကဗျာကို နားဆင်ပေးအောင် လက်ဖက်ရည်ဒကာခံပြီး ရွတ်ဆိုပြရ၊ အဝေဖန်ခံယူရ မှတ်မိသေးသည်။ လက်ဖက်ရည်ဆိုင်စားပွဲထိုးလေး၏ ဘဝနှင့် အချစ်ကို ဖွဲ့ဆိုထားသော ရှုမဝမဂ္ဂဇင်းပါ အောင်ပြည့်၏ 'ကြက်ဥနှင့် ကျောက်တုံး' ဝတ္ထုတိုလေးကို လက်ဖက်ရည်သောက်ရင်း နှစ်သက်ခဲ့ကြဖူးသည်။ ရံဖန်ရံခါ ပြည်လမ်းပေါ်က ကြက်ဆင်ဖဲထီးဆိုင်မှာ လက်ဖက်သုပ်၊ ခရမ်းချဉ်သီးသုပ် စားရင်း စာပေစကားဝိုင်းဖွဲ့တတ်ကြသည်။ ကြက်ဆင်ဖဲထီးမှာပင် မထင်မှတ်ဘဲ ဆရာမောင်ပန်းမွေးနှင့် ကြုံခဲ့ဖူးသည်ကို အမှတ်ရမိသည်။ သည်တုန်းက ဆရာမောင်ပန်းမွေးသည် အင်းဝဆောင် အဆောင်နည်းပြဖြစ်သည်။ ထိုစဉ်က ဆရာသည် ရှုမဝတွင် တစ်လခြား ကဗျာဖော်ပြခံနေရချိန်ဖြစ်သည်။ "ခိုလိုညည်းတယ်၊ အပူသည်ဟု၊ ဘယ်သူမေးငေ့ါ၊ မမှုတော့ဘူး၊ လွမ်းတော့ ကိုယ်ပဲလွမ်းရသည်" ဟု သူ့ကဗျာလေးများကို ရွတ်ပြတတ်သည်။ ကျွန်တော်တို့ကား ငေးမောနားစိုက်။ "တစ်ခါတစ်ရံ အင်းလျားကန်မှာ၊ မုန့်ကလေးတစ်ချက်၊ ဖျတ်ခနဲကွဲ" ဟူသော ဆရာတင်မိုး၏ "စိမ်းလန်းသော အိပ်မက်" ထဲက ကဗျာတစ်စ အပြလှပုံကို နှစ်သက်ခံစားကြသည်။ ထိုကာလတွင် ထွက်ရှိလာသည့် ကဗျာအမှာအချို့ကိုလည်း ဆွေးနွေးတုံ့တင် အမြင်ဖလှယ်တတ်ကြသည်။ "ပန်းဈေးခင်း" ဒဂုန်တာရာ အမှာ၊ "စိမ်းလန်းသော အိပ်မက်" ညွှန့်ကြူးအမှာ၊ "တော်လှန်ကဗျာ" ဒဂုန်တာရာအမှာ စသည်တို့ဖြစ်သည်။ အမှာဗေဒမှ ကဗျာဒဿနကို ဖွေရှာကြသည်။ မောင်သာနိုး၏ ထင်းရှူးပင်ရိပ်ကို လေ့လာ။ လစဉ်ထုတ်မဂ္ဂဇင်းများမှ စာပေဆောင်းပါးများ အထူးသဖြင့် ရှုမဝ၊ မိုးဝေမှ စာပေဆောင်းပါးကို ဆွေးနွေးဖြစ်ကြသည်။ သည်လိုနှင့် ကျွန်တော်တို့သည် လေကန်ရင်း၊ ဝေဖန်ရင်း၊ ဆွေးနွေးရင်း ဆွေးနွေးရင်း တစ်ကျပ်တန် မဂ္ဂဇင်းများမှ နှစ်ကျပ်တန် မဂ္ဂဇင်းကြီးများသို့ရောက်အောင် အားထုတ်ကြသည်။ အထူးသဖြင့် "ရှုမဝ" သို့။

(၅)

"ဤနယ်မြေမှာ ချစ်သူခင်သူတို့ ထိုင်ရင်း ကြည်ကြည်နူးနူးစကားဆိုဖွယ်ရာ ခုံတန်းလျားလေးများကလည်း အဆင်သင့်"..တဲ့။

ဆရာဦးစန်းအုန်းကို အားနာစရာတွေဖြစ်ရပြီ။ လေးနှစ်သာ ပြည့်ရော့မည်။ ဆရာညွှန်းသည့် ခုံတန်းလျားလေးများမှာ ချစ်သူနှင့် မထိုင်ဖြစ်ခဲ့ပါ။ အထင်ကြီးစရာ။ ကိုယ်မှသာ မဟုတ်။ ချစ်သူစုံတွဲလေးများကော ခုံတန်းလျားလေးများမှာ ထိုင်မှထိုင်ဖြစ်ကြပါစေ။ ကျွန်တော်သိသလောက် သူတို့ထိုင်ဖြစ်တတ်ကြသည်မှာ အင်းလျားကန်မှာ၊ ကင်န်တင်းမှာ၊ လေ့ကားအတက်၊ အဆင်း ထောင့်ချိုးလေးမှာ၊ ဂျပ်ဆင်ခန်းမအဝမှာ၊ ထိုင်ချစ် မဟုတ်ဘဲ ကော်ရစ်ဒါမှာ တိုင်လုံးလေးကို အကာ အကွယ်ယူကာ 'မတ်ရပ်ချစ်' အဖြစ် တူနှစ်ကိုယ် တိုင်းပြည်တည်တတ်ကြသေးသည်။ ကျွန်တော့်ရင်မှာ ခံစားလိုက်ဖို့ ဖျတ်ခနဲ ကဗျာလေးတစ်ပုဒ် ဖြစ်တည်လာသည်။ **"အကန်းလေး"**။

**လေးသမားအိပ်မက်**
**ငှက်များစွာကို မိနေချိန်။**
**ကွန်သမား အိပ်မက်ကား**
**ငါးများစွာကို မိနေချိန်။**
**မာယာသည် အိပ်မက်ထဲ**
**သစ်စိမ်းခက်တွေ ချိုးနေချိန်။**
**အချစ်ရူးလေး အိပ်မက်တွင်း**
**နှင်းဆီနီနီ နမ်းနေသည်။**
**နှင်းဆီနီနီ၊ ချစ်သူ့နှုတ်ခမ်းနီနီ**
**နှင်းဆီတပ်သား၊ ဆူးကလေးများရှိသည်။**
**ချစ်သူနှုတ်ခမ်း**
**ဆူးလမ်းလေးများ ဖြစ်နေမလား**
**သို့လားသို့မင့်၊ မတွေးချင့်ချေ။**
**သည်သို့ဆိုလျှင်**
**မမြင်မစမ်း**
**အကန်းလေးတော့ ခက်ဦးမည်။**

"အကန်းလေး" သည် ကျွန်တော်ကျောင်းမပြီးမီ ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ရှုမဝမဂ္ဂဇင်းတွင် ကဗျာအရာသွင်းခံရတော့သည်။ မဖော်ပြတတ်သော ကြည်နူးဝမ်းမြောက်ခြင်းမျိုး ကျွန်တော်ခံစားမိသည်။ သေချာသည်။ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်က မောင်စံဖြောကို ဝိဇ္ဇာဘွဲ့မချီးမြှင့်မီ ကဗျာဘွဲ့ချီးမြှင့်လိုက်ပြီ။ နောင်အခါ "မောင်စံဖြောဟာ ရှုမဝကဗျာဆရာတစ်ယောက်ပေါ့" ဟု သိမှတ်ပြုခံရတိုင်း ကြည်နူးလှိုက်ဆူ ဂုဏ်ယူမိသည်။

(၆)

ဤမည်သော အရပ်ကို မြကျွန်းညိုညို၊ မြကျွန်းသာ၊ ကံ့ကော်တော၊ ကံ့ကော်ရွှေပြည်၊ ကံ့ကော်ရိပ်၊ ကံ့ကော်ရပ်ဝန်းဟု ဆိုကြညွှန်းကြသည်။ မည်သို့ပင် ညွှန်းဖွဲ့ကြပါစေ၊ ရန်ကုန်တက္ကသိုလ်သည် ရန်ကုန်တက္ကသိုလ်ပင် ဖြစ်ပါသည်။

အမိရန်ကုန်တက္ကသိုလ်သည် ဒီဇင်ဘာဖွား။ သားကျွန်တော်လည်း ဒီဇင်ဘာဖွား။ အမေရာပြည့် သက်ရွယ်။ ကျွန်တော် ၇၀။ မောင်စံဖြော ၅၀။ လွမ်းဖွယ်အတိ။ ကျွန်တော်တို့ကသာ အိုမင်းသွားမည်။ ရင့်ရော်သွားမည်။ အမိရန်ကုန်တက္ကသိုလ်ကား မအိုမင်းသွား၊ မရင့်ရော်သွား၊ ရင့်ကျက်ခြင်းဖြင့် မေတ္တာရွှန်းစို အစဉ်နုပျိုနေမည်သာဖြစ်သည်။ ရင့်ကျက်ခြင်းဖြင့် မေတ္တာရွှန်းစို အစဉ်နုပျိုခြင်းသည် မိခင်တို့၏ အာဝေဏိက ဂုဏ်တော်မမည်ပါလား။ သို့ဖြစ်ရကား ဤမည်သောအရပ်သည် လွမ်းစ မပြယ်ကောင်း လွမ်းရိုးဟောင်းဆင့် လွမ်းသစ်ဖွင့်နိုင်စွမ်းသော အမိရင်ခွင်မည်ပါ၏။ ။

# သံတွဲမြို့၌ ငလျင်ဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်

**သံတွဲ ဇန်နဝါရီ ၁၂**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် အမှတ်(၄)ရပ်ကွက် စိတ္တသုခလမ်း လေးမျက်နှာဓမ္မာရုံအဆောက်အအုံ၌ ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက ငလျင်ဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ပြုလုပ်ခဲ့သည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ခြင်းကို သံတွဲခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့မှ ခရိုင်မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်းဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနေလင်းကျော်၊ ခရိုင်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးစံထွန်းတို့ ကြီးကြပ်သည့် ရှာဖွေကယ်ဆယ်ရေး သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြသည်။ ဇာတ်တိုက်လေ့ကျင့်မှုတွင် အခင်းဖြစ်ပွားရာနေရာသို့ ယာဉ်များထွက်ခွာခြင်း၊ သတ်မှတ်နေရာအလိုက် စနစ်တကျနေရာယူခြင်း၊ ပျက်စီးနေသော အဆောက်အအုံရှေ့တွင် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများအား ခင်းကျင်းပြီး ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ရန်အသင့်နေရာယူခြင်း၊ ရှာဖွေကယ်ဆယ်ရေးဆေးတပ်စုနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ယာယီရွက်ဖျင်တဲထိုးပြီး ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ခြင်း၊ ပျက်စီးနေသော အဆောက်အအုံအတွင်းမှ လွတ်မြောက်လာသူများအား ဘေးကင်းရာနေရာသို့ရောက်ရှိရေး ဆောင်ရွက်ခြင်း၊ ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်ခြင်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ခြင်း၊ အဆောက်အအုံအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များဖြင့် ဝင်ရောက်ရှာဖွေခြင်းနှင့် ကယ်ဆယ်ခြင်း စသည်တို့ကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

ကြေးမုံ





## အထူးလှိုက်လှဲစွာ ဝမ်းမြောက် ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏
၂၀၂၁ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့၊
လွတ်လပ်ရေးနေ့
အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)ဖြင့်
သာသနာတော်ချီးမြှင့်ထောက်ပံ့ခြင်းဆိုင်ရာ
အမြင့်ဆုံးဘွဲ့ဖြစ်သည့်
" အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ "
ဘွဲ့တံဆိပ်တော်အား " ဦးတင်မောင် "(မန်နေဂျင်းဒါရိုက်တာ)
SANDHI BROTHERS TRADING CO.,LTD ၊
မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) ဂုဏ်ထူးဆောင်နာယကကြီးမှ ထိုက်တန်စွာရရှိသောကြောင့်
အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ရှေ့ဆက်၍လူမှုရေးအကျိုး၊ ဘာသာ
သာသနာအကျိုးကိုဆတက်ထမ်းပိုးတိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း ဝမ်းမြောက်ဂုဏ်ယူစွာဖြင့်
ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဦးဝင်းကြိုင်မိသားစုစိန်ရွှေရတနာရောင်းဝယ်ရေး
အမှတ် (၄၁)၊ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်



## အထူးလှိုက်လှဲစွာ ဝမ်းမြောက် ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏
၂၀၂၁ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့၊ လွတ်လပ်ရေးနေ့
အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)ဖြင့် နိုင်ငံတော်မှ ချီးမြှင့်သော
" သီဟသုဓမ္မမဏိဇောတဓရ "
ဘွဲ့တံဆိပ်တော်အား " ဦးသိန်းလွင် "
(Chairman of Sein Myint Moh Steel Trading) ၊
မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)
(ဥက္ကဋ္ဌ) မှ ထိုက်တန်စွာရရှိသောကြောင့် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ရှေ့ဆက်၍
လူမှုရေးအကျိုး၊ ဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း
ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဦးဝင်းကြိုင်မိသားစု စိန်ရွှေရတနာရောင်းဝယ်ရေး
အမှတ် (၄၁)၊ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်

# အထူးပင်ဂုဏ်ပြုဝမ်းမြောက်ခြင်း

ဂုဏ်ရည်လွင် ပရိယတ္တိစာသင်တိုက်ကြီး၏ ဘောဇနဂုဏ်ရည် ဆွမ်းစားကျောင်းနှင့် ပစ္စည်းလေးပါး ဒါယိကာမကြီးများ ဖြစ်ကြသော–

- **သုဓမ္မသိင်္ဂီ ဒေါ်ခင်လှလှ** အား **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့** တံဆိပ်အားလည်းကောင်း၊
- **ဒေါ်ခက်ခက်ခိုင်** အား **သီဟသုဓမ္မသိင်္ဂီဘွဲ့** တံဆိပ်အား လည်းကောင်း၊
- **ဒေါ်မိုးမိုးလွင်** အား **သီဟသုဓမ္မသိင်္ဂီဘွဲ့** တံဆိပ်အား လည်းကောင်း၊
- **ဒေါ်မြတ်ကြည်ပြာထက်** အား **သီရိသုဓမ္မသိင်္ဂီဘွဲ့** တံဆိပ်တော်ရရှိခြင်းတို့အား

အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ သက်ရှည်ကျန်းမာ၊ အောင်မြင်စွာ သာသနာပြုနိုင်ပါစေကြောင်း ဆုမွန်တောင်းပါသည်။

**ဂုဏ်ရည်လွင်ဆရာတော်နှင့်**
**တပည့်ဒါယကာ၊ ဒါယိကာမများ**
**ဂုဏ်ရည်လွင်ပရိယတ္တိစာသင်တိုက်**
**လေးထောင့်ကန်ရပ်ကွက်**
**ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်**

# အထူးပင်ဂုဏ်ပြုဝမ်းမြောက်ခြင်း

သီရိမင်္ဂလာကျောင်းတိုက်၊ မုတ္တမပင်လယ်ကွေ့၊ မင်းရွာ၏ ဒါယိကာမကြီးများ ဖြစ်ကြသော–

- **သုဓမ္မသိင်္ဂီ ဒေါ်ခင်လှလှ** အား **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့** တံဆိပ်အားလည်းကောင်း၊
- **ဒေါ်ခက်ခက်ခိုင်** အား **သီဟသုဓမ္မသိင်္ဂီဘွဲ့** တံဆိပ်အား လည်းကောင်း၊
- **ဒေါ်မိုးမိုးလွင်** အား **သီဟသုဓမ္မသိင်္ဂီဘွဲ့** တံဆိပ်အား လည်းကောင်း၊
- **ဒေါ်မြတ်ကြည်ပြာထက်** အား **သီရိသုဓမ္မသိင်္ဂီဘွဲ့**တံဆိပ်တော်အားလည်းကောင်း

ထိုက်ထိုက်တန်တန် ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း အမျိုးဘာသာ၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်တောင်းပါ၏။

**အရှင်ကဝိဝံသ**
**သီရိမင်္ဂလာကျောင်းတိုက်**
**မုတ္တမပင်လယ်ကွေ့၊ အောင်မင်္ဂလာကျေးရွာ၊ မင်းရွာ**
**အသင်းကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး**
**ဥပါသကာအဖွဲ့များနှင့် ကျောင်းအုပ်ဆရာကြီး/ဆရာ**
**ဆရာမများ၊ ကျောင်းသူ/ကျောင်းသားများမှ**
**ဝမ်းမြောက်ဂုဏ်ယူကြောင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်–၁၄၄၈၊ မြေကွက်တည်နေရာအမှတ်(၁၄၄၈)၊ စံရိပ်ငြိမ်လမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးကြည်လွင်၊ S/OKA-005519) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဦးကြည်လွင် (ကွယ်လွန်)သဖြင့် ဇနီးဖြစ်သူ ဒေါ်အဂ္ဂစာရီ [၁၂/တမန(သီ)၀၀၀၁၄] (ကိုယ်စား General Power–31497/2014 (၂၇–၁၁–၁၄)ရသူ ဒေါ်မြတ်မြတ်အေး[၁/မညန(နိုင်)၀၆၃၃၆၉]မှ ဂရန်မူရင်း၊ GPမူရင်း၊ သေစာရင်း၊ ဒေါ်အဂ္ဂစာရီ သက်ရှိထင်ရှားရှိပြီး GP မရုပ်သိမ်းသေးကြောင်း ဒေါ်မြတ်မြတ်အေး ၏ ကျမ်းကျိန်လွှာ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးကြည်လွင်၏ တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဒေါ်ခင်အေးကြိုင်(ခ)ဒေါ်အဂ္ဂစာရီ၏ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

သင့်သွေးဖြင့်
အသက်ကယ်ပါ

# အထူးပင် ဂုဏ်ပြုဝမ်းမြောက်ခြင်း

အေးစေတီကျောင်းတိုက်၊ အမှတ်(၁၃)၊ မူလွန်ဘုန်းတော်ကြီး သင်ပညာရေးကျောင်း၊ ဘုရားကလေးကျေးရွာ၊ ပဲခူးမြို့နယ်၏ ဒါယိကာမကြီးများဖြစ်ကြသော–

- **သုဓမ္မသိင်္ဂီ ဒေါ်ခင်လှလှ** အား **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့** တံဆိပ်အားလည်းကောင်း၊
- **ဒေါ်ခက်ခက်ခိုင်** အား **သီဟသုဓမ္မသိင်္ဂီဘွဲ့** တံဆိပ်အား လည်းကောင်း၊
- **ဒေါ်မိုးမိုးလွင်** အား **သီဟသုဓမ္မသိင်္ဂီဘွဲ့** တံဆိပ်အား လည်းကောင်း၊
- **ဒေါ်မြတ်ကြည်ပြာထက်** အား **သီရိသုဓမ္မသိင်္ဂီဘွဲ့** တံဆိပ်တော်အားလည်းကောင်း

ထိုက်ထိုက်တန်တန် ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း အမျိုးဘာသာ၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်တောင်းပါ၏။

**ဘဒ္ဒန္တဇဝန(ကျောင်းအုပ်ဆရာတော်)**
**အေးစေတီကျောင်းတိုက်**
**အမှတ်(၁၃)၊ မူလွန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊**
**ဘုရားကလေးကျေးရွာ၊ ပဲခူးမြို့။**

## Microfinance Delta International Company Limited
## ဒါရိုက်တာအသစ်(၁)ဦး ခန့်အပ်ကြောင်းနှင့် ဒါရိုက်တာ(၁)ဦး နုတ်ထွက်ကြောင်း ကြေညာခြင်း

Microfinance Delta International Company Limited (မိုက်ခရိုဖိုင်းနန့်စ် ဒယ်လ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်)သည် ကုမ္ပဏီမှတ်ပုံတင်အမှတ်စဉ်(၁၁၃၃၆၈၄၈၉)ဖြင့် မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းဖြင့် ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီဖြစ်ပါသည်။ ယခုအခါ ဒါရိုက်တာအဖွဲ့၏ (၄–၁၁–၂၀၂၀)ရက်စွဲပါ အစည်းအဝေးဆုံးဖြတ်ချက်အရ–

Mr.Curtis Henry Slover(Passport No.549895808)အား ဒါရိုက်တာအဖြစ် ခန့်အပ်ကြောင်းနှင့် ဆရာကြီးဦးမြင့်ဆွေ (မှတ်ပုံတင်အမှတ် [၁၂/ပဇတ(နိုင်)၀၁၁၅၇၈])အား ဆရာကြီး၏ ဆန္ဒပြုချက်အရ ဒါရိုက်တာအဖြစ်မှ နုတ်ထွက်ခွင့်ပြုကြောင်းတို့အား ကြေညာအပ်ပါသည်။

**မိုက်ခရိုဖိုင်းနန့်စ်ဒယ်လ်တာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်**
**အမှတ်(၂၃၄)၊ ၃လွှာ၊ ပြည်လမ်းနှင့် အောင်သုခလမ်းထောင့်၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**E-mail:contact@mifida-myanmar.com, Website:www.mifida-myanmar.com**

**မိဘမေတ္တာ**
ဒဂုံမြို့သစ်ဆိပ်ကမ်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း(၄)မြို့နယ်ရှိ မြေကွက်များဝယ်လိုသည်။
(ပွဲခပေးရန် မလိုပါ။)
09-407080736
09-794949736

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၂၈/၂၀၂၀–၂၀၂၁)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | DMP/L-005(20-21) (Retender) | Truck Mounted Single Drum Well Servicing Unit (1)Unit | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (www.moee. gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို (၁၁–၂–၂၀၂၁)ရက် (၁၂:၀၀)နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့(လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း–၀၆၇–၄၁၁၂၀၆**

**Lucky Brothers Groups**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း တောင်ပိုင်း၊ ဆိပ်ကမ်း မြို့နယ်များရှိ မြေကွက်များကို ဈေးမှန်ပေးဝယ်ပါသည်။
(ပွဲခပေးရန် မလိုပါ။)
Mobile : 09-5173511, 09-5027546

ဝန်ထမ်းအလိုရှိသည်။
အိမ်အကူ မ(၁) ဦး
ကလေးထိန်း (၁) ဦး
နေစားငြိမ်း ၁၆၀၀၀၀ကျပ်
09 974396398
09 421134766

သွေးသည် အသက်

**ဦးစံ(လင်း)ကုမ္ပဏီမှ ရောင်းမည်**

| | | | |
|---|---|---|---|
| ၁။(၇)မိုင်၊ကုန်းမြင့်ရိပ်သာ | (5800 sqft) | 1RC 1sq | 1.5L |
| ၂။ဗဟန်း၊ကမ္ဘာ့ဇလမ်း | (48'×88') | 2RC | 15000L |
| ၃။သံလွင်လမ်း | (4900 sqft) | မြေ | 9950L |
| ၄။ဗဟန်း၊ရွှေတောင်ကြား | (40'×65') | မြေ | 8500L |
| ၅။ရန်ကင်း၊အောင်ဇေယျလမ်းမအနီး | (70'×100') | 2RC | 6990L |
| ၆။လှိုင်၊မြကန်သာအိမ်ရာ | (60'×64') | မြေ | 6500L |
| ၇။သင်္ဃန်းကျွန်း၊သုမင်္ဂလာအိမ်ရာ | (50'×70') | 2RC | 5300L |
| ၈။တ/ဥ၊ရွှေပြည်စိုးအိမ်ရာ | (55'×95') | မြေ | 4500L |
| ၉။တ/ဥ၊ငွေကြာရံ | (40'×60) | မြေ | 3600L |
| ၁၀။မ/ဒဂုံ၊(၃၆)ရပ်ကွက်၊VIP | (50'×70') | မြေ၊∠ကွက် | 2600L |
| ၁၁။လှိုင်၊မာလာမြိုင်လမ်း | (25'×50') | 2BN | 2350L |
| ၁၂။သင်္ဃန်းကျွန်း၊မြယမုံအိမ်ရာ | (35'×55') | 1RC | 1800L |

09 5185534, 09 5040160, 09 5173690

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် တင်ဒါပိတ်ရက်ပြောင်းလဲပြင်ဆင်ခြင်း)

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြန်မာ့အလင်းသတင်းစာတွင် (၁၅–၁၂–၂၀၂၀)ရက်နေ့ စာမျက်နှာနံပါတ်(၂၆)နှင့် ကြေးမုံသတင်းစာတွင် (၁၆–၁၂–၂၀၂၀)ရက်နေ့ စာမျက်နှာနံပါတ်(၂၈)ပါ သတင်းစာတွင်ကြော်ငြာ၍ခေါ်ယူခဲ့သော Tender No.38(T)/ESE/2020-2021 ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ချင်းပြည်နယ်၊ ဟားခါးခွဲရုံ–ထန်တလန် ၆၆ကေဗွီလိုင်း (၁၃.၅)မိုင် တည်ဆောက်ခြင်း၊ မင်းတပ်–ပလပ်ထွီ ၃၃ ကေဗွီလိုင်း (၁၉)မိုင်တည်ဆောက်ခြင်းနှင့် ၆၆ ကေဗွီ ဓာတ်ခွဲရုံမှ ကန်ပက်လက်သို့ ၆၆ ကေဗွီလိုင်း(၈.၈)မိုင် တည်ဆောက်ခြင်း Installation လုပ်ငန်းများအား Lot အလိုက် လုပ်ငန်းအပ်နှံခြင်း(Lot-3)နှင့် Tender No.51(T)/ESE/2020-2021 ၂၀၂၀–၂၀၂၁ နှင့် ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် ကျိုင်းတုံ–မိုင်းခတ် ၆၆ ကေဗွီလိုင်း (၄၁.၅)မိုင် ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းများအား လုပ်ငန်းအပ်နှံခြင်းတို့အတွက် ခေါ်ယူခဲ့သော တင်ဒါများ၏ တင်ဒါပိတ်ရက်ကို (၁၅–၁–၂၀၂၁)အစား (၂၂–၁–၂၀၂၁)ဟု ပြင်ဆင်လိုက်ပါသည်။

**တင်ဒါကော်မတီ**
**ဖုန်း–၀၆၇–၈၁၀၄၂၄၄၊ ၀၆၇–၈၁၀၄၂၄၅၊ Fax–၀၆၇–၈၁၀၄၂၄၆**

# အထူးဝမ်းမြောက်ဂုဏ်ယူပူဇော်ခြင်း

၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက်(လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)ဖြင့် ပန္နရသမရွှေကျင်သာသနာပိုင် **ဘဒ္ဒန္တဝိဇ္ဇောတ ဝိဇ္ဇောတာရုံဆရာတော်ကြီး** အား **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်** အား ဆက်ကပ်ချီးမြှင့်ပူဇော်ခံရသည့်အတွက် တပည့်ဒကာ/ဒကာမများမှ အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူဖြစ်ရပါကြောင်း ထပ်ဆင့်ပူဇော်အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မုဒုံမြို့နယ်အသင်း(ရန်ကုန်)**

## အထူးဂုဏ်ယူဝမ်းမြောက်ပူဇော်ခြင်း

**၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းခဲ့ရာတွင် မုဒုံမြို့နယ်ဖွား ဆရာတော်၊ သံဃာတော်များဖြစ်ကြသည့်–**

၁။ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်
မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မြို့မ(၁) ရပ်ကွက်ရှိ ပုပ္ဖာရာမ ပေါ်တော်မူစာသင်တိုက်မှ
**"ဆရာတော် ဘဒ္ဒန္တသီဟရာဇာ"**အားလည်းကောင်း၊

၂။ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်
မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်မြို့ရှိ ရတနဒေဝဿာရုံ ခြသေ့်ကျောင်းတိုက်မှ
**"ဆရာတော် ဘဒ္ဒန္တစန္ဒ"**အားလည်းကောင်း၊

၃။ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်
မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကွမ်တာကျေးရွာရှိ ဇိနရုံသီစာသင်တိုက်မှ
**"ဆရာတော် ဘဒ္ဒန္တနန္ဒန"**အားလည်းကောင်း၊

၄။ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်
မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မြိုင်ကုန်းကျေးရွာရှိ ဝင်းစိန်တောရကျောင်းတိုက်မှ
**"ဆရာတော် ဘဒ္ဒန္တသောဟုလာ"**အားလည်းကောင်း၊

၅။ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်
မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်မြို့ရှိ သိမ်ကုန်းရပ်ကွက်၊ ပရိယတ္တိဟိတကာရီ ကျောင်းတိုက်မှ **"ဆရာတော် ဘဒ္ဒန္တတိဿပါလ"**နှင့်
ရှမ်းစုရပ်ကွက်၊ အောင်တော်ကျောင်းတိုက်မှ
**"ဆရာတော် ဘဒ္ဒန္တသီလဝန္တ"**အားလည်းကောင်း၊

၆။ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်
မွန်ပြည်နယ်၊ မုဒုံမြို့ရှိ မြို့မ(၄)ရပ်ကွက်၊ ဓမ္မရုံသီကျောင်းတိုက်မှ
**"ဆရာတော် ဘဒ္ဒန္တသီလဝန္တ"**နှင့်
မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်မြို့ရှိ ဗောဓိစေတီကျောင်းတိုက်မှ
**"ဆရာတော်ဘဒ္ဒန္တဟံသာဓဇ"** အားလည်းကောင်း

အသီးသီးဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းခြင်းခံရခြင်းအတွက် မုဒုံမြို့နယ်အသင်း(ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ/အသင်းသားများက အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆရာတော်များ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မုဒုံမြို့နယ်အသင်း(ရန်ကုန်)**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၂၀)လမ်း၊ အမှတ်(၆၇/၆၉)ဟုခေါ်သောအဆောက်အဦအတွင်းရှိ လူနေအိမ်ခန်းငယ်များအနက်မှ အမှတ်( ၆၇ )ဘက်ခြမ်း၌တည်ရှိနေသော လမ်းအတွင်းဘက်( အစွန်ဆုံး )အခန်း၊ ဧရိယာ(၁၀ပေ × ၄၀ပေ)ခန့်ရှိ လူနေအိမ်ခန်း(၁)ခန်းကို လက်ရှိထားပိုင်ဆိုင်ခဲ့ကြသူ (ဖခင်)ဦးရွှေ နှင့် (မိခင်)ဒေါ်မယ်ရေနီဆာ တို့အသီးသီးကွယ်လွန်သွားခဲ့ကြပြီးသည့်နောက် (ယခုအချိန်တွင်)သားသမီးများဖြစ်ကြသူ (၁)ဒေါ်သီတာရွှေ( ၁၂/မဂတ(နိုင်)၀၆၆၆၆၁ ) (၂)ဒေါ်စန္ဒာရွှေ(၁၂/မဂတ(နိုင်)၀၆၆၆၅၈ ) (၃)ဦးစိုးရွှေ( ၁၂/မဂတ(နိုင်)၀၆၆၆၂၆ ) (၄)ဦးထွန်းရွှေ( ၁၂/မဂတ(နိုင်)၀၆၆၅၀၇ )တို့မောင်နှမ(၄)ဦးက မိမိတို့မှသာလျှင် တရားဝင်အမွေဆက်ခံကာ အနှောင့်အယှက်ကင်းရှင်းစွာဖြင့် လက်ရှိထားပိုင်ဆိုင်ကြပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိပါကြောင်းနှင့် မိမိတို့တွင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါလူနေအိမ်ခန်းနှင့်ပတ်သတ်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အထက်ဖော်ပြပါလူနေအိမ်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ )

| | |
|---|---|
| **ဦးသန့်ဇင် ( LL-B )** | **ဒေါ်ဟန်နွေနိုင်( LL-B)** |
| အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်–၂၇၅၄၄) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(D-2) ၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)ဖြင့် **သီဟသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်သန်းသန်းဦး(ခ)မကြီးအား အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ တံဆိပ်** ထပ်မံချီးမြှင့်အပ်နှင်းခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မုဒုံမြို့နယ်အသင်း(ရန်ကုန်)**

LIGHTHOUSE
ဒဂုံမြို့သစ်(ဆိပ်ကမ်း)
(တောင်ပိုင်း)၊ (မြောက်ပိုင်း)၊
(အရှေ့ပိုင်း)
မြေကွက်များဝယ်ယူလိုပါသည်။
"ပွဲခ(လုံး၀) ပေးရန်မလိုပါ။"
09-424206633
09-424206644

သီဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကား
များဖြင့်လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-7570307
09-5112729
09-73009734
09-73242979

### အကောက်ခွန်ဦးစီးဌာန
### ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော ကွန်ပျူတာပစ္စည်း၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ စက်မှုကုန်ကြမ်းနှင့် လူသုံးကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်–

| | | | |
|---|---|---|---|
| (က) | နေ့ရက်/အချိန် | – | ၂၈–၁–၂၀၂၁ ရက်၊ နံနက် (၁၀:၀၀) နာရီ |
| (ခ) | နေရာ | – | ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (ဂ) | ပစ္စည်းအမျိုးအမည် | – | ကွန်ပျူတာပစ္စည်း၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ စက်မှုကုန်ကြမ်းနှင့် လူသုံးကုန်ပစ္စည်းများ |
| (ဃ) | လေလံပုံစံရောင်းချခြင်း | – | လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းပူးတွဲလျက်) တစ်စုံလျှင် ကျပ် (၅၀၀၀/–)(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် (၂၅–၁–၂၀၂၁) ရက်မှ (၂၆–၁–၂၀၂၁) ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ |
| (င) | ပစ္စည်းပြသမည့်အချိန် | – | လေလံပုံစံဝယ်ယူပြီးသူများအား (၂၆–၁–၂၀၂၁) နှင့် (၂၇–၁–၂၀၂၁) နံနက်(၁၀:၀၀)နာရီမှ ညနေ(၁၆:၀၀)နာရီထိ **(၂)ရက်** ပြသပါမည်။ |

၂။ အသေးစိတ်အချက်အလက် သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၅၁၆၅၂၄၁၊ ၀၉–၄၅၆၉၈၈၄၄၈ သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄/မြောက်၊ မြေကွက်အမှတ်–၂၀၅၊ မြေဧရိယာ (၄၆'x၆၀')၊ မြေကွက်တည်နေရာအမှတ် (၂၀၅)၊ အောင်မင်္ဂလာလမ်း၊ (၄/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးချစ်ဆွေ [၁၂/သကတ(နိုင်)၀၀၃၅၉၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်မြေအမည်ပေါက် ဦးချစ်ဆွေနှင့် ဒေါ်စန်းစန်းဌေးတို့အပေါ် တရားပြိုင်ထားကာ ဦးစိုးဌေးမှ တရားလိုပြု၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်–၇၀၁/၂၀၁၉ ၏ ၂၇–၁၂–၂၀၁၉ ရက်စွဲပါ စီရင်ချက်ဒီကရီ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်–၁၁၀/၂၀၂၀၏ ၂၂–၇–၂၀၂၀ ရက်စွဲပါ အမိန့်တာဝန်ခံမိတ္တူမှန်၊ ၂၃–၇–၂၀၂၀ ရက်စွဲပါ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းတို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်နီနီဝင်းကို [၇/ညလပ(နိုင်)၁၃၇၃၆၄]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
### နေပြည်တော်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်

၁။ ပညာရေးဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ သာမန် အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် Software License ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဖိတ်ခေါ်အပ်ပါသည်။

**ဝယ်ယူမည့်ပစ္စည်း**

Lot(1) vMware License
Lot(2) Barracuda License

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | – | ၁၂–၁–၂၀၂၁ရက်မှ၁၉–၁–၂၀၂၁ရက်ထိ (ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါပိတ်မည့်ရက် | – | ၂၅–၁–၂၀၂၁ ရက် (၁၆:၀၀) နာရီ |
| (ဂ) | တင်ဒါတင်သွင်းရမည့်နေရာ | – | ရုံးအမှတ်(၂၁)၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနခွဲ |

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ၀၆၇–၃၄၀၄၅၂၀၊ ၀၆၇–၃၄၀၄၅၂၁၊ ၀၆၇–၃၄၀၄၅၃၇၊ website များဖြစ်သော **www.moe.edu.mm, www.moe–st.gov.mm, www.dtpc.gov.mm နှင့် e–mail egovernment@moe.edu.mm** တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ မြင်းဒေါင်းရွာနေ ဦးဇော်ဝင်းမောင်မှ (1) Good Day (2) Kaung (3) Cho (4)Win (5) General တံဆိပ်(၅)မျိုးအနက် သင့်လျော်သော အမည်မှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဦးဇော်ဝင်းမောင်ထံသို့ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ဝင်းမောင်**
**စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ မြင်းဒေါင်းရွာ**
**Ph:09–400448175, 09–790212272, 09–699995755**

MYANMAR STEEL
ASSOCIATION

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

Myanmar Steel Association (MSA) မှ

(၄–၁–၂၀၂၁) ရက်၊ လွတ်လပ်ရေးနေ့အခါသမယတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် – ၁/၂၀၂၁ ဖြင့် မြန်မာနိုင်ငံတော်အစိုးရ မှ ဘာသာသာသနာအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ပြီး မြတ်ဗုဒ္ဓ၏ သာသနာအတွင်း၌ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမ အဖြစ်စဉ်ဆက်မပြတ် လှူဒါန်းသည့် လူပုဂ္ဂိုလ်များကို ချီးမြှင့်ပေးသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များဖြစ်သည့် –

"အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့" မိခင်ကြီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ညွန့်ညွန့်

"သီရိသုဓမ္မမဏိဇောတဓရဘွဲ့" ဦးမျိုးမြင့် (ဥက္ကဋ္ဌ)
(Myo Naing-Nine Group of Companies)

"သီရိသုဓမ္မသိင်္ဂီဘွဲ့" ဒေါ်သန္တာဝင်း (ဒုဥက္ကဋ္ဌ)
(Myo Naing-Nine Group of Companies)

တို့အား အသီးသီးချီးမြှင့်ခံရသည့် အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်မိပါကြောင်း နှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးတို့ကိုကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်သောမိသားစုများဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- ဦးစစ်တိုင်းအောင် (Mottama Development Group Co., Ltd)
- ဦးရန်ဟော် (Mottama Holding Co., Ltd)
- ဦးကျော်အောင် (Benhur Trading Co., Ltd)
- ဦးညွန့်ဦး (Htarwara Miba Myitta Co., Ltd)
- ဦးကျော်ကျော်ဦး (Steel King Co., Ltd)
- ဦးမျိုးထွေး (Pro1 Home Center)
- ဒေါ်ညွန့်ရီ (Shwe Man Yeik Co., Ltd)
- ဦးအောင်ကျော်စိုး (Mother Trading Co., Ltd , Mandalay)
- ဦးကျော်စိန် (Kyaw Brother Co., Ltd)
- ဦးကျော်မောင် (Golden Village Co., Ltd)

## ဝမ်းနည်းကြေကွဲခြင်း

### ဦးစံလွင် (ဗိုလ်မှူးကြီး-ငြိမ်း)

**D.S.A အပတ်စဉ် (၁)**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ မြန်မာစာအဖွဲ့ဦးစီးဌာန**

**မြန်မာစာအဖွဲ့ဝင် (ပညာရေးဝန်ကြီးဌာန)**

### အသက် (၈၂) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈) ရပ်ကွက်၊ အမှတ် (၁၁)၊ သီရိမင်္ဂလာလမ်းနေ ဒေါ်ညိုညို၏ချစ်လှစွာသောခင်ပွန်း ဦးစံလွင်သည် ၁၁-၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၅:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးဇော်မြင့်လှိုင် (ခ) ကိုဇော်

### အသက် (၅၃) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ ကုန်းမြင့်ရိပ်သာလမ်း၊ သီရိမင်္ဂလာလမ်းသွယ်၊(၆) ရပ်ကွက်၊ အမှတ်(၃၅)နေ [ဦးထွန်းလှိုင်(ဒုညွှန်ချုပ်-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)]-ဒေါ်ခင်လှမြင့်တို့၏သား ဦးဇော်မြင့်လှိုင်(ခ)ကိုဇော်သည် ၁၁-၁-၂၀၂၂(တနင်္လာနေ့) နံနက် ၂:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့**

## ဦးဘအုန်း

### လွှတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)

### အသက် (၉၈) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ခေတ္တာလမ်း၊ ခြံအမှတ်(၆)နေ (ဦးဘိုးဟန်-ဒေါ်ထွေးရင်)တို့၏သား၊ (ဒေါ်သန်းကြည်)၏ခင်ပွန်း၊ ဒေါ်ဘေဘီအုန်း-(ဦးခင်အောင်)၊ ဦးအောင်မြင့်-ဒေါ်အေးအေးမိုး၊ ဦးကျော်ဇော-ဒေါ်မြင့်မြင့်လွင်၊ ဦးအုန်းကျော်-ဒေါ်မြင့်မြင့်သန်း၊ ဦးအောင်မြင့်စိုး-ဒေါ်ဒေလီယာဝင်း၊ ဒေါ်သန်းသန်းအေး-ဦးကျော်လွင်တို့၏ဖခင်ကြီး၊ မြေး ၁၃ ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၂-၁-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမြတ်သင်းအောင်

### အသက်(၈၆)နှစ်

**နာယက- AA Group of Companies**

ရမည်းသင်းမြို့နေ (ဦးစိန်မောင်)-(ဒေါ်တွမ်တီ)တို့၏သား၊ ဒိုက်ဦးမြို့နယ်နေ (ဦးထွန်းအောင်ကျော်)-(ဒေါ်ကြည်)တို့၏ သားသမက်၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ(လူမှုထူးချွန်-ပထမဆင့်)(ဒေါ်ခင်မြင့်မြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းဆွေ-Dr.မြတ်သီတာမြင့်(Win & Win Group of Companies)၊ Dr. အောင်နိုင်ဦး-Dr. အေးစုမော်(Grand Pharmaceuticals Co.,Ltd )၊ ဦးသန်းဝင်းအောင်-Dr. ဆွေဆွေဝင်း(A A Electronics Ltd)၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ ဝဏ္ဏကျော်ထင် ဦးဇော်မိုးခိုင်-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ Dr.စောနေနွယ်(Pacific-AA Group of Companies)၊ ဦးပြည့်စုံအောင်-ဒေါ်ဇင်မာလွင်(A A Group Ltd.)၊ ဦးပြည့်ဖြိုးအောင်-ဒေါ်နှင်းနွယ်ဝင့် (Welcome General Trading Co.,Ltd) တို့၏ ချစ်လှစွာသော ဖခင်၊ မမြတ်သက်ထက်ဝင်း(Harvard University, USA)၊ မောင်ဟိန်းထက်ဝင်း(Emory University, USA)၊ မောင်ထူးမြတ်ကျော်(USA)၊ Stephanie Su Aung-Naing(USA)၊ မောင်ကျော်မင်းခန့်(Wharton School, USA)၊ မောင်လင်းထက်အောင်(ISM)၊ မမီးမီးမိုး(ISY)၊ မောင်ဇော်လူထက်(ISY)၊ မောင်သန့်သီဟ(ISY)၊ မောင်အောင်ဘုန်းပြည့်(ISY)၊ မခင်ဝတီနှင်း(ISY)၊ မဝင့်ဝတီဖြိုး(ISY)၊ မောင်အောင်ဝင့်သူဖြိုး(ISY) တို့၏ ချစ်လှစွာသောအဖိုး ဦးမြတ်သင်းအောင်သည် ၁၂.၁.၂၀၂၂ (အင်္ဂါနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်)

ကျန်ရစ်သူမိသားစု

## ဒေါက်တာတင့်ဝေ (ဖြူး)

**ခရိုင်ဆရာဝန်(ငြိမ်း)**

### အသက် (၈၇) နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ ဈေးရုံ၊ ဗိုလ်တဲရပ်၊ ဇီဝကဆေးခန်းနေ ဆရာမ ဒေါ်အေးအေးသွင်(အထပြ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဖြူးမြို့နေ (ဦးချစ်ဖေ-ဒေါ်ကျင်ပိုး)တို့၏သား၊ မော်လမြိုင်မြို့နေ (ဦးထွန်းရင်-ဒေါ်အေးကြိုင်)တို့၏ သားသမက်၊ စစ်ကိုင်းမြို့နေ ကိုသိန်းနိုင်ဦး-မခိုင်တင့်ဝေ(ဆန်းသစ်ထွန်းအိမ်ဆောက်ပစ္စည်း)၊ စင်ကာပူနိုင်ငံနေ Capt:ဝဏ္ဏတင့်ဝေ-မေသဥ္ဇာဟန်၊ ကောလင်းမြို့နေ ကိုသူရတင့်ဝေ-မတင်တင်အုန်း(ဇီဝကဆေးဆိုင်)တို့၏ ကျေးဇူးရှင်ဖခင်၊ မခိုင်ဇင်သွယ်(1st Year, BTHM)၊ မပိုးဆွေဇင်သူတို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၁-၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၇:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၂၂ ရက်တွင် အင်ကြင်းကုန်းသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစောလွင်

**လ/ထညွှန်ကြားရေးမှူး (ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး**

### အသက် (၈၁) နှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ သစ်တောလမ်း၊ အမှတ်(၆၁)၊ စွန်မွန်ရပ်ကွက်နေ [ဒေါ်မြမြစိန်(မုဒုံ၊ အလယ်တန်းပြဆရာမ-ငြိမ်း)]၏ခင်ပွန်း၊ ဒေါက်တာစောကလျာ၊ ဦးမင်းရောထိုက်-ဒေါ်နုနုလှိုင်၊ ဦးမျိုးမြင့်လွင်-ဒေါ်စောမူယာ၊ (ဦးမင်းဇေယျာပိုက်)၊ ဦးအောင်စိုး-ဒေါ်စောနီတြာ၊ ဗိုလ်မှူးမင်းနေဇာပိုက်-ဒေါက်တာဇင်မာမြင့်အောင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၂-၁-၂၀၂၂ ရက် နံနက် ၈:၂၀ နာရီတွင် ကျိုင်းတုံပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ကျိုင်းတုံမြို့၊ ဟွေ့ဖျန်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြစိန်(IWTC)

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၀၀/၁၂) ၊ ဆိပ်ကမ်းသာလမ်းနေ (ဦးမြတ်ကျော်-စား/ဖျော်)၏ဇနီး၊ ဦးဝင်းမြတ်-ဒေါ်ယုယုလှိုင်၊ ဦးဇော်ထွန်းအောင်-ဒေါ်ဝါဝါမြတ်၊ ဦးထွန်းမြတ်တို့၏ချစ်လှစွာသောမိခင်ကြီး၊ (ကိုဘုန်းမြတ်လှိုင်)-မသဇင်ဘုန်းဇော်၊ ကိုကောင်းမြတ်လှိုင်- မအိမွန်ထူး၊ ဗိုလ်ကြီးဇော်မော်ဟိန်း-မမြတ်ယုဇနလှိုင်၊ ဒေါက်တာဟိန်းမြတ်ဇော်၊ မမြတ်သဇင်အောင်၊ မောင်ဘုန်းမြတ်နိုင်တို့၏ချစ်လှစွာသောအဘွား၊မြစ်သုံးယောက်တို့၏ဘွားဘွားဖြစ်သူရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ အမှတ် ၁၃/အေ၊ မြသီရိလမ်းသွယ်၊ အေဝမ်းလမ်းနေ ဒေါ်မြမြစိန် သည် ၁၂-၁-၂၀၂၂ရက် နံနက် ၁၁:၂၀နာရီတွင် ဇွဖ်ပါးရောဂါဝေဒနာတို့ဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို မိခင်ကြီး၏ ဆန္ဒအတိုင်း ၁၂-၁-၂၀၂၂ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာမီးသဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြမြစိန်

### အသက်(၈၅)နှစ်

စစ်တက္ကသိုလ်အမှတ်စဉ်(၂၆)မှ ဒုတိယဗိုလ်မှူးကြီးထွန်းမြတ်(ငြိမ်း) (ခ) ဘိုကြီး၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်မြမြစိန် အသက် (၈၅)နှစ်သည် ၁၂-၁-၂၀၂၂ ရက် နံနက် ၁၁:၂၀ နာရီတွင် ဇွဖ် ပါးသောရောဂါဝေဒနာတို့ဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၆)မှ**

**သူငယ်ချင်းများနှင့် မိသားစုဝင်များ**

**ရဟန်းဒါယိကာမကြီး**

## ဒေါ်ကျင်ရွှေ

### အသက် (၁၀၈) နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ ဗိုလ်လက်ျာလမ်း၊ အမှတ်(၄/၄၈)နေ (ဦးဝှက်လာ)၏ဇနီး၊ ဦးစိန်ဝင်း-ဒေါ်အေးကြည်(အေလာပွဲရုံ)၊ (ဦးစိန်မြင့်-ဒေါ်ကြူကြူ)၊ (ဦးဌေး)-ဒေါ်မြမြဝင်း၊ (ဒေါ်ခင်ခင်အေး)၊ ဦးတင်အေး-ဒေါ်ခင်မေကြူ၊ ဒေါ်နုနု၊ ဦးစိန်လှိုင်-ဒေါ်မိမိဆွေ၊ ဦးစိန်ဌေး-ဒေါ်လှလှ၊ ဦးအောင်ဝင်း-ဒေါ်မြမြမူတို့၏ အနန္တဂုဏ်အင်ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၂၅ ယောက်၊ မြစ် ၁၆ ယောက်၊ တီသုံးယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၁-၂၀၂၂ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၂၂(ဗုဒ္ဓဟူးနေ့)တွင် နေအိမ်မှ ကွေ့ကြီးသုသာန်၌ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁-၂၀၂၂ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးစံလွင် (ဗိုလ်မှူးကြီး-ငြိမ်း)

**D.S.A အပတ်စဉ် (၁)**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ မြန်မာစာအဖွဲ့ဦးစီးဌာန**

**မြန်မာစာအဖွဲ့ဝင် (ပညာရေးဝန်ကြီးဌာန)**

### အသက် (၈၂) နှစ်

ရွှေဂုံတိုင်ဆေးရုံတွင် ဆေးရုံစတင်ဖွင့်လှစ်ခဲ့သည့်အချိန်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာမဉ္ဇူမွေး၏ဖခင်၊ ဒေါက်တာခင်ယမင်းသိန်း(ခေတ္တ-Singapore)၏ချစ်လှစွာသောအဘိုး ဦးစံလွင် အသက် (၈၂) နှစ်သည် ၁၁-၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၅:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**BOD အဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**

**ရွှေဂုံတိုင်ဆေးရုံ**

အနိစ္စ

## သွေးသည်

## အသက်

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ကြည်

### အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အမှတ်(၃၃/B)၊ ပထမထပ်နေ (ဦးဘအောင်-ဒေါ်ဖွားတင်)တို့၏ သမီး၊ (ဦးစိုးရှိန်-ဒေါ်ပြုံးကြည်)တို့၏ညီမ၊ ဦးကျော်ညွှန့်-ဒေါ်ခေမာဝတီ(ခ)ဒေါ်ခင်လှမွန်၊ (ဦးမြင့်ဟန်)-ဒေါ်လှကြည်၊ ဦးတင်အုန်း-ဒေါ်မွန်မွန်စိုးတို့၏ အစ်မကြီး၊ (ဦးဝင်းမြင့်)၊ ဒေါက်တာဒေါ်သင်းသင်းလှိုင်၊ [ဦးကျော်သူရ(ခ)ဖိုးသူရ]၊ ဒေါ်ရွှေဝါလှိုင် (AGTI-Civil)၊ ဒေါ်စုစုလှိုင် (ဒုညွှန်မှူး၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၊ ဒေါ်အေးအေးလှိုင် (ခေတ္တ-ဂျပန်)တို့၏ ချစ်လှစွာသောမွေးသမိခင်ကြီး၊ မောင်ကောင်းမြတ်မိုး (အန်တီမို့စားသောက်ကုန်)-မဖူးပွင့်သင်း (စံတျာမေအထည်ချုပ်လုပ်ငန်း)၊ မအေးမို့မိုကျော်(ခ) Ekomi(ခေတ္တ-ဂျပန်)တို့၏ အဘွား၊ မောင်သူရလွင်မိုးသန့် (ခ) Woody ၏အဘွား ဒေါ်ခင်ကြည်သည် ၁၂-၁-၂၀၂၂ (အင်္ဂါနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေး ခေါ်ယူကျင်းပရန်မရှိကြောင်း သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**သတင်းထုတ်ပြန်ချက်အမှတ် (၁ / ၂၀၂၁)**

**၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်**
**(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)**

၁။ ဦးသောင်းအေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပျော်ဘွယ်မဲဆန္ဒနယ်၊ မန္တလေးတိုင်းဒေသကြီးအပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးတို့က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေး ခေါ်ယူကျင်းပပေးပါရန် ၁၁-၁-၂၀၂၁ ရက်စွဲပါစာဖြင့် တင်ပြတောင်းဆိုလွှာတင်သွင်းထားခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကထံမှ ဦးသောင်းအေးနှင့်အဖွဲ့ထံသို့ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၂-၁-၂၀၂၁ ရက်စွဲပါစာအမှတ်၊ ၂/၄/၁၀ (၅) /ပထစ -၂၀၂၁ ဖြင့် အောက်ပါအတိုင်း ပြန်ကြားထားပါသည်-

"ဦးသောင်းအေးအပါအဝင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၃ ဦး၊ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၆၀ ဦး၊ ပေါင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးတို့က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၄ နှင့်ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၇ တို့ကို ရည်ညွှန်း၍ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးခေါ်ယူပေးရန် ၁၁-၁-၂၀၂၁ ရက်စွဲပါစာဖြင့် တင်ပြတောင်းဆိုထားပါသည်။

ပြည်ထောင်စုလွှတ်တော်အထူး၊ အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပရေးနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၁၊ ၈၂၊ ၈၃နှင့် ၈၄ တို့တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

"၈၁။ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့် ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(ခ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလမဟုတ်လျှင် အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(ဂ) အများပြည်သူအကျိုးငှာ အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

၈၂။ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော်နာယကက ခေါ်ယူကျင်းပနိုင်သည်။

၈၃။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူကျင်းပရမည်။

၈၄။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပပေးရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံးလေးပုံတစ်ပုံက တောင်းဆိုလျှင် ပြည်ထောင်စုလွှတ်တော်နာယကက အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပရမည်။"

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၃ နှင့် ၈၄ ပါ ပြဋ္ဌာန်းချက်များအရ အထူး၊ အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပပေးရန် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အနည်းဆုံးလေးပုံတစ်ပုံက တောင်းဆိုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၁ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရန်မှာ အဓိကလိုအပ်ချက်ဖြစ်ပါသည်။

တင်ပြစာပါအထူးအစည်းအဝေးအတွက် အဓိကအကြောင်းပြချက်ကို စိစစ်ရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲဆိုင်ရာ တိုင်ကြား၊ ကန့်ကွက်မှုများအတွက် ပြည်သူ့ကိုယ်စားလှယ်များနှင့် စုပေါင်းတိုင်ပင်အဖြေရှာ ဆုံးဖြတ်နိုင်ရန်ဟု တွေ့ရှိရပြီး လက်ရှိလွှတ်တော်သက်တမ်းကို မှန်ကန်စွာ အဆုံးသတ်ပိတ်သိမ်း၍ သက်တမ်းအသစ်တစ်ခုကို ဥပဒေနှင့်အညီ ညင်သာချောမွေ့စွာ ကူးပြောင်းနိုင်ရန်လည်း တင်ပြထားပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

## ခေတ်မီအဆင့်မြင့် the Hangar ဈေးရုံသစ် ဇန်နဝါရီ ၂၃ ရက်တွင် ဖွင့်လှစ်မည်

**သန်လျင် ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံ၌ ပထမဦးဆုံး Wet Market (သား၊ ငါး၊ ကုန်စိမ်း၊ ကုန်ခြောက် ဈေးရုံကြီး)နှင့် စားသောက်ဆိုင်တန်းများ ယှဉ်တွဲဆောက်လုပ်ထားသော ခေတ်မီအဆင့်မြင့် the Hangar ဈေးရုံသစ်တည်ဆောက်ရေးစီမံကိန်းကို ရန်ကုန်မြို့ သန်လျင်မြို့နယ်ရှိ Star City အိမ်ရာဝင်းအတွင်း တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး ဇန်နဝါရီ ၂၃ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဈေးရုံသစ်စီမံခန့်ခွဲသူ ဦးမြင့်လွင်ထံမှ သိရသည်။

MITT၊ Star City အတွင်းရှိ the Hangar ဈေးရုံသစ် တည်ဆောက်ရေးစီမံကိန်းမှာ သီလဝါအထူးစီးပွားရေးဇုန်နှင့် ရန်ကုန်မြို့တို့ကို လွယ်ကူစွာသွားလာနိုင်သောလမ်းကြောင်းပေါ်၌တည်ရှိပြီး သန့်ရှင်းလတ်ဆတ်သော ပြည်တွင်းထွက်ကုန်ပစ္စည်းပေါင်းများစွာကို တစ်နေရာတည်း၌ စုံလင်စွာရရှိနိုင်စေရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ○



## ကြေးမုံ ယနေ့ ဖတ်စရာ


**၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဆိုသူများ၏ အမှတ်စာရင်းကို Website တွင် အခမဲ့ကြည့်ရှုနိုင်မည့် အစီအစဉ် အသိပေးကြေညာခြင်း**
စာမျက်နှာ » ၄

- - - - - - - - - - - -

**မိမိကုန်စည်များကို ကိုယ်ပိုင်အမှတ်တံဆိပ်မှတ်ပုံတင်၍ ဈေးကွက်တင်ပို့ကြပါစို့**
ဆောင်းပါး စာမျက်နှာ » ၆

- - - - - - - - - - - -

**ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ၊ တစ်သက်တာစာပေဆုကို စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ်(မကြွယ်ကြွယ်)ရရှိ**
စာမျက်နှာ » ၉

- - - - - - - - - - - -

**ဇန်နဝါရီ ၁၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၅၅၁ ဦး တွေ့ရှိ**
စာမျက်နှာ » ၁၅


## အက်ဖ်အေဖလားပြိုင်ပွဲရဲ့ စတုတ္ထအဆင့်တွင် မန်ယူအသင်းနဲ့ လီဗာပူးအသင်းတို့ ထိပ်တိုက်တွေ့ဆုံ

အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်တွေကို မဲခွဲဆုံးဖြတ်ပြီးချိန်မှာ မန်ယူအသင်းဟာ ပရီမီယာလိဂ်လက်ရှိချန်ပီယံ လီဗာပူးအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေပြီး အဲဒီပွဲစဉ်မှာ နည်းပြဆိုးရှားနဲ့ နည်းပြကလော့တို့ ရဲ့ နိုင်ပွဲရရှိရေး နည်းဗျူဟာတွေကို မြင်တွေ့သွားရဖို့ရှိနေတာဖြစ်ပါတယ်။

မန်ယူအသင်းဟာ အက်ဖ်အေဖလားကို (၁၂)ကြိမ်အထိ ရယူဆွတ်ခူးထားတဲ့အသင်းဖြစ်ပြီး လီဗာပူးအသင်းကတော့ ခုနစ်ကြိမ်အထိ အက်ဖ်အေဖလားကို ရယူထားနိုင်ခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။ အာဆင်နယ်အသင်းကတော့ ဆောက်သမ်တန်အသင်း သို့မဟုတ် ရှရူစဘူရီအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အာဆင်နယ်အသင်းဟာ အက်ဖ်အေဖလားကို (၁၄)ကြိမ်အထိရရှိခဲ့ကာ အက်ဖ်အေဖလား အများဆုံးရရှိထားတဲ့အသင်းအဖြစ်လည်း မှတ်တမ်းဝင်ထားတာဖြစ်ပါတယ်။

လိဂ်တူးကလပ် ချာလ်တန်ဟန်တောင်းအသင်းဟာ အက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲစဉ်မှာ နည်းပြဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းကို အိမ်ရှင်အဖြစ် ဧည့်ခံကစားရမှာဖြစ်ပြီး ပရီမီယာလိဂ်ကလပ် ဝုလ်ဗာဟမ်တန်အသင်းကတော့ ချော်လေအသင်းရဲ့အိမ်ကွင်းကို သွားရောက်ကစားရမှာလည်း ဖြစ်ပါတယ်။

အက်ဖ်အေဖလားစတုတ္ထအဆင့် ပွဲစဉ်တွေကို ဇန်နဝါရီ ၂၃ ရက်နဲ့ ၂၄ ရက်တို့မှာ ကျင်းပသွားမှာဖြစ်ပြီး နည်းပြမော်ရင်ဟိုရဲ့ စပါးအသင်းကတော့ ဝိုင်ကွန်ဘီအသင်းနဲ့လည်းကောင်း၊ ဖူလ်ဟမ်အသင်းဟာ ဘန်လေအသင်းနဲ့လည်းကောင်း ယှဉ်ပြိုင်ကစားသွားရမှာ ဖြစ်ပါတယ်။

အခြားသော အက်ဖ်အေဖလားစတုတ္ထအဆင့် ပွဲစဉ်တွေအဖြစ် ဘုန်းမောက်အသင်းနဲ့ ခရောလေးတောင်းအသင်း၊ ဆွမ်ဆီးအသင်းနဲ့ နော့တင်ဟမ်ဖောရက်စ်အသင်း၊ ဘန်စလေအသင်းနဲ့ နော့ဝှစ်ချ်အသင်း၊ မီဝေါ်အသင်းနဲ့ ဘရစ္စတိုးစီးတီးအသင်း၊ ရှက်ဖီးလ်ယူနိုက်တက်အသင်းနဲ့ ပလိုင်းမောက်အသင်း၊ ချယ်လ်ဆီးအသင်းနဲ့ လူတန်အသင်း၊ ဝက်စ်ဟမ်းအသင်းနဲ့ ဒွန်ကတ်စတာအသင်း၊ ဘရန်းဖို့ဒ်အသင်းနဲ့ လက်စတာစီးတီးအသင်း၊ အဲဗာတန်အသင်းနဲ့ ရှက်ဖီးလ်ဝက်နက်စ်ဒေးအသင်း စတဲ့အသင်းတွေဟာ အသီးသီးထိပ်တိုက်တွေ့ဆုံနေတာ ဖြစ်ပါတယ်။ ငွေကြွယ်

